

ရန်အောင်

# တမာရနံ့တွေ သင်းနေတဲ့ မြို့

နှင့်

## အတွေး အမြင် ရသ ဆောင်းပါး များ

**ကိုသောင်း** (ပညာရေး)

ကိုသောင်း(ပညာရေး)

၏

# တစ်ရာရှန့်တွေသင်းနေတဲ့မြို့နှင့် အတွေးအမြင်ရသဆောင်းပါးများ

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ ဧပြီ ၂၀၁၉
အုပ်ရေ ၅၀၀

■

**အတွင်းနှင့်အဖုံးပုံနှိပ်သူ**
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက်(၀၀၄၂၀)
၁၈၁၊ လမ်း ၅၀၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**
ဦးလှတိုး (၀၀၂၅၀)၊ ရန်အောင်စာပေ တိုက် ၁၇၊ အခန်း ၂၃၊
ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

■

**မျက်နှာဖုံးဒီဇိုင်း** - နေလင်းထွန်း

■

**ကွန်ပျူတာစာစီ** - နေလင်း

■

**တန်ဖိုး** - ၁၅၀၀ ကျပ်

ထုတ်ဝေသည့် ကက်သလောက်အညွှန်း (CIP)

| | |
|---|---|
| ကိုသောင်း(ပညာရေး) | ၈၀၈.၈၄ |
| တမာရနံ့တွေသင်းနေတဲ့မြို့နှင့်အတွေးအမြင်ရသဆောင်းပါးများ/ | |
| ကိုသောင်း(ပညာရေး)-ရန်ကုန်။ ရန်အောင်စာပေ-၂၀၁၉ | |
| ၁၂၇ - စာ၊ ၁၂.၅ × ၁၈.၅ စင်တီ | |
| (၁) တမာရနံ့တွေသင်းနေတဲ့မြို့နှင့်အတွေးအမြင်ရသဆောင်းပါးများ | |

# မာတိကာ


| | | |
|---|---|---|
| * | စာရေးသူ၏အမှာစကား | |
| ၁။ | ဖျာခင်းမည့်သူများကို တားဆီးပေးကြပါဦး | ၁ |
| ၂။ | အသက်ရယ်တဲ့ရှည်စေလို | ၄ |
| ၃။ | အပေါင်ဆိုင် | ၁၂ |
| ၄။ | ပယင်းရောင်ယဉ်ကျေးမှု | ၁၇ |
| ၅။ | ကိုသောင်းလည်းရှက်မိပါသည် | ၂၃ |
| ၆။ | အမှိုက်ဒုက္ခ | ၂၈ |
| ၇။ | အမျိုးအဆွေ | ၃၃ |
| ၈။ | ဟန်းဖုန်းယဉ်ကျေးမှု | ၃၈ |
| ၉။ | မြူးကြွသည့်ဂီတသံ၊ နူးညံ့ညင်သာသောခံစားမှုနှင့် မှုန်ပျပျညများ | ၄၅ |
| ၁၀။ | မှန်ဆိုသည်မှာ | ၅၁ |
| ၁၁။ | တမာရန့်တွေ သင်းနေတဲ့မြို့ | ၅၆ |
| ၁၂။ | စံပယ်ပန်းကုသိုလ်နှင့် စိန်တစ်လုံးအကုသိုလ် | ၆၂ |
| ၁၃။ | နှီးစက် | ၆၇ |
| ၁၄။ | သန့်စင်ခန်းယဉ်ကျေးမှု | ၇၀ |
| ၁၅။ | သေမင်းနဲ့ရင်ဆိုင် ယှဉ်ပြိုင်ရင်နိုင်မယ်တဲ့လား | ၇၇ |
| ၁၆။ | ကထိန်အလှူခံ၊ အဆိုအကနဲ့ ဂီတသံ နားဝင်ပီယံဖြစ်ပါရဲ့လား | ၈၂ |

၁၇။ သီလပျက်သူ ၈၆
၁၈။ ရပ်ကွက်ထဲမှာ ဒီမိုကရေစီ ၉၀
၁၉။ ရထားပေါ်က ဒီမိုကရေစီ ၉၄
၂၀။ တိုက်ပုံ ၉၈
၂၁။ လည်ကတုံးအင်္ကျီ ၁၀၃
၂၂။ ရင်ထဲကလူရည်ချွန် ၁၀၇
၂၃။ လမ်းပေါ်က အနီးဆုံးရန်သူ ၁၁၃
၂၄။ အရိပ်မဲ့ပြည်သူ ဘယ်သူလာကူလို့ မိုးပေးပါ့မယ် ၁၁၇
၂၅။ ကျွန်မကမ္ဘာလတန်းပြ ဆရာမပါမောင် ၁၂၂

# စာရေးသူ၏အမှာစာ

ကိုယ့်စာအုပ်ကို ကိုယ်ကိုယ်တိုင် အမှာစာ ရေးရတာကတော့ သဘာဝကျတယ်လို့ မထင်မိပါ။

ကျွန်တော့် စာပေအပေါင်းအသင်း မိတ်ဆွေတွေက ကျွန်တော်ကို စာရေးဆရာလို့သာ သမုတ်နေကြတာ။ တကယ်တော့ ကျွန်တော်က ဘာ စာရေးဆရာမှမဟုတ်။ စာရေးသူတစ်ယောက်သာ ဖြစ်နေသေးတယ်လို့ ခံယူထားတာ။ နို့ပေတဲ့ ဝါသနာအရ စာပေနယ်ထဲကို ခြေချခဲ့တာ ၁၀စုနှစ် တစ်စုနီးပါး ရှိရောပေါ့။ ဆိုရရင် ကိုယ်ရေးထားတဲ့ စာတိုပေစ လေးတွေလည်း အတော်အတန်တော့ စုမိဆောင်းမိနေပြီလေ။

စာပေစကားဝိုင်းတွေမှာ မကြာခဏဆုံရင်း ရန်အောင်စာပေက စာရေးဆရာ လှတိုး(စိတ်ပညာ)နဲ့ ခင်တာကြာပါပြီ။ လွန်ခဲ့တဲ့နှစ်တွေ ကတည်းက စကားစပ်မိရင်း ကျွန်တော့် ဆောင်းပါးတွေကို စာအုပ် ထုတ်ဖို့ သူက အကြံပေးလာတယ်။ ကျွန်တော့်ဘဝမှာ ကိုယ့်စာမူတွေကို စာအုပ်ထုတ်ရမယ်လို့ တစ်သက်နဲ့တစ်ကိုယ် အိပ်မက် မမက်ခဲ့ဖူးပါ။ အခုတော့ ဆောင်းပါးပေါင်းချုပ်စာအုပ်လေး ထုတ်ဖြစ်ပါပြီ။

ဆိုတော့ကာ . . . . ကျွန်တော်က အညာသားစစ်စစ်။ ရေမရော ဘူး။ ကျွန်တော့်ဇာတိမြေဖြစ်တဲ့ မိတ္ထီလာမြို့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပန်းချီကား တစ်ချပ်အဖြစ် ဆေးရောင်စုံခြယ်သရင်း "တမာရနံ့တွေ သင်းနေတဲ့မြို့"အဖြစ် ရုပ်လုံးကြွအောင် ထုဆစ်ရေးသားခဲ့ပါတယ်။ ရေးဟန်တွေက အညာဆန်နေပေမယ့် စာဖတ်သူတွေရဲ့ရင်ထဲ ညင်ညင် သာသာနဲ့ တိုးဝင်သွားလိမ့်မယ်လို့ အထင်ရောက်မိတယ်။

ဒါတင်ကရိုးလား။ ကျွန်တော်က မြေလတ်ဒေသ အညာသား စစ်စစ် တစ်ယောက်ဆိုတော့ မြန်မာအမျိုးသားတွေရဲ့ ဘယ်တော့မှ မရိုးနိုင်တဲ့ ရိုးရာဝတ်စုံကို မြတ်နိုးမိတာပေါ့။ သဟာကြောင့်လည်း ကိုယ့်ရင်ထဲက အတွေးပါးပါးလေးကို လက်ရှိခေတ်နဲ့ယှဉ်ပြီး လှစ်ဟပြချင်တာနဲ့ "လည်ကတုံးအင်္ကျီ"နဲ့ "တိုက်ပုံ"ဆိုတဲ့ ဆောင်းပါးတွေ ရေးဖြစ်ခဲ့တယ်။

ကျွန်တော်တို့ နိုင်ငံဟာ လွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၇၀ကျော် ကြာခဲ့ပါပြီ။ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံလို့ ပြောနေကြပေမယ့် ပြည်သူအများစုက ဆင်းရဲတွင်းထဲမှာ နစ်နေကြတုံး။ မှောင်လွန်းတဲ့ ညတွေကို စမ်းတဝါးဝါး ကျော်ဖြတ်ရင်း ရပ်ထဲ၊ ရွာထဲ၊ ဘဝထဲက သာမန်ပြည်သူတွေရဲ့ အဖြစ်အပျက် ကောက်ကြောင်းတွေကို "အပေါင်ဆိုင်"နဲ့ "နှီးစက်" စာစုတွေမှာ ခံစားရမှာပါ။

ကျွန်တော်တို့ နိုင်ငံမှာ ဒီမိုကရေစီစနစ်ကို ပြောင်းလဲထူထောင်ခဲ့တာ ရှစ်နှစ်လောက် ရှိခဲ့ပါပြီ။ သို့ပေမယ့် ပြည်သူတော်တော်များများရဲ့ စိတ်ဓာတ်တွေက ဒီမိုကရေစီစိတ်ထားဘက်ကို ခြေဦးမလှည့်နိုင်ကြသေးဘဲ ပိုနေမြဲ ကျားနေမြဲအတိုင်း စာနာစိတ်ကင်းမဲ့ကာ အတ္တစိတ်တွေ ပွားစီးနေကြတာမို့ မြင်တာ၊ တွေ့တာ၊ ကြားတာတွေကို ပုံရိပ်ဖမ်းပြီး "ဖျာခင်းမည့်သူများကို တားဆီးပေးကြပါဦး"၊ "အမျိုးအဆွေ"၊ "စံပယ်ပန်းကုသိုလ်နဲ့ စိန်တစ်လုံးအကုသိုလ်"၊ "သီလပျက်သူ"၊ "ရပ်ကွက်ထဲမှာ ဒီမိုကရေစီ" နဲ့ "ရထားပေါ်ကဒီမိုကရေစီ" စတဲ့ ဆောင်းပါးတွေနဲ့ မသိမသာ ပညာပေးထားပါတယ်။ သက်ဆိုင်သူတွေကတော့ ကျွန်တော့်ကို အမြင်ကတ်ခြင်းလက်ဆောင်တွေပေးကြမှာ မြင်ယောင်မိသေး။

ဒါ့အပြင် ကျွန်တော် ကျင်လည်ရာဘဝထဲက စရိုက်အထွေထွေကို ပါးပါးလျားလျား ခံစားစေချင်ပြီး ဆင်ခြင်နိုင်ဖို့ ကျန်ဆောင်းပါးတွေက ထောက်ကန်ထားတာပေါ့။

နော့ဖြင့် . . . . ကျွန်တော့်ဆောင်းပါး ၂၅ပုဒ်စလုံးဟာ ရိုးသားမှု ရှိတာ အမှန်ပါ။ တကယ့်ဖြစ်ရပ်တွေအပေါ် အခြေခံထားကြောင်း ဝန်ခံပါရစေ။ လောကမှာ အကောင်းဆုံးဆိုတဲ့ စကားရှိပါတယ်။ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားခွင့် မရသေးပါ။ ကြိုးစားခွင့်ရအောင် ရှန်းကန်တည်ဆောက်ဆဲ မျှော်လင့်ဆဲပါ။

နော့ဖြင့် . . . . တစ်ချိန်ချိန်မှာ အောင်လအန်ဆန်းလို နာမည်ကျော် ကမ္ဘာ့ချန်ပီယံကြီးမဖြစ်ရင်တောင် မြန်မာ့စာပေအနုပညာကြိုးဝိုင်းထဲမှာ စာပေအမ်အမ်အေ ကစားသမားကောင်းတစ်ယောက် ဖြစ်အောင်တော့ အချိန်ယူပြီး အားခဲရဦးမှာပေါ့။

ကိုသောင်း(ပညာရေး)
၂·၄·၂၀၁၉

# ဖျာခင်းမည့်သူများကို တားဆီးပေးကြပါဦး

စာရေးသူသည် နေ့စဉ်ထုတ်သတင်းစာ တစ်စောင်ကို ဖတ်ရှုရာမှ သင်္ကြန်ကာလအကြို ရုံးပိတ်ရက်များတွင် နေရပ်ဒေသသို့ ပြန်မည့်သူများ အတွက်လည်းကောင်း၊ ခရီးထွက်မည့်သူများအတွက်လည်းကောင်း ရင်မောမွန်းကြပ်စေမည့် သတင်းတစ်ပုဒ်ကို ဖတ်ရှုလိုက်ရသည်။ အဆို သတင်းသည် အထူးအဆန်းတော့ မဟုတ်ပါချေ။ နှစ်စဉ်လိုလိုကြားနေကျ ဖြစ်နေကျလုပ်နေကျဖြစ်စဉ်တစ်ခု ဖြစ်သည်။ ရန်ကုန်မှ နယ်မြို့များသို့ ခရီးသည်များကို သယ်ယူပို့ဆောင်နေသည့် အဝေးပြေးမော်တော်ယာဉ် လိုင်း(အဖွဲ့)များက သင်္ကြန်အကြိုရုံးပိတ်ရက်များတွင် မော်တော်ယာဉ် စီးခနှုန်းထားများကို ယခင်သတ်မှတ် ဈေးနှုန်းများထက် ပိုမို၍ပြောင် ပြောင်တင်းတင်း ရောင်းချနေခြင်းပင်ဖြစ်သည်။

တစ်နည်းအားဖြင့် အဝေးပြေးယာဉ်လိုင်းများက သင်္ကြန်ပိတ်ရက် ကို အခွင့်ကောင်းယူကာ *စီးပွားရေးအရ အမြတ်ထုတ်ခြင်း* သို့မဟုတ် မိဘပြည်သူများ၏ ချွေးနဲ့စာကို ဂုတ်သွေးစုတ်ခြင်းပင်ဖြစ်သည်။ ပွဲလန့် တုန်းဖျာခင်းသည်ဟု ဆိုရမလိုပင်ဖြစ်သည်။ မြန်မာပြည်၏ သန်း ၅၀ ကျော်သော လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် သာမန်လူတန်းစားများသာ ဖြစ်သည်။ ၎င်းလူတန်းစားများတွင် စာရေးသူလည်း ပါဝင်သည်။ ဘဝ ရပ်တည်ရေးအတွက် လူဦးရေတော်တော်များများက မိမိတို့၏ ဇာတိ ရပ်ရွာကိုစွန့်ပြီး တစ်နယ်တစ်ကျေးတွင် ဝမ်းစာရေးအတွက် ရှာဖွေနေရ

သည်ချည်းဖြစ်သည်။ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဟူသော ဆိုရိုးစကားကို အများဆုံးလိုက်နာနေကြရသည်။

ယခုအခါ မိမိဇာတိမြို့ရွာများတွင် စားဝတ်နေရေးကြပ်တည်းလာသဖြင့် ဒေသအသီးသီးသို့ထွက်ခွာ သွားလာနေကြသူများလည်းရှိသည်။ ဓားမဦးချ လုပ်ကိုင်စားသောက်၍နေကြရသော လယ်ယာမြေများ သိမ်းဆည်းခံရ၍သော်လည်းကောင်း၊ မိရိုးဖလာလုပ်ကိုင်စားသောက်နေသော ထန်းတောများဖြိုဖျက်ခံရ၍သော်လည်းကောင်း ဘဝရပ်တည်ရာခက်ခဲသဖြင့် ရန်ကုန်-မန္တလေး စသည့် မြို့ကြီးများသို့ သွားရောက်ပြီး ကြုံရာကျဘမ်း အလုပ်ဖြင့် အသက်မွေးကြသူ ဒုနဲ့ဒေးရှိကြသည်။ သူတို့သည် အတူနေ မိသားစုများကို ဒေသတစ်နေရာတွင် ထားရစ်ခဲ့ကာ မမောနိုင် မပန်းနိုင် မလွမ်းနိုင်ဘဲ ရသမျှဝင်ငွေကို ကုပ်ကပ်စုဆောင်းနေကြသူများလည်းဖြစ်သည်။ ပမာဆိုရသော် သူတို့သည် ကာယအားဖြင့် ဘဝကို ထုဆစ်ပုံဖော်နေကြသူများ ဖြစ်သည်။

အလားတူ စားဝတ်နေရေး၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ဉာဏအားဖြင့် အသက်မွေးသူတို့ကလည်း သင့်တင့်လျှောက်ပတ်သော ဝင်ငွေရရှိနိုင်မည့် ဒေသအသီးသီး၊ မြို့အသီးသီးတို့သို့ သွားရောက်ကာ တာဝန်ထမ်းဆောင်ကြရသည်။ အစိုးရဝန်ထမ်းအဖြစ်တစ်မျိုး၊ ကုမ္ပဏီဝန်ထမ်းအဖြစ်တစ်သွယ်၊ အသင်းအဖွဲ့လုပ်ငန်း၌တစ်ဖုံ အလုပ်ရောင်စုံအမျိုးမျိုးဖြင့် လှုပ်ရှားလုံးပမ်းနေကြရသည်။ သို့သော် မိသားစုအတွက်ဖြစ်စေ၊ မိမိအတွက်ဖြစ်စေ၊ ရိုးသားစွာ ရှာဖွေရပ်တည်နေကြရသည်မှာ မသက်သာမလွယ်ကူလှပေ။ သာမန်လူတန်းစားများအဖို့ ငွေတွင်းနက်သည်ကို ဆိုလိုခြင်းဖြစ်သည်။

ပသို့ဆိုစေ အသီးသီးသောသူများက မိမိတို့ရရှိသော တစ်နှစ်တာစုဆောင်းငွေများဖြင့် မြန်မာတို့၏ နှစ်ဦးကာလသင်္ကြန်ပိတ်ရက်များတွင် ဘဝအမောများကို ပြေပျောက်စေရန်အလို့ငှာ ဇာတိရပ်ရွာသို့ပြန်ခြင်း၊ မိသားစုရှိရာအရပ်သို့ပြန်ခြင်း၊ ဘုရားဖူးထွက်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်းစသည်များကို ဆောင်ရွက်လေ့ရှိကြသည်မှာ မြန်မာလူမျိုးတိုင်းအသိပင်ဖြစ်သည်။ ရောက်ရှိရာအရပ်တွင်လည်း အလှူဒါန ပြုလုပ်ခြင်း၊ ကုသိုလ်ပါဝင်လှူဒါန်းခြင်းများကိုလည်း ထပ်မံဖြည့်စွက်ပြုလုပ်ကြသည်

မှာ ဗုဒ္ဓဘာသာမြန်မာများ၏ ချစ်စရာဓလေ့ပင် ဖြစ်သည်။

စာရေးသူအပါအဝင် လူတန်းစားအသီးသီးတို့သည် တစ်နှစ်တာ ကာလခြိုးခြံချွေတာပြီး မသုံးရက် မဖြုန်းရက်သိမ်းဆည်းထားသော သမ္မာ အာဇီဝငွေများကို အကျိုးရှိရှိ သုံးလိုသည်။ ထိုက်သင့်သော တန်ဖိုးဖြင့် ပေးရသောသုံးစွဲမှုမျိုးကိုသာ အကုန်အကျခံလိုသည်။ မတရားသဖြင့် ပေးကမ်းပြီးလုပ်ရမည့်အလုပ်မျိုးကို မည်သူမျှ မလုပ်ချင်ပါ။ နှစ်သက် ခြင်းမရှိသလို စေတနာလည်း မဲ့တတ်ပါသည်။ ယခုအချိန်တွင် သင်္ကြန် ကာလ နီးကပ်လာသည်နှင့်အမျှ ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးအသီး သီးက အဝေးပြေးမော်တော်ယာဉ်များက အဝေးပြေးကွင်းဝင်းသို့ ဝင်လာ မည့် ခရီးသွားလုပ်သားပြည်သူများကို အမဲဖျက်ရန် စောင့်စားနေကြ သည်။ ခရီးသွားများပြားမှုကိုအကြောင်းပြု၍ ကိုယ်ချင်းမစာမညှာမတာ အခွင့်အရေးယူချင်နေကြသည်။ အမှန်တော့ မော်တော်ယာဉ်အသင်း များသည် စီးပွားရေးလုပ်သည်ဆိုသော်လည်း ကိုယ်ချင်းစာတရားရှေ့ ထား၍ စီးပွားရှာစေလိုသည်။ မှန်ကန်သော ယာဉ်စီးခနှုန်းထားများ ကောက်ခံခြင်းသည် ခရီးသွားမိဘပြည်သူများကို တစ်ဘက်တစ်လမ်းမှ စိတ်ချမ်းသာစေဖို့ ကူညီရာရောက်စေသည်။ တစ်နည်းအားဖြင့် ခရီး သွားမိဘပြည်သူများကို မကုန်သင့်တာ မကုန်ရအောင် ချွေတာစေကာ ကိုယ့်မိသားစုလို သဘောထားခြင်းဖြင့် ၎င်းတို့၏ ဘဝအမောများကို လျှော့ချပေးရာလည်း ရောက်ပါသည်။

ထို့အပြင် ယခုလက်ရှိ နိုင်ငံတော်ကို အုပ်ချုပ်သောစနစ်သည် ပြည်သူလူထု၏ စိတ်ချမ်းသာ ကိုယ်ချမ်းသာမှုကို ရှေးရှုသော ပြည်သူ့ ဗဟိုပြုစံနစ်ဟု တွင်တွင်ကြီး ကြားနေသိနေရသည်။ မြန်မာလူမျိုးတို့၏ အလေးအနက်ထားရာ နှစ်သက်ကူးသင်္ကြန်မတိုင်မီ အကြိုရက်၌ ခရီး သွားမည့်သူများ အားလုံးအား မပူမပင်မကြောင့်မကျ စိတ်ချမ်းသာစွာ ခရီးသွားလာနိုင်ရေးအတွက် ပွဲလန့်တုန်းဖျာခင်းမည့် မော်တော်ယာဉ် လိုင်းများကို တာဝန်ရှိသူများက အချိန်မီတားဆီးပေးနိုင်ကြပါရန် အလေး အနက်ထား တိုက်တွန်းလိုက်ရပါသည်။

***(၈. ၄. ၂၀၁၄) စံတော်ချိန်သတင်းစာ***

# အသက်ရယ်တဲ့ရှည်စေလို့

ယနေ့တစ်ကမ္ဘာလုံးတွင် ဆေးရွက်ကြီးတားဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် တိုက်ဖျက်နေကြသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ဆေးရွက်ကြီးကို အရင်းခံ၍ ဖြစ်ပေါ်လာသော ဆေးပေ့ါလိပ်၊ စီးကရက်၊ ဆေးပြင်းလိပ်၊ ငုံဆေးနှင့် ဆေးတံသောက်ဆေး စသည်တို့သည် သောက်သုံးသူများအဖို့ ယစ်မူးစေသည်သာမက လူ၏အသက်ကို ခပ်တိုတို ဖြစ်စေနိုင်သည်အထိ ဆိုးကျိုးများဖြစ်နိုင်သည်ကိုလည်း သိကြပါသည်။

ဆေးရွက်ကြီး သုံးစွဲမှုလျှော့ချရေးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ပညာပေးလှုပ်ရှားမှုများ၊ စာပေသတင်းဆောင်းပါးစသည်တို့ကိုလည်း မီဒီယာပေါင်းစုံမှ ဖော်ပြစည်းရုံးလျက်ရှိသည်။

ဤသို့ ဘက်ပေါင်းစုံမှ အမျိုးမျိုးသောနည်းလမ်းများဖြင့် အသိပညာပေးသည့်ကိစ္စများ ဆောင်ရွက်နေသော်လည်း ဆေးရွက်ကြီးသုံးစွဲမှုနှုန်းသည် လျော့ကျသွားခြင်းမရှိဟူ၍ စာရေးသူက ထင်ပါသည်။

စာရေးသူတို့၏လူ့ပတ်ဝန်းကျင် နယ်ပယ်အသီးသီးတွင် စီးကရက် (သို့မဟုတ်) ဆေးလိပ်သောက်သုံးသူများက မြန်နှုန်းမြင့်အရှိန်ဖြင့် အချိန်နှင့်အမျှ တိုးလာနေသည်။

အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသော အဆိုအတိုင်း ဆေးလိပ်သောက်ခြင်းကို စည်းကမ်းချက်တစ်ရပ်အဖြစ် အခြေခံပညာနယ်ပယ်မှ အုတ်မြစ်ချတားမြစ်ခဲ့သည်။ လူထုအတွင်း ဆေးရွက်

ကြီး သုံးစွဲနှုန်းကို လျှော့ကျစေရန် အခြေခံပညာကျောင်းများမှ အစပြု၍ ပညာပေး ဆောင်ရွက်ခဲ့သည်။ ဆေးရွက်ကြီးသုံးစွဲမှု လျှော့ချရေး၊ အသိပညာပြန့်ပွားရေးကို လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် မူလတန်းကျောင်းများကို စတင်အခြေပြုခဲ့သည်။

စာသင်ကျောင်းများတွင် ဆေးရွက်ကြီး ကင်းမဲ့ဇုန် (Tabocco Free Zone) များအဖြစ် သတ်မှတ်ခဲ့သည်။ အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့် ကျောင်းသားလူငယ်များအား ဆေးလိပ်သောက်ခြင်းကို အစမပြုစေရေးအတွက် ပြင်းပြင်းထန်ထန် ကြပ်မတ်ကွပ်ကဲခဲ့ကြသည်။

စာသင်ကျောင်းနှင့်နီးသော ပတ်ဝန်းကျင်အတွင်း ဆေးလိပ်ရောင်းချခြင်းကို ခွင့်မပြုခဲ့ပေ။ သို့သော် အချို့သော စီးပွားရေးသမားများက မိမိတို့အမြတ်ရရှိရေးကိုသာ ရှေ့ရှုလျက် ကျောင်းသားလူငယ်ထုအတွင်း ဆေးလိပ်၊ စီးကရက်များကို ခိုးကြောင်ခိုးဝှက်ရောင်းချခဲ့ကြသည်။

ယခုအခါတွင် အချို့သော အလယ်တန်းကျောင်းသားများကပင် ဆေးလိပ်ကို ကောင်းကောင်း သောက်တတ်နေကြပြီဖြစ်သည်။

မှတ်မှတ်ရရ စာရေးသူတို့ ငယ်စဉ် လွန်ခဲ့သော အနှစ် ၄၀ ခန့်က ကမ္ဘာ့ကုလသမဂ္ဂမှ ဆေးလိပ်နှင့်ပတ်သက်ပြီး တားမြစ်သည့် ဆောင်ပုဒ်တစ်ခုထုတ်ပြန်ခဲ့ပါသည်။ "Smoking or Health, Choice of yours" ဖြစ်ပါသည်။

ဆေးလိပ်နှင့် ကျန်းမာရေး သင်ကြိုက်ရာရွေးဟူ၍ ဖြစ်သည်။ ဆေးလိပ်နှင့်စပ်လျဉ်း၍ မည်သို့ပင် တားမြစ်စေကာမူ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်သုံးသူဦးရေသည် အဆပေါင်းများစွာ တိုးပွားလျက်ရှိနေသည်။

"မူးယစ်ဆေးဝါးအစ ဆေးလိပ်က" ဟူသော တားမြစ်သည့် အသိပညာပေးဆောင်ပုဒ်များကို နေရာတိုင်းတွင် ချိတ်ဆွဲလာရသည်အထိ ဖြစ်လာခဲ့သည်။

ဆေးပေါ့လိပ်တံဆိပ်မျိုးစုံ၊ စီးကရက်တံဆိပ်မျိုးစုံတို့ကလည်း တရားဝင်လမ်းကြောင်းကတစ်မျိုး၊ တရားမဝင်လမ်းသွယ်ကတစ်ဖုံ၊ အမျိုးမျိုးသောပြည်တွင်းပြည်ပဒေသအသီးသီးမှ မြန်မာနိုင်ငံအတွင်းသို့

တောင်ကျရေပမာတဟုန်ထိုး စီးဆင်းလျက်ရှိသည်။

နောက်ပိုင်းတွင် ဆေးလိပ်သောက်ခြင်းမှ တစ်ဆင့်တက်၍ ဆေးခြောက်သုံးစွဲခြင်း၊ ဘိန်းရှူခြင်း။ ဘိန်းဖြူသုံးစွဲခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် စိတ်ကြွဆေးများသုံးစွဲခြင်းအဆင့်ထိ တိုးတက်လာခဲ့သည်ကိုလည်း စာဖတ်သူများအသိပင်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ ပူးပေါင်း၍ ဆေးလိပ်သောက်ခြင်းကြောင့် လူတို့တွင် ဖြစ်ပေါ်စေနိုင်သော ရောဂါမျိုးစုံ၊ အသက်တိုစေနိုင်သော အကြောင်းအရာအဖုံဖုံတို့ကိုလည်း နည်းလမ်းအစုံစုံဖြင့် ပညာပေးနေသည်ကိုလည်း ပြည်သူလူထုအသိပင်ဖြစ်သည်။ သို့သော် လူတို့၏စိတ်သည် ဆန်းကြယ်သည်။ မကောင်းမှန်းသိလျက်နှင့် မစွန့်လွှတ်နိုင်၊ ခံစားမှုနောက်သို့ ကောက်ကောက်ပါအောင် တမ်းတမ်းစွဲလိုက်နေကြသည်။

မြတ်စွာဘုရားဟောကြားခဲ့သော၊ ဆုံးမခဲ့သော တရားစကားများကို ကြားဖူးနားဝ နာယူမှတ်သား ခဲ့ဖူးပါသည်။ ပါပသ္မိံ ရမတိ မနောဟူ၍ဖြစ်သည်။ မနောစိတ်သည် ပါပသ္မိံမကောင်းမှု၌ ရမ္မတိမွေ့လျော်၏ဟု ဆိုပါသည်။ မှန်ပါသည်။ မကောင်းမှန်းသိလျက်နှင့် ထိုမကောင်းမှုကိုစမ်းသပ်ချင်သည်။ မကောင်းမှန်းသိလျှက်နှင့် ထိုမကောင်းမှုကို မဖြတ်နိုင်ဆက်လက်လုပ်ကိုင်လိုသောသဘောရှိသည်။

ထိုနည်းတူစွာ ဆေးလိပ်သောက်သုံးသူများသည်လည်း ဆေးလိပ်၏ဆိုးကျိုးများကို သိလျက်နှင့်ပင် ဇွတ်တိုးနေကြသူများဖြစ်ပေလိမ့်မည်။ စာရေးသူသည် ဆေးလိပ်၏ဆိုးကျိုးများကို အကုန်အစင်မသိခဲ့ပါ။ ဆေးလိပ်ကြောင့် ခံစားရရှိနိုင်သော ရောဂါဝေဒနာများကိုလည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်များဖတ်ရှုရာမှ အများသူငှာ သိသလောက်သာ သိခဲ့သည်။

လူမှန်းသိတတ်ခါစအရွယ်ကပင် စာရေးသူ၏ ဖခင်ဖြစ်သူသည် ဆေးပေါ့လိပ်သောက်သုံးသည်ကို မှတ်မိနေခဲ့သည်။ ထိုစဉ်က ဆေးလိပ်၏ အကျိုးအပြစ်များကို လုံးဝမသိခဲ့ရိုးအမှန်ပါ။ ဆေးလိပ်သောက်သုံးခြင်းသည် လူကြီးများ နိစ္စဓူဝ မဖြစ်မနေလုပ်ရမည့် အလုပ်တစ်ခုဟုသာ အထင်ရောက်ခဲ့သည်။ ငါလူကြီးဖြစ်လျှင်လည်း ဆေးလိပ်သောက်

ရမည်ဟူသော အသိရှိခဲ့ဖူးပါသည်။

သို့သော် ငယ်စဉ်မူလတန်းအရွယ်လောက်ကတည်းက ဆေးလိပ်အနံ့ကို မခံနိုင်ခဲ့ပါ။ ဖခင်ဖြစ်သူ ဆေးလိပ်သောက်နေလျှင် စာရေးသူသည် ဖခင်အနီးသို့ မသွားဝံ့ခဲ့ပါ။ ဆေးလိပ်အနံ့ကို အဝေးကရရှိရုံနှင့်ပင်မူးဝေလာသည်။ ခေါင်းထဲတွင်လည်း နောက်ကျိကျိအရသာမျိုး ခံစားရသည်။ စာရေးသူ၏ ဦးနှောက်၊သွေးလှည့်ပတ်မှုနှင့် နှလုံးသည် ဆေးလိပ်သို့မဟုတ် ဆေးရွက်ကြီး၏ အနံ့အရသာကို လက်ခံနိုင်စွမ်းမရှိသည်မှာ သေချာသည်။ သို့ဖြစ်၍ စာရေးသူသည် ငယ်စဉ်လူမှန်း သိတတ်ခါစအရွယ်ကပင် ယခုတတိယအရွယ်ရောက်သည်အထိ ဆေးလိပ်နှင့်ပတ်သက်သော ကိစ္စအဝဝကို အဝေးမှပင် ရှောင်ကြဉ်ခဲ့သည်။

မှတ်မိသလောက် ပြောရမည်ဆိုလျှင် စာရေးသူ၏ ဖခင်ဖြစ်သူသည် အသက်(၄၀)အရွယ်လောက်ရောက်မှ ဆေးလိပ်သောက်ခြင်းကို လုံးဝဖြတ်တောက်ခဲ့သည်။ ဆေးလိပ်ဖြတ်လိုက်သည်နှင့် အသားအရေများ စိုပြည်လာပြီး အရွယ်နှင့်မလိုက်အောင်ပင် နုပျိုလာသည်ကို တွေ့ခဲ့ရသည်။ စာရေးသူ၏ ဖခင်သည် ထိုခေတ်က နာမည်ကျော် ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်းထက် ပိုမိုချောမောသူ ဖြစ်သည်။ ဆေးလိပ်ဖြတ်လိုက်ခြင်းကြောင့် ပိုမိုနုပျိုခန့်ညားလာသည်ဟု စာရေးသူက ထင်ပါသည်။

သို့သော် ဖခင်ဖြစ်သူသည် အသက်(၆၆)နှစ်သို့ရောက်သောအခါ၌ ခြေချောင်းလေးများ၏ထိပ်တွင် ထုံကျင်သောဝေဒနာကို စတင်ခံစားခဲ့ရသည်။ ဖခင်ကြီးတွင် အခြားမည်သည့်ရောဂါမျှ မရှိခဲ့ပါ။ သက်ပြည့်အငြိမ်းစားယူထားသော တပ်မတော်သားပီပီ လျှင်မြန်ဖြတ်လတ်၍ ကျန်းမာသန်စွမ်းသည်။ ၎င်းထုံကျင်သော ဝေဒနာကြောင့် ဆရာဝန်နှင့် ပြသသောအခါ ယခင် အနှစ် ၂၀ ကျော်ခန့်လောက်က ဆေးလိပ်သောက်ခဲ့ခြင်းကြောင့် သွေးကြောလေးများပိတ်သောရောဂါရကြောင်း သိရှိခွင့်ရခဲ့သည်။

အချိန်မီ ကုသနိုင်၍သာဖခင်ကြီး၌ အဆိုပါ ရောဂါပျောက်ကင်းခဲ့သော်လည်း ကုသမှုနှောင့်နှေးခဲ့ပါက ခြေချောင်းလေးများပုပ်ပြီး ကြွေကျမည်မှာ အမှန်ပင်ဖြစ်သည်။ မတွေးဝံ့စရာပါ။

ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများသည် လတ်တလောမခံရနိုင်သော်လည်း နောင်နှစ်ပေါင်း များစွာအထိ နောက်မှ တကောက်ကောက်လိုက်၍ ဒုက္ခပေးတတ်ကြောင်းကို သတိချပ်စရာပင် ဖြစ်၏။

စာရေးသူသည် လွန်ခဲ့သော အနှစ် ၃၀ ကျော်ခန့်က (တိတိကျကျမပြောနိုင်၍ ခွင့်လွှတ်စေချင်ပါသည်။) သိပ္ပံမဂ္ဂဇင်းပါ ဆေးလိပ်နှင့်စပ်လျဉ်းသော ဆောင်းပါးတစ်ပုဒ်ကိုဖတ်၍ ရင်ထဲအသည်းထဲမှာ စွဲနေအောင် မှတ်သားခဲ့ဖူးပါ၏။ ၎င်းဆောင်းပါးကို ရေးသားခဲ့သူမှာ ဆရာကြီးသိပ္ပံမျိုးတင် ဖြစ်သည်။ ၎င်းဆောင်းပါး၌ ပါဝင်သည်မှာ စီးကရက်တစ်လိပ်သောက်ပြီးပါက လူ့ခန္ဓာကိုယ်တွင် မိုင်ပေါင်း ၁၅၀၀ခန့် ရှိသောသွေးကြောများ တစ်မိနစ်ခန့် ကျဉ်းသွားပြီး တစ်မိနစ်ခန့်အသက်တိုကြောင်း သိရှိခဲ့ရသည်။ ဖော်ပြပါအချက်သည် စာရေးသူကိုယ်တိုင်သုတေသနပြုလုပ်ထားခြင်းမဟုတ်၍ တိကျသေချာခြင်း ရှိ၊ မရှိ မပြောနိုင်သော်လည်း စာပေဗဟုသုတမှတဆင့် လက်ဆင့်ကမ်းဖြန့်ဝေခြင်းဟုသာ မှတ်ယူစေလိုပါသည်။

၂၉-၁၁-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ "ဆေးလိပ်ဖြတ်လျှင် လေမဖြတ်ပါ" ဆောင်းပါးအရ စီးကရက် တစ်လိပ်သောက်ပြီးပါက ငါးမိနစ်အသက်တိုကြောင်းကို ဖတ်ရှုလိုက်ရပါသည်။

စာရေးသူဆိုလိုချင်သည်မှာ စီးကရက်တစ်လိပ်သောက်ခြင်းကြောင့်တစ်မိနစ် အသက်တိုသည်ဖြစ်စေ၊ ငါးမိနစ်အသက်တိုသည်ဖြစ်စေ၊ အသက်ကိုတိုစေသည်မှာကတော့ မုချပင်ဖြစ်ပါလိမ့်မည်။

စာရေးသူဖတ်ခဲ့ဖူးသော စာအုပ်တစ်အုပ်ကိုလည်း ရည်ညွှန်းပြောပြချင်ပါသည်။ စာအုပ်၏အမည်မှာ Stop Smoking Start Living ဟူ၍ဖြစ်သည်။ စာအုပ်၏အမည်ကို ဖတ်ရှုရုံမျှဖြင့် ဆေးလိပ်၏ဆိုးကျိုး များကိုမျက်ဝါးထင်ထင်တွေးဆ၍ ရနိုင်ကောင်းပါသည်။ ဆေးလိပ်သောက်ခြင်းကို ပြတ်သားစွာ ဖြတ်တောက်ခဲ့ပါကလည်း အသက်ရှည်ခြင်း၏အကျိုးတရားကိုလည်း ခံစားရမည်ဖြစ်သည်။ မည်သူမဆို အသက်ရှည်ချင်ကြသည်။ အသက်ရှည်ရာအကြောင်းကိုလည်း လိုက်နာကျင့်ကြံသင့်ပါကြောင်း စာရေးသူက ထပ်လောင်းပြောကြားလိုပါသည်။

၁၉၉၄ ခုနှစ်က ဖြစ်သည်။ စာရေးသူသည် မကွေးတိုင်း၊ မြိုင်မြို့

နယ်၊ ဗဟင်းကျေးရွာ တွဲဖက်အထကတွင် အလယ်တန်းကျောင်းအုပ်ကြီး အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က ကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်တစ်ခုကို ပြောပြချင်သည်။ စာရေးသူ၏ ကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများထဲမှ အလယ်တန်းပြ ဆရာဦးကျော်လင်းသည် ကျောက်တက်ရက် မကြာခဏဆိုသလို ပျက်ကွက်လေ့ရှိခဲ့၏။ အနီ့ဆရာအား တာဝန်အရ ခေါ်ယူသတိပေးရာတွင် ၎င်းဆရာသည် ခွင့်မယူလျှင်မဖြစ်၍ ယူရပါကြောင်း၊ သူ၏ညီဖြစ်သူမှာ မကြာခဏဆိုသလို ဆေးရုံတင်နေရသဖြင့် သူကိုယ်တိုင်ပြုစုနေရကြောင်း၊ မဖြစ်မနေလိုက်ပါပြုစုနေရသဖြင့် ကျောင်းတက်ပျက်ကွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းတက် ပျက်ကွက်ရခြင်းကြောင့် အလုပ်မှ နုတ်ထွက်ရမည်ဆိုပါကလည်း မိမိကို မှီခိုနေရသော မိသားစုဘဝတစ်ခုလုံး ပျက်စီးသွားနိုင်ကြောင်းကို မျက်ရည်ဝဲဝဲဖြင့် စိတ်ပျက်အားငယ်စွာ ရှင်းပြခဲ့သည်။

စာရေးသူလည်း အနီ့ဆရာ၏ အခက်အခဲကိုသိရ၍ စိတ် မကောင်းခြင်းကြီးစွာဖြစ်ခဲ့ရသည်။ စာရေးသူသည် ကျောင်း၏တာဝန်ရှိသူပီပီ မိမိလက်အောက်ဆရာ၊ ဆရာမများ၏ လူမှုရေးအခက်အခဲကို တတ်စွမ်းသရွေ့ နှစ်သိမ့်ပေးရန် တာဝန်ရှိသည့်အလျောက် မြိုင်မြို့ပြည်သူ့ဆေးရုံကို လူနာကြည့်ရန် ရောက်ရှိခဲ့၏။

ဆရာဦးကျော်လင်း၏ ညီဖြစ်သူသည် ခုတင်ပေါ်တွင် ပက်လက်အနေအထားဖြင့် မှိန်းနေသည်။ တစ်ကိုယ်လုံးကို အညာဒေသထွက် လွှာကျင်းစောင်ဖြင့် ပခုံးအထိ ခြုံထားသည်ကို တွေ့မြင်ရ၏။ ဦးကျော်လင်းသည် ခုတင်ဘေးတွင် ခွေးခြေခုံဖြင့် ညှိုးငယ်စွာထိုင်နေသည်ကို တွေ့မြင်ရသည်။

စာရေးသူရောက်ရှိလာ၍ ၎င်းဆရာက ဝမ်းသာအယ်လဲ ကြိုဆိုသည်။ စာရေးသူက လူမမာအခြေအနေကို သိလို၍ မေးမြန်းသောအခါ အပေါ်ပိုင်းတွင် ခြုံထားသော လွှာကျင်းစောင်ကို ခါးအထိ လှန်ပြလိုက်သည်။ သည်အခါတွင် စာရေးသူအဖို့ မထင်မှတ်ထားသော မြင်ကွင်းကို အံ့သြဖွယ်ရာ တွေ့မြင်လိုက်ရပါသည်။ ခုတင်ပေါ်၌ ပက်လက်အနေအထားရှိသော ညီငယ်တွင် လက်နှစ်ဖက်စလုံး လက်မောင်းရင်းမှ ပြတ်နေသည်ကို တွေ့လိုက်ရတော့သည်။ လက်မောင်းပြတ်နေရ

သည်မှာ ညီငယ်ဖြစ်သူက ဆေးလိပ်သောက်ခြင်းကြောင့် အကြောပိတ်ရောဂါများ မကြာခဏခံစားရရှိနေ၍ မူလပကတိအတိုင်း လက်နှစ်ဖက်ကို မကြာခဏဖြတ်တောက်ခဲ့ရသဖြင့် ယခုတွေ့မြင်ရသည့်အတိုင်းဖြစ်နေရခြင်းကို သိလာရသည်။

ထိုမှတစ်ဖန် လူပမာ၏ ခါးအောက်ပိုင်းခြုံထားသောစောင်ကို ဖယ်လိုက်သည့်အခါတွင်မူ ခြေထောက်နှစ်ချောင်းစလုံးသည် ပေါင်အရင်းမှ ပြတ်နေသည်ကို ထပ်မံတွေ့လိုက်ရသဖြင့် ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးများကို မျက်ဝါးထင်ထင်တွေ့ရသဖြင့် အကြီးအကျယ်တုန်လှုပ်ခဲ့ရသည်။ အနှစ်ချုပ်ရမည်ဆိုလျှင် ဆေးလိပ်သောက်ခြင်းကြောင့် ကိုယ်အင်္ဂါများ တစတစ ပေးဆပ်ခဲ့ရပြီး အသက်ငယ်ငယ်ဖြင့် လူ့ဘဝကို ကျောခိုင်းခဲ့ရသူများရှိခဲ့ကြောင်းကို စာဖတ်သူများ သိစေလိုပါသည်။

ယခုအခါ နေရာအနှံ့တွင် ဆေးလိပ်တိုများ၊ စီးကရက်တိုများ စွန့်ပစ်ထားသည်ကို တွေ့မြင်နေရသည်။ အဆောက်အဦများ၏ ထောင့်နေရာများ၊ လှေခါးအတက်အဆင်းများ၊ ကားမှတ်တိုင်များ၊ ပလက်ဖောင်းနေရာများနှင့် ယုတ်စွအဆုံး သန့်စင်ခန်းများ၏ အတွင်းများ၌ပင် ဆေးလိပ်အတိုအစများက နေရာယူလျက်ရှိနေကြသည်။ ဆေးလိပ်မသောက်ရ တားမြစ်နယ်မြေများကိုလည်း မီဒီယာပေါင်းစုံမှ အသိပေးလျှက်ရှိသည်။ ဆေးလိပ်သောက်ခြင်းကို အချိန်မီ မတားဆီးနိုင်လျှင် နိုင်ငံသူနိုင်ငံသားတို့၏ အနာဂတ်ကျန်းမာရေးကို အကြီးအကျယ် ခြိမ်းခြောက်နေသော အန္တရာယ်တစ်ခုအမှန်ပင် ဖြစ်လာပေလိမ့်မည်။

ဆေးလိပ်သောက်ခြင်းကို ကြပ်တည်းစွာ တားမြစ်နေသည့်ကြားကပင် ဆေးလိပ်သုံးစွဲသူ ဦးရေတိုးပွားလာနေခြင်းသည် အသိခေါက်ခက်အဝင်နက်နေသည့် သဘောမျိုးပင် ဖြစ်နေလေသည်။

သို့ဖြစ်ပါ၍ ဆေးလိပ်သောက်ခြင်းကို တားမြစ်ရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထမ်းဆောင်ရမည်ဖြစ်သည်။ နောင်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သည့် ဥပဒေများ၊ နည်းဥပဒေများကို လွှတ်တော်တွင် အဆိုပြု၊ ထောက်ခံ၊ ထုတ်ပြန်ရမည့်အခြေအနေသို့

ရောက်လာမည်လားဟု စာရေးသူက အကြံပြုလိုပါသည်။

ကျန်းမာစွာအသက်ရှည်လိုသူများသည် ဤဆောင်းပါးကို ဖတ်ရှုရခြင်းဖြင့် ဆေးလိပ်သောက်ခြင်းကို လုံးဝပြတ်ပြတ်သားသား ဖြတ်တောက်ခြင်း သို့မဟုတ် လျှော့ချခြင်းပြုနိုင်မည်ဆိုလျှင် ဤဆောင်းပါးရေးရကျိုးနပ်သည်ဟု စာရေးသူက ယူဆမိပါတော့သတည်း။

***(၃၁. ၅. ၂၀၁၄) စံတော်ချိန်သတင်းစာ***

# အပေါင်ဆိုင်

အခြေခံလူတန်းစားများနှင့် ရင်းနှီးကျွမ်းဝင်သော စကားအသုံးအနှုန်းတစ်ခုရှိသည်။ နွမ်းပါးသူ မိသားစုများအားလုံးနှင့် ရင်းနှီးသည် ဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။ ယင်းအသုံးအနှုန်းစကားလုံးကား အခြားမဟုတ်၊ "အပေါင်ဆိုင်" ဟူသော အမည်နာမပင်ဖြစ်သည်။

စာရေးသူသည်လည်း "အပေါင်ဆိုင်" ဟူသော အမည်ကို ငယ်ငယ်လေးကတည်းကပင် ကြားဖူး နားဝရှိခဲ့သည်။ တိတိပပဆိုလျှင် ၁၉၆၀ခုနှစ်ဝန်းကျင် လူမှန်းသိတတ်သည့်အချိန်စလို့ ထိုစကားလုံးကို စွဲမှတ်သိနေခဲ့ရသည်။ စာရေးသူ၏ မိသားစုသည် သာမန်နွမ်းပါးသူ မိသားစုဖြစ်သည်။ ဖခင်ဖြစ်သူသည် ဌာနတစ်ခုမှ အထက်တန်း စာရေး ဝန်ထမ်းတစ်ဦးဖြစ်သည်။ မိခင်ဖြစ်သူသည် အိမ်ထောင်ရှင်မဘဝဖြင့် သားသမီးငါးဦးကို စောင့်ရှောက်ခဲ့ရသဖြင့် ဝင်ငွေရှိသော အလုပ်ကို မလုပ်ကိုင်နိုင်ခဲ့ပါ။ မိခင်သည် တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေမရှာနိုင်ခဲ့သော်လည်း ဖခင်၏တစ်ခုတည်းသော ဝင်ငွေလစာဖြင့် မိသားစု တစ်ခုလုံး၏ စားဝတ်နေရေးနှင့် သားသမီးများပညာရေးကို ချို့တဲ့ လစ်ဟာမှုမရှိအောင် ဖန်တီးခဲ့သူ တစ်ယောက်ဖြစ်ခဲ့လေသည်။ တစ်နည်းအားဖြင့် အိမ်ထောင်တစ်ခု၏ ဘဏ္ဍာရေးငွေစာရင်းရှင်းတမ်းကို ဝင်ငွေ ထွက်ငွေမျှတအောင် စွမ်းဆောင်နိုင်သူ စာရင်းကိုင်တစ်ဦးလည်း ဖြစ်ခဲ့ သည်။

ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအရ စာရင်းကိုင်နှင့် ငွေကိုင် တစ်ဦးတည်းထားပါက ငွေစာရင်းများ ရှုပ်ထွေးနိုင်ပြီး လုပ်ငန်းတွင် အခက်အခဲတွေ့စေနိုင်သည်။ သို့သော် စာရေးသူ၏ မိခင်သည် တစ်ဦး တည်းသော စာရင်းကိုင်၊ တစ်ဦးတည်းသော ငွေကိုင်ဖြစ်လင့်ကစား ငွေစာရင်းရှုပ်ထွေးမှုမရှိအောင် စွမ်းဆောင်နိုင်သူလည်းဖြစ်၏။

ထိုခေတ်ထိုအခါက စာရေးသူဖခင်၏ အထက်တန်းစာရေးလစာ မှာ ကျပ် ၂၀၀ ပင်မပြည့်ပါ။ မိဘနှစ်ဦးအပါအဝင် လူဦးရေ ခုနစ်ဦးရှိ သော အိမ်ထောင်တစ်ခုကို အကြွေးကင်းအောင် ထိန်းသိမ်းနိုင်သော မိခင်၏အရည်အချင်းကို အသိအမှတ်ပြုရမည် ဖြစ်သည်။

ပသို့ဆိုစေ သားသမီးများ ကျောင်းအပ်ရမည့် နှစ်စဉ်မေလ လောက်တွင် မိခင်သည် ငွေစာရင်းကို မည်မျှပင်ကိုင်တွယ်နိုင်သည်ဆို သော်လည်း မိသားစုစားဝတ်နေရေးအဆင်မပြေဖြစ်ရသဖြင့် ပြေလည် မည့်နည်းလမ်းကို ရှာကြံရပေသည်။ ထိုနည်းကား အခြားမဟုတ်ပြီ၊ အပေါင်ဆိုင်သို့သွားရောက်၍ ရှိစုမဲ့စုပစ္စည်းများကို ပေါင်နှံပြီးငွေချေး ရခြင်းပင်ဖြစ်သည်။

မိခင်ကြီးသည် သားသမီးများ ကျောင်းစာရိတ်အတွက် ရွှေတို ရွှေစကလေးများဖြင့် အပေါင်ဆိုင်ကို အားကိုးခဲ့ရသည်။ ထိုစဉ်က စာရေးသူသည် ရှစ်နှစ်သားခန့်ရှိပြီး မိခင်ကြီးအပေါင်ဆိုင်သို့သွားလျှင် အဖော်အဖြစ်လိုက်ပေးရသည်ကို သတိရမိသည်။ မိခင်ကြီးသည် အပေါင် ဆိုင်သို့သွားလျှင် ပေါ်ပေါ်ထင်ထင် မသွားရဲ၊ တစ်ရပ်ကွက်တည်း နေသူ အချင်းချင်းတွေ့သွားလျှင် အထင်သေးမည်စိုးသဖြင့် မဝံ့မရဲဖြင့် သွားခဲ့ရ ကြောင်းကိုလည်း စာရေးသူက သိနေခဲ့သည်။ ထိုအချိန့် စာရေးသူသည် ဒုတိယတန်းကျောင်းသားဖြစ်၍ အကြောင်းအရာတော်တော် များများကို မှတ်မိနေခဲ့သည်။ မိခင်ကြီး၏ ပြောစကားအရ အပေါင်ဆိုင်တွင် ရွှေတို ရွှေစမှအစ အဝတ်အထည်အဆုံး ပေါင်မည်ဆိုလျှင် ခြောက်လခန့်ပေါင် ၍ ငွေချေးနိုင်သည်။ ခြောက်လကျော်၍ ပစ္စည်းပြန်မရွေးနိုင်သေးလျှင် လည်း အတိုးသတ် (ပေးဆောင်)၍ ဆက်လက်ပေါင်နှံနိုင်ကြောင်းကို လည်း ဗဟုသုတအဖြစ်မှတ်သားခဲ့ဖူးသည်။

စာရေးသူ၏မိခင်သည် စာရေးသူတို့ ၁၀ တန်းအောင်ပြီး တက္ကသိုလ်

ရောက်သည်အထိ အပေါင်ဆိုင်နှင့် အကျွမ်းဝင်ခဲ့သည်မှာ ယုံမှားဖွယ်ရာ မရှိခဲ့ပါ။ စာရေးသူသည် တော်လှန်ရေးကောင်စီ တဖြစ်လဲ မဆလခေတ်နှင့် နဝတ၊ နအဖခေတ်တို့တွင် လူလားမြောက်ခဲ့ရသည်။ အာဏာရှင်ကြီးစိုးသည့် ရာစုနှစ်ဝက်လောက်တွင် စာရေးသူတို့ မိသားစု၏ စားဝတ်နေရေးသည် တိုးတက်လာမှုမရှိဘဲ ဆင်းရဲတွင်း သံသရာ၌သာ လုံးချာလည်ခဲ့ရလေသည်။ ဆိုလိုသည်မှာ ခေတ်အဆက်ဆက် စာရေးသူတို့ကဲ့သို့ အခြေခံ လူတန်းစားများ၏ ဘဝသည်လည်း တစ်ဆထက်တစ်ဆ ပိုမိုဆင်းရဲခဲ့ကြရသည်။ နုံချာသောဘဝမျိုးဖြင့် နေထိုင်ခဲ့ရသည်ကို ဆိုလိုပါသည်။

ယနေ့မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှုနှုန်းက ၂၆ ရာခိုင်နှုန်းရှိသည်ဟု ပြည်ထောင်စုအစိုးရက အတိအလင်းဖွင့်ဟဝန်ခံခဲ့သည်။ မည်သို့သော ကိန်းဂဏန်းကို အခြေပြု၍ ထုတ်ပြန်သည်ကို မသိရှိရသော်လည်း စာရေးသူအမြင်အရ မြန်မာနိုင်ငံတွင် ဆင်းရဲသားအခြေခံလူတန်းစားသည် တိုင်းပြည်၏ ရှစ်ဆယ်ရာခိုင်နှုန်းခန့်ဖြစ်မည်ဟု ယူဆမိသည်။ ၂၀၁၁ခုနှစ်တွင် ရွေးကောက်ပွဲဖြင့်တက်လာသော ပြည်ထောင်စုအစိုးရသည် ဒီမိုကရေစီဟု ကြွေးကြော်လျက် ရှေ့ဆက်ခဲ့သည်မှာ သုံးနှစ်ကျော်လာခဲ့ပေပြီ။ နိုင်ငံတော်သမ္မတကြီးကလည်း ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် အစီအမံကောင်းများကို ရေးဆွဲပြီး အကောင်အထည်ဖော်နေသည်မှာလည်း အများအသိပင်ဖြစ်သည်။ သို့သော် အခြေခံလူတန်းစားများ၏ ဘဝကတိုးတက်လာမှု အရိပ်အယောင်ကို မမြင်ရ။ အရွေ့မရှိဖြစ်နေသည်။

နိုင်ငံတော်သမ္မတကြီး လစဉ်ပြောကြားသည့် ရွှေရင်အေးမိန့်ခွန်းများက နားဝင်ချိုလှသော်လည်း အရသာကခါးသက်သက်ဖြစ်နေသည်ဟု ထင်ရသည်။ အခြေခံလူတန်းစားများ၏ ဘဝက တိုးတက်လာဖို့ နေနေသာသာ ပို၍ဒုက္ခရောက်စေမည့်အချက်များက တစ်ပူပေါ် နှစ်ပူဆင့်လို့လာနေသည်။ မြန်မာနိုင်ငံတွင် ဘွဲ့ရ(ပညာတတ်/ပညာမတတ်)သူများ၏ အလုပ်လက်မဲ့နှုန်းက တရိပ်ရိပ်တက်လာနေသည်။ အလားတူ ပညာနည်း လက်လုပ်လက်စားများ၏ အလုပ်လက်မဲ့နှုန်းကလည်း တစ်ဟုန်ထိုး တိုးလို့သာ လာနေသည်။ သည်ကြားထဲ လယ်သမားများ၏

လယ်ယာမြေများအသိမ်းခံရ၍ လယ်လုပ်စားစရာမြေမရှိ၊ လယ်မြေများ ပြန်ပေးရန် ဆောင်ရွက်နေသည်ဆိုသော်လည်း တိတိပပ ထင်ထင် ရှားရှား မမြင်ရ။ လယ်ပိုင်သူ လက်ထဲလယ်မြေပြန်မရောက်၊ အမှားမှား အယွင်းယွင်းဖြင့် လယ်ယာမြေပြဿနာများက အမယ်ဘုတ်ရဲ့ သူ့ချည် ခင်လို ရှုပ်ထွေးနေသည်။ ရှင်းလေ ရှုပ်လေဖြစ်နေသည်။ ကျူးကျော်မြေ ဆိုပြီး ရွာလုံးကျွတ်ဖြိုချ ဖျက်ဆီးခံရတာက ရှိသေးသည်။ နေစရာမရှိ၍ ကျူးကျော်နေထိုင်သူများသည် အခြားတိုင်းတစ်ပါးသားများ မဟုတ်ကြ။ ကိုယ့်နိုင်ငံသားများပင်ဖြစ်သည်။ နေစရာမရှိသော ပြည်သူလူထုကို သင့် တော်သည့် မြေနေရာစီစဉ်ပေး၍ ဖြေရှင်းရပေးမည့်အစား တဲသာသာ အိမ်များကို ဖြိုချဖျက်ဆီးခြင်းသည် ဥပဒေအရ ဆောင်ရွက်သည်ဟု ပြောနေသော်လည်း အနိုင်ကျင့်ရာရောက်နေသည်။ နွမ်းပါးပြီး နေစရာ မြေမရှိသော ပြည်သူတို့၏ဘဝကို ဥပဒေလက်နက်ဖြင့် ရိုက်ချိုးဖျက်ဆီး သလို ဖြစ်နေသည်။

အိမ်တစ်အိမ်တွင်နေသော မိသားစုဖြစ်အံ့၊ သားသမီးများ နေ စရာ၊ စားစရာ၊ ဝတ်စရာမရှိလျှင် အဆင်ပြေအောင် ဖန်တီးပေးရမည် မှာ မိဘတာဝန်သာဖြစ်သည်။ မည်မျှပင် ဆင်းရဲစေကာမူ လမ်းဘေး စကြိန်၌နေရသော်လည်း မိဘဖြစ်သူသည် ၎င်း၏ သားသမီးများကို ရင်အုပ်မကွာ နွေးထွေးမှုပေးနိုင်ရမည်။ အခုတော့ နေစရာမရှိသော သားသမီးကို လမ်းဘေးစကြိုပေါ်က နှင်ချသလိုဖြစ်နေ၍ ဒုက္ခတွေ တိုးပေးနေသလို ဖြစ်သည်။ ပြည်ထောင်စုအစိုးရသည် ပြည်သူလူထု၏ အမိအဖပင် ဖြစ်ပေသည်။

စာရေးသူသည် မြန်မာ့ရုပ်သံမှ ထုတ်လွှင့်သော စီးပွားရေး အခြေပြသတင်းတစ်ခုကိုမျက်ဝါးထင်ထင် တွေ့မြင်ကြားသိလိုက်ရသည်။ ဒီမိုကရေစီနှစ်တွေသာ တစ်စတစ်စတိုးလာသည်။ ပြည်သူလူထုတွေ၏ နွမ်းပါးသောဘဝက ဒုံရင်းဒုံရင်းသာ ဖြစ်နေသည်။ ဆင်းရဲမွဲတေမှု များပြားလာသဖြင့် မြို့များတွင် အပေါင်ဆိုင်ဦးရေ တိုးလာသည်ကို သိလိုက်ရသည်။ နွမ်းပါးသူဦးရေနှင့် အပေါင်ဆိုင်ဦးရေ တိုက်ရိုက် အချိုး ကျနေသည်။ မဖြစ်သင့်သောကိန်းဂဏန်းတစ်ခုဖြစ်သည်။ အပေါင်ဆိုင် လုပ်ငန်းရှင်တစ်ဦးနှင့် မြန်မာ့ရုပ်သံတို့ အမေးအဖြေခန်းတွင် စိတ်

မကောင်းစရာသတင်းများကို ကြားရသည်။ ယခုအခါတွင် အပေါင်ဆိုင်လုပ်ငန်း ပိုမိုတွင်ကျယ်လာကြောင်း၊ ပေါင်နှံသည့် ပစ္စည်းအမျိုးအစားမှာလည်း အမျိုးစုံလာကြောင်း၊ တချို့ဆိုလျှင် အတော်ပင် ဒုက္ခရောက်နေကြကြောင်း၊ အရွယ်ရောက်သူမိသားစုအားလုံး အပြင်ထွက်ပြီး ရှာဖွေတာတောင် နေ့ဖို့ညစာ ခက်ခဲနေကြောင်း၊ နံနက်ပိုင်းတွင် မိသားစုအိပ်သော ခြင်ထောင်ကို လာရောက်ပေါင်နှံပြီး စားစရိတ်လုပ်ရကြောင်း၊ ညနေဘက်တွင် တစ်နေ့တာ ရှာဖွေရသော လုပ်အားခဖြင့် ခြင်ထောင်ရွေးပြီး ညဘက်တွင် မိသားစုအိပ်ကြရကြောင်း၊ သူတို့တွင် ပေါင်နှံစရာပစ္စည်း မရှိတော့၍ဖြစ်ကြောင်း သိရပါသည်။ မိသားစုရယ်၊ ခြင်ထောင်ရယ်၊ အပေါင်ဆိုင်ရယ် သံသရာလည်နေသည်။ ဤအဖြစ်အပျက်သည် ရင်ကုန်မြို့ကြီးတွင်ဖြစ်သည်။

စာဖတ်သူပရိသတ်များ စဉ်းစားကြည့်လျှင် သိနိုင်သည်။ ထိုသို့သော မိသားစုများ မြန်မာပြည်တွင် မည်မျှရှိနေသည်ကို ခန့်မှန်းနိုင်သည်။ ယခုလောလောဆယ်တွင် နွမ်းပါးသူများအဖို့ အားထားရာ အစစ် အမှန်သည် အပေါင်ဆိုင်များသာ ဖြစ်ပေလိမ့်မည်။ အပေါင်ဆိုင်လုပ်ငန်းရှင်များသည် နွမ်းပါးသူများအတွက် လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသူများ ဖြစ်ပေသည်။ တစ်ဖန်အပေါင်ဆိုင်လုပ်ငန်းရှင်များသည် ခေတ်အခြေအနေအရ စီးပွားများဖြစ်ထွန်းနေသလို နွမ်းပါးသူများကို အထိုက်အလျောက် အကူအညီပေးနေသူများဟုလည်း တင်စားချင်ပါသည်။

စာရေးသူက ဆောင်းပါးကို အဆုံးသတ်ပါတော့မည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံး (LDC) နိုင်ငံများစာရင်းတွင် ပါဝင်နေသည်ဟု သိရသည်။ ရွှေပြည်သစ်တည်းဟူသော ဒီမိုကရေစီနှင့် ဝေးကွာနေသရွေ့ တိုးပွားလာသော အပေါင်ဆိုင်များတွင် အခြေခံလူတန်းစားများ ခြေချင်းလိမ်နေကြပေလိမ့်မည်။ အပေါင်ဆိုင်ဦးရေတိုးပွားလာသည်နှင့်အမျှ ပြည်သူကို ဗဟိုပြုသောဒီမိုကရေစီနှင့် မိုင်ပေါင်းကုဋေသော ဖြစ်ပေလိမ့်မည်ဟု ရှုမြင်သုံးသပ်ရပါကြောင်း။

***(၈. ၈. ၂၀၁၄) စံတော်ချိန်သတင်းစာ***

# ပယင်းရောင် ယဉ်ကျေးမှု

"ပယင်းရောင်"သည် လွန်ခဲ့သောနှစ်တော်တော်ကြာက နာမည်ကြီး လူကြိုက်များခဲ့သော မြန်မာရုပ်ရှင်ဇာတ်ကားကြီးဖြစ်သည်။ ပယင်းရောင်ဇာတ်လမ်းသည် အရက်ကျေးကျွန်တစ်ဦး၏ ဘဝဖြစ်စဉ်ကို ထင်ဟပ်ပုံဖော်ရိုက်ကူးထားသော ဘဝသရုပ်ဖော် ဒရမ်မာဇာတ်လမ်းဖြစ်ပါသည်။ ၎င်းဇာတ်လမ်းတွင် သရုပ်ဆောင်ခဲ့သော နိုင်ငံကျော်ရုပ်ရှင် မင်းသားကြီး ကောလိပ်ဂျင်နေဝင်းသည် အရက်သမားအဖြစ် ပရိသတ်ကို ဆွဲဆောင်နိုင်အောင် ပီပြင်စွာ သရုပ်ဆောင်ခဲ့သဖြင့် အကယ်ဒမီဆုပင် ရခဲ့သည်ဟု စာရေးသူကထင်သည်။ မင်းသားကြီးကောလိပ်ဂျင်နေဝင်း အကယ်ဒမီဆုရသည် မရသည်ကို သေချာစွာ မပြောနိုင်သော်လည်း စာရေးသူ၏ ရင်ထဲတွင် အရက်(ပယင်းရောင်)ကြောင့် ဘဝပျက်နိုင်သည်ကို စွဲမှတ်ထင်ထင်ရှိနေခဲ့သည်မှာ ယခုတိုင်ပင်ဖြစ်၏။

ယနေ့မြန်မာနိုင်ငံတွင် အရက်သောက်သုံးမှုနှုန်း လျော့ကျစေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ပညာပေးနေသည်မှာ အားလုံးအသိပင်ဖြစ်သည်။ အရက်နည်းတူ အခြားဘီယာ၊ ဝိုင်နှင့် ယစ်မူးစေသည့် ဖျော်ရည်များကလည်း လူတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် အနှောင့်အယှက်ပေးနိုင်သည်ကိုလည်း လူတိုင်းနီးပါး သိပြီးသားဖြစ်သည်။ အရက်သောက်ခြင်းကြောင့် ရရှိနိုင်သောဆိုးကျိုးများကို ရှုထောင့်မျိုးစုံမှ ပညာပေးနေသော်လည်း အရက်သောက်သုံးသူဦးရေမှာ လျော့သွားခြင်းမရှိဘဲ ဆထက်ထမ်းပိုးတိုးလို့သာ

လာနေသည်။ မြို့ကြီးမြို့ငယ်နှင့် ကျေးလက်တောနယ်ပါမကျန် အရက်ဆိုင်များ၊ ဘီယာဆိုင်များက ပေါက်ပေါက်ကြဲထားသလို ပွစာတက်လို့နေသည်။

ဒေသအသီးသီးရှိ စက်မှုဇုန်များတွင် အရက်ချက် စက်ရုံများ၊ ဘီယာစက်ရုံများ၊ အဖျော်ယမကာ စက်ရုံများတိုး၍တိုး၍ တည်ဆောက်လာကြသည်ကို တွေ့နေရ၏။ အခြားစားသောက်ကုန်ပစ္စည်းများ ပြတ်လပ်သွားနိုင်သည်ကို စိုးရိမ်စရာရှိသော်လည်း အရက်နှင့်ဘီယာများက အခက်အခဲမရှိအောင် အဆက်မပြတ် ထုတ်လုပ်ပေးနိုင်သည်မှာ ချီးကျူးစရာပင်ဖြစ်သည်။ အရက်မျိုးစုံ၊ ဘီယာမျိုးစုံ၊ ယမကာမျိုးစုံတို့ကလည်း တရားဝင်တင်သွင်းခြင်းများရှိသကဲ့သို့ တရားမဝင်မှောင်ခိုလမ်းကြောင်းများမှတစ်ဆင့် ပြည်တွင်းပြည်ပ ဒေသအသီးသီးမှ မြို့အနှံ့ကျေးရွာအနှံ့သို့ အင်နှင့်အားနှင့် ချီတက်ဝင်ရောက်လျက်ရှိသည်။ အချို့သတင်းစာနှင့် ဂျာနယ်များတွင် အရက်ကြော်ငြာများကို စာမျက်နှာပြည့်ဖော်ပြနေသည်ကိုတွေ့ရသည်။ ခမ်းနားထည်ဝါ ဆုမဲပေါင်းများစွာဖြင့် ဆွဲဆောင်လျက်ရှိသဖြင့် ကားစီးလိုသူများ၊ မော်တော်ဆိုင်ကယ်စီးလိုသူများ အရက်ဝယ်သောက်တတ်လာပြီး အရက်သမားဘဝလုံးလုံး ဖြစ်ကြရကုန်သည်။

ရပ်ကွက်အနှံ့၊ လမ်းတကာအနှံ့ အရက်ဆိုင်ဘီယာဆိုင်များက ကြီးကျယ်ခမ်းနားစွာ ဟီးဟီးထလျက် နေရာယူစိုးမိုးနေကြသည်။ အရက်ဆိုင်များတွင် စားပွဲအလွတ်၊ ထိုင်ခုံအလွတ်မရှိ ကျိတ်ကျိတ်တိုး စည်ကားနေသည်မှာ အချိန်ပြည့်ဖြစ်သည်။အထူးသဖြင့် ညနေပိုင်းတွင် အလကားတိုက်ကျွေးနေသည့်အလား လူတွေက အုံးအုံးထနေသည်။ အရွယ်ရောက်သူယောကျာ်းဟူသမျှ လူတန်းစားမရွေး၊ အရွယ်မရွေး အရက်ဆိုင် ဘီယာဆိုင်များသို့ရောက်နေကြသည်။ ဝင်ငွေများသူ၊ ဝင်ငွေနည်းသူ ခွဲခြားဖို့မလို အထိုက်အလျောက် ငွေကုန်ကြေးကျခံကာ သောက်စားနေကြသည်မှာ နေ့စဉ်မြင်တွေ့နေရသော ပယင်းရောင်ယဉ်ကျေးမှု၏ မြင်ကွင်းများဖြစ်နေသည်။ ငွေကြေးတောင့်တင်းသူ၊ဝင်ငွေကောင်းသူများအဖို့ အရက်၊ ဘီယာသောက်ခြင်းကြောင့် စီးပွားရေးအခက်အခဲမရှိနိုင်သော်လည်း နွမ်းပါးသူအိမ်ထောင်ဦးစီး၏ အရက်ဖိုးသည် မိသားစုအတွက် ဟင်းတစ်ခွက်ဖြစ်ကောင်း ဖြစ်နိုင်သည်။

ယခုအခါတွင် အရက်ဆိုင်၊ ဘီယာဆိုင်များ၌ အမျိုးသားများသာမက အရွယ်ရောက်သူအမျိုးသမီးများကိုပါ မျက်ဝါးထင်ထင်တွေ့နေရသဖြင့် ခေတ်မီတာလား၊ ခေတ်ဆန်တာလား၊ ခေတ်လွန်နေတာလား မပြောတတ်ပြီ။ အနီမိန်းကလေးများသည် ဘီယာသောက်တာလား၊ ဝိုင်သောက်တာလား၊ ဆိုဂျူသောက်တာလား တိတိပပ မသိသော်လည်း မြန်မာမိန်းကလေးနှင့် အရက်ဆိုင်လားလားမှ တင့်တယ်မှုမရှိခြင်းသည် မြန်မာ့ ယဉ်ကျေးမှုအမြင်ပင်ဖြစ်သည်။

အရက်သောက်ခြင်းကြောင့် လူတို့တွင် ခံစားရရှိစေနိုင်သောရောဂါမျိုးစုံ၊ မူခင်းအဖုံဖုံတို့ကိုလည်း မီဒီယာပေါင်းစုံမှ အသိပေးနှိုးဆော်ထားသည်မှာ ပြည်သူလူထုအသိပင် ဖြစ်သည်။ သို့သော် လူတို့သည် မကောင်းမှန်းသိလျက်နှင့် ခံစားမှုနောက်သို့ သားကောင်ကိုလိုက်သောမုဆိုးပမာ မျက်ခြည်မပြတ်တရစပ် လိုက်နေကြသည်။

စာရေးသူသည် အရက်၏ ဆိုးကျိုးများကို နှံ့စပ်အောင်မသိပါ။ အရက်သောက်ခြင်းကြောင့် ခံစားရရှိနိုင်သော ရောဂါဝေဒနာများကိုလည်း အများနည်းတူ သိသင့်သလောက်သာ သိခဲ့သည်။ သို့သော် အရက်အလွန်အကျွံသောက်သူသည် အသားအရေများ ခမ်းခြောက်လာခြင်း၊ အသားအရောင် စိုပြည်မှုမရှိဘဲ ညိုညစ်ညစ်ဖြစ်လာခြင်း၊ မျက်နှာများ ပွဖောင်းဖောင်းနှင့် ဖောသွပ်သွပ်ဖြစ်လာခြင်း၊ မျက်လုံးမျက်ဖန်များ အရောင်ပြောင်းပြီး ဝါညစ်ညစ်ဖြစ်လာခြင်း၊ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲနေတတ်ခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ စကားပြောရာတွင် အာလေးလျှာလေးဖြစ်ခြင်း စသည့် သွင်ပြင်လက္ခဏာများဖြစ်လာသည်ကိုတော့ ကိုယ်တွေ့မျက်မြင် ဖြစ်သည်။ အဆိုးဆုံးကတော့ အရက်ကြောင်ရောဂါ (စိတ်ကျန်းမာရေး ပုံမှန်မဟုတ်ခြင်း) ဖြစ်လာခြင်းပင်ဖြစ်သည်။

အရက်သောက်ခြင်းကြောင့် ဦးနှောက်ရှိ အခန်းငယ်လေးများ ပျက်စီးသွား၍ ပြန်လည်မရှင်သန်နိုင်တော့သဖြင့် မှတ်ဉာဏ်နည်းပါးပြီး ဦးနှောက်မမှန်ရောဂါဖြစ်လာနိုင်ကြောင်းကို ကျန်းမာရေးမဂ္ဂဇင်း တစ်စောင်တွင် ဖတ်ဖူးခဲ့သည်။ စာပေမှုရရှိသော ဗဟုသုတဖြစ်၍ တိကျသေချာခြင်းရှိမရှိ မပြောနိုင်သော်လည်း ဖြစ်နိုင်ချေများပါသည်။ လူတစ်

ယောက်မှာ ဦးခေါင်းထဲက ဦးနှောက်သည် အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်သည်။ ဦးနှောက်ကပဲ လူခန္ဓာကိုယ်အစိတ်အပိုင်း အားလုံးနှင့် စိတ်ကို ထိန်းချုပ်ထားခြင်းလည်းဖြစ်၏။ ဦးနှောက်ပျက်စီးသူများအတွက် ကောင်းသောအတွေး၊ ကောင်းသောအကျင့်၊ ကောင်းသောအမြင်၊ ကောင်းသောအပြုအမူအပြောအဆိုများကို လုပ်နိုင်မှာမဟုတ်ကြောင်း သေချာပါသည်။ တစ်ဖန် အရက်သောက်သူများတွင် အသည်းရောင် အသားဝါစီရောဂါပိုး များလာပြီး အသည်းခြောက် ရောဂါပိုဖြစ်လွယ်ပါသည်။ လူရွယ်များသည် အရက်ကို ငယ်ငယ်ကတည်းက သောက်ကြသည်။ ကြာလာတော့ အရက်စွဲရောဂါဖြစ်လာပြီး အသည်းကင်ဆာဖြင့် သေဆုံးကြသည်ကို ထုတ်ပြန်သောသတင်းများအရ သိရ၏။ လူငယ်လူရွယ်များသည် ပယင်းရောင်ပင်လယ်ပြင်တွင် ကမ်းမမြင်၊ လမ်းမမြင် ကူးခတ်နေကြသည်။

စာရေးသူတို့ငယ်စဉ်က ရပ်ထဲရွာထဲလမ်းထဲတွင် အရက်သောက်တတ်သူရှားသည်။ တစ်ယောက်စ နှစ်ယောက်စလောက်သာ ရှိခဲ့ပါသည်။ အရက်သမားဟု အခေါ်ခံရမှာကို သူတို့စိုးရွံ့ပါသည်။ တချို့ဆိုလျှင် အရက်သောက်ခြင်းကို လူသိမှာစိုးသဖြင့် ခိုးကြောင်ခိုးဝှက်သောက်ကြသည်။ ထိုကဲ့သို့သောသူများကို ခွက်ပုန်းဟုပင် လှောင်ပြောင်ခေါ်ဝေါ်ခဲ့ကြသည်။ ယခုခေတ်၌ အရက်သောက်ခြင်းကို ခိုးကြောင်ခိုးဝှက် မလုပ်ကြတော့ပေ။ လူပုံအလယ်၌ ဂုဏ်ယူဝံ့ကြွားစွာပင် ဟန်ရေးပြလျက် ပေါ်ပေါ်တင်တင်ပင် သောက်ပြနေကြသည်။ ယောကျ်ားမိန်းမ ခွဲခြားနေစရာမလို၊ ရင်ဘောင်တန်းလျက် မြန်မာ့လူမှုနယ်ပယ်တွင် ပယင်းရောင်ယဉ်ကျေးမှုက ဆန်းသစ်လို့လာနေသည်။ ပသို့ဆိုစေ မိန်းကလေးများအားလုံးကို သိမ်းကျုံးဆိုလိုခြင်းမဟုတ်ပါ။ အချို့မြန်မာမှုကို ထိန်းသိမ်းထားသော မိသားစုများ၊ မြန်မာ့ဟန်ပန်ကိုနှစ်သက်သော မိန်းကလေးများတစ်ပုံတစ်ပင်ရှိနေသည်ကိုလည်း လေးစားရမည်ဖြစ်သည်။ ပယင်းရောင်ယဉ်ကျေးမှုကြောင့် လူမှုဆက်ဆံရေးနယ်ပယ်အဆင့်အတန်း တိုးတက်တာလား၊ ခေတ်မီတာလား သုံးသပ်ရတော့မည် ဖြစ်သည်။

အမှန်တော့ နိုင်ငံခြားယဉ်ကျေးမှုနှင့် လူနေထိုင်မှုပုံစံများ မြန်မာ့လူမှုရေးနယ်ပယ်ထဲသို့ တိုးဝှေ့ဝင်ရောက်လာခြင်းဖြစ်သည်။ ပြည်သူ

လူထုအနေဖြင့် အတုခိုးမမှားဖို့ လိုသည်။ အထူးသဖြင့် အနာဂတ်ကို ဦးဆောင်နိုင်မည့် လူငယ်လူရွယ်များက တွေးဆချင့်ချိန်ကြဖို့ လိုမည်ထင်သည်။ အရက်ကြောင့် ပြဿနာပေါင်းစုံ၊ မှုခင်းအဖုံဖုံတို့ကိုလည်း နေ့စဉ်ထုတ် သတင်းစာများတွင် ဖတ်ရှုနေရသည်။ မကြားဖူးသော ပြစ်မှုမျိုးကို တွေ့မြင်ကြားသိနေရသည်။ အရက်ကြောင့်ပြီး ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေဆုံးသည့်အဖြစ်များ မကြာခဏဖြစ်နေသည်။ အရက်မူးမူးနှင့် ရထားလမ်းပေါ် အိပ်မိလို့ မြို့ပတ်ရထားကြိတ်မိပြီး သေဆုံးသည့်သတင်းကဖတ်ရပြန်သည်။ အရက်ကြောင်ပြီး မိမိလည်ပင်းကို ကိုယ်တိုင်ဓားဖြင့်လှီးသည်အဖြစ်က ကြားရပြန်သည်။ အရက်သောက်ပြီး ကြုံရာကျရာမှာ အိပ်မိလို့ အအေးပတ်ပြီး သေဆုံးသူက တစ်မျိုး၊ အရက်မူး သမားက လမ်းမပေါ် ထိုင်စကားပြောနေသူလည်ပင်းကို ဓားဖြင့်လှီးသည် မှုခင်းက တစ်ဖုံ၊ အရက်ဝိုင်းတွင် စကားများရာမှ လူသတ်မှုကျူးလွန်ကြသည်။ အရက်အလွန်အကျွံသောက်ပြီး သေဆုံးသူများက ရှိနေပြန်သည်။ အရက်သောက်ခြင်းကြောင့် သေဆုံးမှုနှင့် ကျူးလွန်သည့်မှုခင်းများက သောက်သောက်လဲ ဖြစ်နေသည်။ အရက်ကြောင့် ဆင်ခြင်တုံတရားများ နည်းပါးလာနေသည်ကို တွေ့နေရသည်။ မလျော့မကန်ပြောရမည်ဆိုလျှင် အရက်သမားများဖြင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံတော်ကြီး (LDC) တည်ဆောက်အံ့ဟု ပြောရမလိုဖြစ်နေသည်။ လူကိုဖျက်အရက်ဟု ဆိုရိုးစကားရှိခဲ့သည်။ တစ်ချိန်တုန်းက ၎င်းဆိုရိုးတွင်ပါဝင်သော 'လူ'သည် ယောကျ်ားသားများကိုသာ ဆိုလိုခဲ့ဟန်တူသည်။ ယခုအခါ၌ 'လူ'ဟူသည့် စကားလုံးသည် (ယောကျ်ား၊ မိန်းမ)ဟု သဘောသက်ရောက်မှု ရှိနေသည်။ ၎င်းရှေးဆိုရိုးစကားကို စာရေးသူက ပြင်ချင်သည်။ "အနာဂတ်"ကိုဖျက် အရက်ဟု ပြောင်းလဲပစ်ချင်သည်။

စာရေးသူသည် လုပ်ငန်းခွင်အတွင်း အရက်သမား (အရက်ကို နှစ်နှစ်ခြိုက်ခြိုက် စွဲစွဲလန်းလန်း နှစ်သက်သူ) တစ်ဦးနှင့် ဆုံခဲ့ဖူးသည်။ သူသည် အရက်ကြောင်ရောဂါဖြစ်နေသည်ဟု ယူဆရသည်။ သူများက ဖြူလျှင် သူက မည်းသည်။ သူများက ဒီလိုဆိုလျှင် သူကဟိုလိုဖြစ်သည်။ မည်သည့်ကိစ္စမဆို အမြဲတမ်း ဆန့်ကျင်သည်။ သူနှင့်ဆက်ဆံရတိုင်း စိတ်အနှောင့်အယှက်ဖြစ်ရသည်။ ကြာလာတော့ ကိုယ့်စိတ်ဓာတ်လည်း

ပျက်စီးလာပြီး အကုသိုလ်စိတ်တွေ များလာသည်။ အရက်သမားများနှင့် ပြောဆိုဆက်ဆံရခြင်းသည် စိတ်ချမ်းသာစရာမရှိ၊ ဖြစ်နိုင်လျှင် အရက်သမားများနှင့် ဝေးဝေးရှောင်ချင်သည်။

ခေတ်အခြေအနေအရ အလှ္ဘာအသီးသီး၌ မည်သည့် အခမ်းအနားမဆိုအရက်၊ ဘီယာနှင့် ဝိုင်များက ထိပ်ဆုံးပိုင်း အသောက်စာရင်းဝင်နေသည်ကို တွေ့ရသည်။ သူတို့မပါလျှင် အထမမြောက်တော့သလိုဖြစ်နေသည်။ ယခုအခါ စားသောက်ဆိုင်အသီးသီး၌ အရက်ပုလင်းခွံများ၊ ဘီယာဘူးအခွံများက တောင်လိုပုံနေသည်။ အသက်(၁၈)နှစ်အောက် အရက်မဝယ်ရ၊ အရက်မသောက်ရဟု တားမြစ်ထားသော်လည်း မသိကျိုးကျွံပြုနေကြသည်။ အရက်ကိုသေရည်ဟုခေါ်ကြောင်း ဘာသာရေးဆုံးမစကားအရ မှတ်သားခဲ့ရဖူးသည်။ လူ၏အသက်နှင့် နှလုံးသားကိုသာမက ဘဝတစ်ခုလုံးကိုပါ သေစေနိုင်သဖြင့် သေရည်ဟုခေါ်ခြင်းဖြစ်သည်။ အရက်သောက်ခြင်းကြောင့် အသက်တိုစေနိုင်သည်။ မည်သူမဆိုသေရမှာကြောက်သည်။ တစ်နည်းအားဖြင့် အသက်ရှည်ရာရှည်ကြောင်းတွေးဆကျင့်ကြံနေထိုင်တတ်ဖို့ လိုသည်။ အရက်သောက်နှုန်း ရေချိန်မြင့်တက်မှုကို အချိန်မီမကန့်သတ်နိုင်လျှင် နိုင်ငံသူနိုင်ငံသားတို့၏ အနာဂတ်ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်းတိုးတက်ရေး အညွန့်းကိန်းကိုအကြီးအကျယ် စိန်ခေါ်နေသော အန္တရာယ်တစ်ခု ဖြစ်လာနိုင်သည်။ မျိုးဆက်သစ်တိုးတက်ရစ်ဖို့ အဟန့်အတားတစ်ခု ဖြစ်နေ၏။ သို့ဖြစ်၍ အရက်သောက်နှုန်းကို လျှော့ချနိုင်ရန် နည်းလမ်းများ ရှာဖွေခြင်းသည် အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်သည်။ ဒီပယင်းရောင်(အရက်) ပြဿနာကို တိတိပပခိုင်ခိုင်မာမာ မကိုင်တွယ်နိုင်လျှင် အနာဂတ်မှာလူ့စွမ်းအားအရင်းအမြစ်များ အဟောသိကံ ဖြစ်နေပါဦးမည်။

လူ့လောကတွင် ကိုယ်ရောစိတ်ပါကျန်းမာပြီး အသက်ရှည်ရှည်နေထိုင်လိုသူများ၊ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလိုသူများသည် အရက်ကိုလျှော့သောက်ခြင်း သို့မဟုတ် ဖြတ်တောက်ခြင်းပြုနိုင်မည်ဆိုပါလျှင် ဤဆောင်းပါး ရေးရကျိုးနပ်သည်ဟုယူဆမိပါတော့သတည်း။

***(၁၂. ၈. ၂၀၁၄) စံတော်ချိန်သတင်းစာ***

# ကိုသောင်းလည်း ရှက်မိပါသည်

ကိုသောင်းသည် ကုမ္ပဏီဝန်ထမ်းတစ်ဦး ဖြစ်သည်။ အလုပ်ရှင်သည် ပညာတတ်ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးစစ်စစ်တစ်ဦးဖြစ်ပြီး နေရာတိုင်းတွင် သန့်ရှင်းရေးနှင့် ကျန်းမာရေးကို အထူးအလေးထား (ရှူးသွပ်သူ) တစ်ဦးလည်း ဖြစ်သည်။ ကုမ္ပဏီတွင် စက်ရုံဝန်ထမ်း ၁၅၀ ခန့်နှင့် ရုံးဝန်ထမ်းဦးရေ ၅၀ခန့်မျှ ရှိသည်။ အလတ်စားကုမ္ပဏီတစ်ခု ဖြစ်သည်နှင့်အညီ အဆောက်အဦးများ၊ သန့်စင်ခန်းများကို သန့်ရှင်းသပ်ရပ်အောင် အဆင့်မြင့်မြင့် တည်ဆောက်ပေးထားသည်။

စက်ရုံအတွင်း၌လည်းကောင်း၊ ရုံးခန်းများအနီး၌လည်းကောင်း သန့်ရှင်းသပ်ရပ်မှုရှိစေရန် မဝေးလှသောနေရာများ၌ နိုင်ငံခြားမှ ဝယ်ယူလာသော ပလပ်စတစ်အမှိုက်ပုံးများကို လုံလောက်အောင် စီစဉ်ပေးထား၏။ သို့ရာတွင် သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များနှင့် ကြီးကြပ်ရေးမှူးများက ကွပ်ကဲစိစစ်နေသည့်ကြားကပင် ဝန်ထမ်းနှင့်လုပ်သားများက ပြီးစလွယ် အမှိုက်ပစ်ခြင်းများကို တွေ့နေရပေ၏။ လစ်ရင်လစ်သလို အမှိုက်များကို အမှိုက်ပုံးထဲသို့မထည့်ဘဲ ပစ်ချင်ရာပစ်နေ၏။

ကုမ္ပဏီ၌သန့်ရှင်းရေးဝန်ထမ်းများကို အလုံအလောက်ခန့်ထားပေး၏။ သို့သော် အမှိုက်သိမ်းဆည်းသူနှင့် စည်းကမ်းမဲ့အမှိုက်ပစ်သူတို့က မညီမျှသဖြင့် သန့်ရှင်းရေး ဝန်ထမ်းများခမျာ နားရသည်မရှိ။ တစ်နေကုန် တကုပ်ကုပ်နှင့်လုပ်နေရသည်။ ကိုယ်ချင်းစာနာမှုနည်းကြပေ

သည်။ အထူးသဖြင့် သန့်စင်ခန်းများတွင် သန့်ရှင်းရေးဝန်ထမ်းများက အလျှင်မီအောင် မနည်းလုပ်နေကြရ၏။ သန့်စင်ခန်းအတွင်း၌ အိမ်သာသုံးစက္ကူကို သုံးပြီးစွန့်ပစ်ရန် ပလပ်စတစ်အမှိုက်ပုံးများ ထားပေးသော်လည်း ၎င်းပုံးများထဲသို့ စနစ်တကျမထည့်ကြ၊ အိမ်သာကြွေခွက်များထဲသို့စွန့်ပစ်ကြသဖြင့် ရေပိုက်များ မကြာခဏပိတ်သည့်အလုပ်က ပိုလာပြန်သည်။

ထိုမှတစ်ဖန် သန့်စင်ခန်းအပြင်ဘက်၌လည်း လက်ကိုဆေးကြောသန့်စင်နိုင်ရန် လက်ဆေးကြွေကန်၊ လက်အခြောက်ခံစက်နှင့် သန့်ရှင်းရေးသုံးစက္ကူများ ထားပေးသည်။ ၎င်းပြင် လက်ဆေးကြွေကန်အနီးတွင် အမှိုက်ပုံးလည်း ထားပေးပြန်သေး၏။ သို့သော် လူတော်တော်များများက စည်းကမ်းမဲ့ကြသည်။ လက်သုတ်ပြီးသော စက္ကူစများကို လက်တစ်ကမ်းအကွာရှိ အမှိုက်ပုံးထဲသို့ကျအောင်မထည့်၊ သန့်စင်ခန်းရှေ့ ကြွေပြားခင်းကြမ်းပြင်တွင်ပစ်ထားသည်မှာ ပွာစာတတ်လို့နေသည်။

ကိုသောင်းက အမှိုက်တွေ့လျှင် မနေနိုင်၊ ကိုယ့်ရှေ့တွင် တွေ့နေရသည့် အမှိုက်များကိုကောက်ပြီး နီးစပ်ရာအမှိုက်ပုံးအတွင်းသို့ ထည့်သည့်အလေ့ကရှိနေခဲ့သည်။ ငယ်ဘဝကျောင်းနေစဉ်က သန့်ရှင်းရေးလုပ်ခြင်း၊ အမှိုက်ကောက်ခြင်း အလေ့အထများသည် အကျင့်ကောင်းများအဖြစ် ယနေ့တိုင် ရှိနေခဲ့လေ၏။ တစ်နည်းအားဖြင့် ကုသိုလ်ရသော လုပ်ရပ်တစ်ခုကို မည်သူကမျှ မခိုင်းစေရဘဲ စိတ်ရင်းအမှန်ဖြင့် ဆောင်ရွက်ခဲ့၏။

တစ်ရက်တွင် ကိုသောင်းတို့ ကုမ္ပဏီသို့ နိုင်ငံခြားသားဧည့်သည်များ လာရောက်လေ့လာခဲ့၏။ သူတို့အထဲတွင် ဂျပန်လူမျိုးလုပ်ငန်းရှင်တစ်ဦးလည်း ပါလာသည်။ အတန်ကြာသောအခါ အနီးဂျပန် လုပ်ငန်းရှင်သည် သန့်စင်ခန်းသို့ သွားချင်သည်ဆို၍ ကိုသောင်းကိုယ်တိုင် လိုက်ပို့ပေးခဲ့သည်။ ကိုသောင်းလည်း သန့်စင်ခန်းနှင့် အပြင်ဘက် မလှမ်းမကမ်းနေရာမှနေ၍ ဂျပန်ဧည့်သည်ကို စောင့်နေမိသည်။ ၅မိနစ်ခန့်ကြာပြီးနောက် သန့်စင်ခန်းမှ ထွက်လာသော ဂျပန်ဧည့်သည်က လက်ဆေးရန် ကြွေကန်အနီးသို့ ရောက်သွားလေသည်။ သည်အခါတွင် သူသည် လက်မဆေးသေးဘဲ အောက်တွင်ပြန့်ကျဲနေသော စက္ကူအမှိုက်များကို စိတ်ရှည်လက်ရှည်ဖြင့်ကောက်ပြီး အနီးရှိ အမှိုက်ပုံးထဲသို့ ထည့်နေ

သည်ကို တွေ့ရသည်။ သူ့မျက်နှာသည် ပြုံးပြုံးလေးပင်ဖြစ်သည်။ ငြိုငြင်မှု မရှိ၊ ပြီးမှလက်ကို စနစ်တကျဆေးပြီး ထွက်လာသည်ကို တွေ့ရလေ၏။ ကိုသောင်းက ဂျပန်ဧည့်သည်အား အမှိုက်ကောက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပြီး မျက်နှာကို ဘယ်လိုထားရမှန်းပင် မသိတော့ပါ။ သည်နေ့မှ ကိုသောင်းကလည်း သန့်စင်ခန်းအနီးသို့ မလာမိ၊ လာမိလျှင်လည်း အမှိုက်များကို စောစောကတည်းက ကောက်မိမှာ အမှန်ပင်ဖြစ်သည်။ ယခုတော့ ကိုသောင်းသည် ဂျပန်နိုင်ငံသား လုပ်ငန်းရှင်ဧည့်သည်ကို အားနာမိသည်။ မကွယ်မဝှက် ဝန်ခံရမည်ဆိုပါက ကိုသောင်းလည်း မြန်မာတစ်ယောက်အနေဖြင့် ရှက်မိပါသည်။ ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီတိုးတက်ဆုံးနှင့် ချမ်းသာကြွယ်ဝသော စာရင်းဝင်နိုင်ငံကြီးတစ်ခုမှ လုပ်ငန်းရှင်တစ်ဦးက ပရဟိတစိတ်ဖြင့် နိုင်ငံကြီးသားပီသကြောင်းကို သူ၏ပြုမူနေကျ လုပ်ဆောင်ချက်ဖြင့် ပြသသွား ခြင်းပင်ဖြစ်သည်။

ဂျပန်နိုင်ငံသားများသည် ပရဟိတစိတ်ဓာတ်နှင့် နိုင်ငံကြီးသားပီသမှုကို အလေးထားကြသူများ ဖြစ်သည်။ ယခုနှစ် (၂၀၀၄ခုနှစ်) ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ဂျပန်နိုင်ငံအသင်းသည် တစ်ဘက်ယှဉ်ပြိုင်အသင်းကို ရှုံးနိမ့်ခဲ့သည်။ ၎င်းဘောလုံးပွဲသို့ လာရောက် ကြည့်ရှုကြသော ဂျပန်ပရိသတ်သည် မိမိတို့အသင်းဆုံးရှုံးမှုကို မကျေနပ်ဟန်မပြ၊ ရှုံးနိမ့်သည့်အတွက် တစ်ဘက်အသင်းကို မလိုလားသည့်သဘောမျိုး ပြောဆိုခြင်းမရှိ၊ ယှဉ်ပြိုင်ပွဲပြီးသောအခါ ပွဲကြည့်လာ ဂျပန်လူမျိုးအားလုံးက ပြိုင်ပွဲကျင်းပရာ ကွင်းအတွင်းရှိ အမှိုက်များအားလုံးကို အားတတ်သရောပျော်ရွှင်စွာ ကောက်သိမ်းပြီး သန့်ရှင်းရေးလုပ်ပေးခဲ့လေသည်။ ဤသို့သော လုပ်ရပ်ကြောင့် ဂျပန်လူမျိုးများအပေါ် တစ်ကမ္ဘာလုံးက လေးစား ဦးညွှတ်ခဲ့ရသည်။

၂၇-၈-၂၀၁၄ နေ့ထုတ်လွှင့်သော MRTV မှ ည ၈ နာရီ နိုင်ငံတကာသတင်းတွင် ဂျပန်နိုင်ငံ၌ စူပါမင်းတစ်ဦးပေါ်ပေါက်နေသည်ဟု ထူးထူးခြားခြား သတင်းကြေညာခဲ့လေသည်။ အဆိုပါ Superman သည် အမှိုက်ကျုံးဂေါ်ပြားနှင့် တံမျက်စည်းကိုင်လျက် လမ်းပေါ်ရှိ အမှိုက်များသိမ်းဆည်းပေးနေသည်ကို MRTV မှ ပြသသည်။ ၎င်း Superman ကို

အားကျသဖြင့် ဂျပန်နိုင်ငံသားအချို့ကလည်း စေတနာ့ဝန်ထမ်း အမှိုက်သိမ်းခြင်းလုပ်ငန်းတွင်ပါဝင်လာကြသည်ဟု ဖော်ပြထားသည်။ အတုယူလေးစားထိုက်သော စိတ်ဓာတ်နှင့် လုပ်ရပ်များဖြစ်ပေသည်။

တလောက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းတစ်ဝိုက်၌ လူထုလှုပ်ရှားမှုအဖြစ် စုပေါင်းအမှိုက်ကောက်နေကြပုံ သတင်းနှင့် ဓာတ်ပုံများကို ဖတ်ရှုရသဖြင့် မြန်မာများအဖို့ ဂုဏ်ယူစရာ ကောင်းလှသည်။ ဤသို့သော အမှိုက်သိမ်း(ကောက်)သည့် ပရဟိတစိတ်ဓာတ်များ တိုးပွားလာစေရန်နှင့် အလေ့အကျင့်ကောင်းများ ရရှိစေရန် တစ်ဦးချင်း၏ စိတ်ဓာတ်နှင့် အမူအကျင့်များ ပြောင်းလဲရန် လိုအပ်မည်ထင်သည်။

ကိုသောင်းတို့နိုင်ငံတွင် အမှိုက်ကောက်ခြင်းလုပ်ငန်းကို အောက်တန်းကျသည့်အလုပ်ဟုများသောအားဖြင့် ရှုမြင်နေကြပုံရသည်။ တချို့က အမှိုက်ကောက်ခြင်းကို ရွံရှာဖွယ်ဟု ထင်နေသော်လည်း မိမိတို့ကိုယ်တိုင်က အရှက်မရှိဘဲ ကိုယ်သုံးစွဲသော အမှိုက်များကို စည်းမဲ့ကမ်းမဲ့ပစ်နေကြသည်ကို တွေ့နေရသည်။ ကိုယ့်တာဝန်ကိုယ်မယူခြင်းပင်ဖြစ်သည်။ ယခုထိ အိမ်နောက်ဖေးလမ်းကြားထဲသို့ အမှိုက်ပစ်နေသူများက တစ်ပုံတစ်ပင်ရှိနေသည်။ အလားတူ ပလက်ဖောင်းများ၊ ကားမှတ်တိုင်များ၊ လူအများအပန်းဖြေရာ ပန်းခြံများ၊ အလှဆင်မျက်ခင်းများပေါ်၌ စားသုံးပြီးသော ပလပ်စတစ်အိတ်ခွံများ၊ စက္ကူစအမှိုက်များက ပေါက်ပေါက်ကြဲထားသလို မြင်တွေ့နေရသည်။ မြင်သည့်အတိုင်းပြောရလျှင် လှည်းတန်းခုံးကျော်တံတားသစ်ကြီး၏အောက် ကွန်ကရစ်ကြမ်းပြင်ပေါ်တွင် အမှိုက်များပစ်ထားသဖြင့် ထိုင်စရာမရှိအောင်ပင် ညစ်ပတ်နေ၏။ ကိုသောင်းရင်ထဲမှာ ရှိသည့်အတိုင်းပြောရလျှင် စည်းကမ်းမဲ့ အမှိုက်ပစ်သူများသည် နိုင်ငံကြီးသားအဖြစ်ခံယူဖို့ မနီးစပ်သူများဖြစ်သည်။

အမှိုက်ကောက်ခြင်း၊ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းသည် ကျန်းမာရေးအထောက်အကူပြုလုပ်ငန်း ဖြစ်သကဲ့သို့ ရောဂါများမဖြစ်ပွားစေရန်ကြိုတင်ကာကွယ်ခြင်းလည်း မည်၏။ အလားတူ မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်၏ သန့်ရှင်းသပ်ရပ်ယပ်မှုကို ဖြစ်စေနိုင်သဖြင့် စိတ်ကြည်လင်လန်းဆန်းမှုကိုလည်း ဖြစ်စေနိုင်ပါသည်။ တစ်ဦးတစ်ယောက်မှသည်

အစုအဖွဲ့အလိုက် စနစ်တကျအမှိုက်ပစ်ခြင်း၊အမှိုက်ကောက်ခြင်း စသော ပရဟိတလုပ်ငန်းများ လုပ်ဆောင်ခြင်းသည် အမျိုးသားရေးလုပ်ငန်း တစ်ရပ်လည်းဖြစ်သည်။ သို့ဖြစ်၍ ဤကိစ္စကို ပြည်သူလူထု တစ်ရပ်လုံး က နက်နက်ရှိုင်းရှိုင်း ပါဝင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရ ပေသည်။

***(၁၄. ၉. ၂၀၁၄) စံတော်ချိန်သတင်းစာ***

# အမှိုက်ဒုက္ခ

ဦးဘညွန့်ရဲ့ ချစ်ဒုက္ခရှိခဲ့ဖူးသလို ကျွန်တော်တို့မှာလည်း အမှိုက်ဒုက္ခ ရှိနေသည်။ အမှိုက်သည် လူတို့အတွက် အသုံးမလိုတော့သဖြင့် စွန့်ပစ်သောအရာများဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ရမည်ဖြစ်သည်။ စာဖတ်သူများလည်း မိမိတို့နှစ်သက်သလို အနက်ဖော်နိုင်ပါသည်။ အမှိုက်အမျိုးအစားပေါင်း မရေတွက်နိုင်အောင်ရှိမည်ထင်သည်။ ကျွန်တော်ဉာဏ်မီသလောက် စဉ်းစားကြည့်လျှင် အသီးအရွက်သားငါးနှင့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့်စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများသည် အမှိုက်များပင် ဖြစ်ပေသည်။

လူရှိလျှင် အမှိုက်ရှိမည်ဖြစ်သည်။ လူနေထူထပ်သော ဒေသများ၌ စွန့်ပစ်အမှိုက်များက ပမာဏကြီးမားမည်ဖြစ်သည်။ အရာရာသုံးစွဲမှု ပိုမိုများပြားလာသဖြင့် အမှိုက်အထွက်နှုန်း တိုးလာမည်မှာ အမှန်ပင်ဖြစ်သည်။ လူတို့စားသောက်ရေးမှ ထွက်ရှိသော မီးဖိုချောင်သုံးစွန့်ပစ်ပစ္စည်းတို့က မလွဲမသွေ နေ့စဉ် ထွက်ရှိလို့နေသည်။ ၎င်းအမှိုက်များကို ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် ရပ်ကွက်လမ်းထိပ်ရှိ အမှိုက်ပုံးသို့ သွားရောက်စွန့်ပစ်သော်လည်း အိမ်ထောင်စုဦးရေနှင့် အမှိုက်ပုံးအရေအတွက်က မမျှတသဖြင့် အမှိုက်ထုတ်များက လျှံကျပြီး မြေပြင်ပေါ်တွင် ပြန့်ကျဲနေသည်။ အမှိုက်သိမ်းသည့် စည်ပင်အဖွဲ့က နေ့စဉ် သိမ်းဆည်းခြင်းမရှိ၍လား၊ သိမ်းမနိုင်၍လားမသိ၊ အမှိုက်ထုပ်များက တောင်ပုံရာပုံဖြစ်နေ

သည်။ ဖြတ်သွားဖြတ်လာသူများအဖို့ အနံ့အသက်ကမကောင်း၊ အော့အန်ချင်စရာကောင်းလှသည်။ အမှိုက်ပုံနှင့် နီးသောအိမ်ထောင်စုအဖို့ ပုပ်သိုးသိုးအနံ့ဆိုးများကြောင့် ကြာလာလျှင် ကျန်းမာရေးထိခိုက်စေနိုင်သည်။

တစ်ဖန်ရက်ခြားဆိုသလို ကျွန်တော်နေထိုင်ရာလမ်းထဲသို့ လက်တွန်းလှည်းဖြင့် အမှိုက်လာသိမ်းသောအဖွဲ့လည်း ရှိသည်။ သို့သော် အမှိုက်ထုပ်ကို တင်ချင်တိုင်း တင်ပေးလိုက်၍မရ။ ထိုက်သင့်သောအခကြေးငွေပေးမှ အမှိုက်ထုပ်ကိုယူသွားလေ့ရှိသည်။ ခပ်တန်တန် အထုပ်တစ်ထုပ် ကို ငွေကျပ် ၅၀၀ ခန့် ပေးရသည်။ အထုတ်ကြီးလျှင် ၁၅၀၀ ကျပ် အထိပေးရတတ်သည်။ သို့တည်းမဟုတ် သူတို့ရောင်းသော ပလတ်စတစ်အိတ်ကိုဝယ်ပြီး အမှိုက်ပစ်လျှင် အဆင်ပြေပြေ ယူသွားပါ သည်။

သူတို့ဘက်ကကြည့်လျှင်လည်း မှန်သည်။ ၎င်းတို့သည် စည်ပင်ဝန်ထမ်းလား၊ အခြားအရပ်သားလားဆိုတာ အသေအချာ မမေးမိပါ။ သူတို့ဆောင်ရွက်ရသော အလုပ်နှင့်အထိုက်အလျောက်ညီမျှသော လုပ်အားခလိုချင်သည်ကို အပြစ်တင်စရာ မလိုပေ။ တော်ရုံတန်ရုံလူမလုပ်နိုင်သော အညစ်အကြေးနှင့် အမှိုက်သိမ်းသည့် လုပ်ငန်းကိုဆောင်ရွက်နေခြင်းကပင် ကျေးဇူးတင်စရာကောင်းလှသည်။ သို့သော် အိမ်ထောင်တစ်ခုအတွက် တစ်လလျှင် အမှိုက်ပစ်ခငွေ ၁၅၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်အထိ ကုန်ကျစရိတ်ရှိနေသည်။ သည်အတိုင်းဆိုလျှင် စားဝတ်နေရေးစရိတ်အပြင် အမှိုက်ပစ်ခပါထပ်ဆောင်းရှာဖွေရမည်ဖြစ်၏။

မြို့ပေါ်ရပ်ကွက်အတွင်း နေထိုင်သူများက အမှိုက်သိမ်းခွန်ကို စည်ပင်သို့ နှစ်စဉ်ပေးသွင်းထားသော်လည်း အမှိုက်မှန်မှန်မသိမ်းနိုင်သဖြင့် အမှိုက်ပုံများ၏ မြင်ကွင်းနှင့်အနံ့အသက်ဆိုးများက ရပ်ကွက်၏ အလှအပကို ဖျက်ဆီးသလို ဖြစ်နေ၏။ တစ်နည်းအားဖြင့် ရန်ကုန်မြို့ကို အကျည်းတန်စေ၏။

လူစည်ကားရာအရပ်ရှိ လမ်းဘေးတစ်ဖက်တစ်ချက်၌ နေ့ ဈေးတန်း၊ ညဈေးတန်းများမှ သစ်သီးမျိုးစုံ၊ အစားအသောက်၊ အကြော်အလှော်၊ ဈေးခင်းရောင်းချသူများ၏ ဖြစ်သလိုစွန့်ပစ်သော အမှိုက်သရိုက်တို့က နေရာအနှံ့တွေ့နေရပြီး ရန်ကုန်မြို့ကြီးကို အမှိုက်ပုံထဲသို့

တွန်းပို့နေသည်။ တကယ်ဆိုရင် အမှိုက်ကို သတ်မှတ်နေရာမှ စနစ်တကျ စွန့်ပစ်ခြင်းမရှိသော ဈေးသည်နှင့် ပြည်သူတွေမှာလည်း တာဝန်ရှိသည်။ စည်ပင်သန့်ရှင်းရေးဝန်ထမ်းများက ညဈေးတန်းများမှ စွန့်ပစ်သော အမှိုက်များကို ညတွင်းချင်း ရှင်းပစ်ကြသော်လည်း ဟီးဟီးထနေသော အမှိုက်ပုံကြီးများက သူတို့ကို လှောင်နေကြသည်။

စည်ပင်လုပ်သားများက မနက်ခင်းပိုင်းတွင် လမ်းမများနှင့် ပလက်ဖောင်းပေါ်ရှိ အမှိုက်များကို လှဲကျင်းသိမ်းဆည်းသော်လည်း သူတို့ခမျာ အလျှင်မီအောင် မလုပ်နိုင်ပေ။ သိမ်းဆည်းရင်းဖွရင်း ဖြစ်နေသည်။ ရန်ကုန်မြို့၏ အချက်အခြာကျရာဖြစ်သော ဆူးလေဘုရားအနီးတစ်ဝိုက်၊ သိမ်ကြီးဈေးလမ်းတစ်လျှောက်၊ လှည်းတန်းလမ်းဆုံနှင့် ရွှေဂုံတိုင်လမ်းဆုံတို့တွင် လူများက အချိန်ပြည့်ဥဒဟိုသွားလာနေကြသည်။ ထိုသို့သွားလာနေကြသောသူများမှ စွန့်ပစ်သောအမှိုက်များက ဗရပွ ရှိနေသည်။ ထိုသူများထဲတွင် အမှိုက်ကို စနစ်တကျစွန့်ပစ်လိုသောသူများလည်း ပါဝင်ပါလိမ့်မည်။ သို့သော် စွန့်ပစ်ရန် အမှိုက်ပုံးများရှာသော်လည်း လက်လှမ်းမီရာနေရာများတွင် အလွယ်တကူမတွေ့ရသဖြင့် ပလက်ဖောင်းပေါ်သို့ ပစ်ချနေကြသည်။ နဂိုကတည်းက စည်းကမ်းလိုက်နာမှု အားနည်းသောသူများဖြစ်၍ အမှိုက်ပုံးများ၊ အမှိုက်ကန်များ လုံလောက်စွာထားပေးမှုမရှိခြင်းသည် သန့်ရှင်းသပ်ရပ်မှုကို ပရမ်းပတာဖြစ်အောင် တွန်းအားပေးသလို ဖြစ်နေသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စက်မှုဇုန်များတည်ဆောက်ပေးထားသော်လည်း စက်ရုံများမှ ထွက်ရှိသော အမှိုက်များကို စွန့်ပစ်ရန် နေရာသတ်မှတ်ပေးထားခြင်းမရှိသဖြင့် အကြီးအကျယ်ဒုက္ခတွေ့ရသည်။ စက်ရုံများက သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာသို့ အခွန်အခအဖြစ် တစ်နှစ်လျှင်တစ်ကြိမ် ငွေသိန်းချီပြီး တရားဝင်ပေးသွင်းနေရသော်လည်း စည်ပင်၏ဆောင်ရွက်ချက်က ဘာလဲဆိုတာ မေးခွန်းထုတ်စရာဖြစ်နေသည်။ ယခု ၂၀၁၄ ခုနှစ်အတွက် စက်ရုံတစ်ရုံမှ စည်ပင်သို့ပေးသွင်းရသည့် အခကြေးငွေမှာ ကျပ်နှစ်သိန်းဖြစ်သည်။

ပသို့ဆိုစေ စက်ရုံများမှထွက်ရှိသော အမှိုက်များကို စနစ်တကျ စွန့်ပစ်လိုသော်လည်း မည်သို့ဆောင်ရွက်ရမည်ကို လမ်းစရှာမရဖြစ်နေ

သည်။ စည်ပင်မှ အမှိုက်သယ်ယာဉ် (ထော်လာဂျီ)ကိုခေါ်ယူ အမှိုက်ပစ်လျှင် တစ်ခေါက်ကို ငွေကျပ် ၃၅၀၀၀ ပေးရသည်။ တစ်ပတ်စာအတွက် အလတ်စား စက်ရုံတစ်ရုံ၏ စွန့်ပစ်အမှိုက်ကို စည်ပင်မှ ထော်လာဂျီနှင့် တင်လျှင် သုံးစီးစာလောက်ရှိသည်။ အခကြေးငွေပေး၍ အမှိုက်ပစ်ချင်သော်လည်း ၎င်းထော်လာဂျီကို ခေါ်ချင်တိုင်းခေါ်၍မရ။ သူတို့အဆင်ပြေသည့်ရက်မှ လာတတ်သည်။ သည့်အတွက် အမှိုက်ဒုက္ခကို မည်သို့ဖြေရှင်းရမှန်းပင် မသိတော့ပြီ။

ဖြစ်ရပ်မှန်အတိုင်း ပြောရမည်ဆိုလျှင်မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်စက်မှုဇုန်ရှိ စက်ရုံတစ်ရုံမှထွက်သော အမှိုက်များကို ပစ်စရာနေရာမရှိ၍ စက်ရုံပိုင်သုံးတန် မော်တော်ယာဉ်ပေါ်သို့တင်ပြီး ဝေးလံသောမြို့နယ်တစ်ခုရှိ စည်ပင်အမှိုက်ကျင်းသို့ စက်ရုံလုပ်သားခြောက်ယောက်ဖြင့် တကူးတကသွားရောက်ပစ်ခဲ့ရသည်။ ထိုအမှိုက်ကျင်းတွင် တာဝန်ရှိသူက ၎င်းအမှိုက်များအတွက် စွန့်ပစ်ခငွေကျပ် ၂၅၀၀၀ တောင်း၍ ပေးရသည်။ တစ်နေ့ကို ယာဉ်ဘယ်နှစ်စီး စာလောက်ငွေရမည်ကို စာဖတ်သူတို့ ခန့်မှန်းနိုင်ပါသည်။ ထိုသို့သော အမှိုက်ဒုက္ခကြောင့် စက်ရုံများမှာ အချိန်ကုန် ငွေကုန်လူပန်းဖြစ်ရသည်။

သည်သို့ဆိုလျှင် အမှိုက်ဒုက္ခက ရန်ကုန်မြို့နေလူထုအတွက် အကြီးအကျယ်စိန်ခေါ်မှုတစ်ရပ် ဖြစ်နေသည်။ ဤအမှိုက်ဒုက္ခကို မည်သူတွေက မည်သို့ဆောင်ရွက်ကြမည်နည်း၊ အမှိုက်ဒုက္ခသည် လူများ၏ စည်းကမ်းရှိခြင်း၊ မရှိခြင်းနှင့်လည်း တိုက်ရိုက်အချိုးကျသည်။ အမှိုက်ဒုက္ခများလျော့ပါးသွားစေရန် နည်းလမ်းများရှာကြံသင့်သည်။ လူဦးရေ ခုနစ်သန်းခန့်မျှ နေထိုင်သော ရန်ကုန်မြို့ကြီးတွင် နေ့စဉ် စွန့်ပစ်သော အမှိုက် တန်ချိန်မှာ ၁၆၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ ရန်ကုန်မြို့၏အမှိုက်ဒုက္ခကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပြီး ဖြေရှင်းမည်ဟု ကြားသိရသဖြင့် ဝမ်းသာမိသည်။ အချိန်ဆွဲမနေဘဲ အမြန်ဆုံးညှိနှိုင်း အဖြေရှာသင့်သည်။ စာရေးသူ၏ တစ်ထွာတစ်မိုက်ဉာဏ်ကလေးဖြင့် အကြံပေးရမည်ဆိုလျှင် စနစ်တကျ အမှိုက်ပစ်တတ်စေရန် ပြည်သူလူထုအား အစိုးရအဖွဲ့အစည်းများနှင့် အရပ်

ဘက်အဖွဲ့အစည်းများက အသိပညာပေးရန် လိုအပ်မည်ထင်သည်။ အလားတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၌ အောက်ခြေ (အမှိုက်သိမ်း) လုပ်သားများကို တိုးချဲ့ဖွဲ့စည်းသင့်ကြောင်းနှင့် ဘတ်ဂျက်ကိုလည်း ယခင်ကထက် ပိုမိုခွဲဝေသုံးစွဲသင့်သည်ဟု ယူဆမိသည်။ သို့မှသာ အမှိုက်သိမ်းလုပ်သားဦးရေ၊ အမှိုက်ပုံးနှင့် အမှိုက်ကန်များ၊ အမှိုက်သိမ်းယာဉ်စီးရေများ၊ အမှိုက်ပစ်ရန်နေရာများကို တိုးချဲ့လျက် ကွပ်ကဲစီမံနိုင်လျှင် အမှိုက်ဒုက္ခလျော့နည်းသွားမည်ဖြစ်ကြောင်း သုံးသပ်မိသည်။ အမှိုက်ဒုက္ခသည် ရန်ကုန်တစ်မြို့တည်းသာမကဘဲ တစ်နိုင်ငံလုံး၏ ဒုက္ခလည်းဖြစ်၏။

ပသို့ဆိုစေ ရန်ကုန်မြို့နေ လူထုကလည်း စနစ်ကျသော အမှိုက်စွန့်ပစ်ခြင်းနှင့် အမှိုက်သိမ်း(ကောက်)ခြင်းများကို ပါဝင်ပတ်သက်မှသာလျှင် ရန်ကုန်မြို့သည် သန့်ရှင်းသပ်ယပ်တင့်တယ်သော မြို့ကြီး ဖြစ်လာမည်မှာ ဧကန်ဖြစ်ပါကြောင်း။

*(၃. ၁၀. ၂၀၁၄) စံတော်ချိန်သတင်းစာ*

# အမျိုးအဆွေ

ကျုပ်တာဝန်ထမ်းဆောင်နေတဲ့ဌာနမှာ မင်းသားကြီးလုပ်ချင်တဲ့သူတွေ ရှိနေတယ်ဗျ။ သူတို့ကို ကြည့်လိုက်ရင် မင်းသားကြီး ဆိုက်နဲ့ ဂိုက်နဲ့ အိုက်တင်ကအပြည့်ပဲ၊ မင်းသားကြီးစတိုင်သာ ချိုးနေကြတာ ပြောပုံဆိုပေါက်က အချိုးပြေတာ တစ်ခုမှမရှိဘူး။

ဌာနတစ်ခုလုံးမှာ ဘာပဲဖြစ်ဖြစ်သူတို့လုပ်မှဖြစ်မယ်။ သူတို့လုပ်မှ အရာထင်တယ်။ သူတို့ပြောတာ လက်ခံရမယ်၊ သူတို့ဆုံးဖြတ်မှ မှန်တယ် ထင်နေတာဗျ။ နေရာတကာမှာ မင်းသားကြီးလုပ်ချင်နေတဲ့သူတွေဟာ စိတ်ကြီးဝင်နေတဲ့သူတွေပေါ့ဗျာ။

မင်းသားကြီးလုပ်ချင်တဲ့သူတွေက သူတို့ပြောတဲ့အတိုင်း မဖြစ်ခဲ့ရင် သူတို့နဲ့အတိုက်အခံဖြစ်တဲ့သူကို အသက်အရွယ်အရ၊ ရာထူးအရ၊ ကြီးတာရောငယ်တာရောမရှောင်ဘဲ ဉာဏ်နီဉာဏ်နက်တွေနဲ့ တစ်မျိုးပြီး တစ်မျိုး ဒုက္ခပေးတော့တာပါပဲ။ တစ်ဖက်က ဝန်ထမ်းတွေနဲ့ တို့လိုတို့ပေး၊ ဌာနအကြီးအကဲနဲ့ တို့လိုတို့ပေးနည်းအမျိုးမျိုးကို စုံနေအောင်လုပ်တတ်တယ်။

ကျုပ်ကတော့ ကိုယ့်ကိုထမင်းကျွေးနေတဲ့ အလုပ်ပြိုကွဲပျက်စီးသွားအောင် သွေးထိုးပေးတဲ့အလုပ်မျိုး ဘယ်တော့မှမလုပ်ဘူး။လက်အောက်ခံဝန်ထမ်းတွေမကျေမနပ်နဲ့ အမြင်စောင်းစေမယ့် လှုံ့ဆော်မှုတွေဖြစ်အောင် ဘယ်တော့မှ မဖန်တီးဘူး။

တကယ်တော့ အဲဒီမင်းသားကြီး လုပ်ချင်တဲ့သူတွေက ဌာန အကြီးအကဲရဲ့ ဆွေရိပ်မျိုးရိပ်မကင်းတဲ့သူတွေပေါ့ဗျာ။ စိန်နားကပ်ရောင်ကြောင့် ပါးပြောင်နေတာကို သိရက်သားနဲ့ သူတို့ကိုယ်သူတို့ အကြီးအကဲပုဂ္ဂိုလ်ကြီးရဲ့ အာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ လူလို့ထင်နေတာဗျ။

အနှီပုဂ္ဂိုလ်ကြီးနဲ့ ဆွေမျိုးတော်ရုံလောက်နဲ့တော့ မင်းသားကြီး လုပ်ဖို့မကြိုးစားနဲ့လို့ ပြောချင်တယ်။ ကုမ္ပဏီလုပ်ငန်း၊ စီမံရေးရာလုပ်ငန်း၊ ဝန်ထမ်းရေးရာလုပ်ငန်းနဲ့ ဘဏ္ဍာရေးရာလုပ်ငန်းတွေကို တကယ်တတ်အောင် လေ့လာပြီးမှ ဌာနတစ်ခုလုံးကို မင်းသားကြီးလုပ်လို့ရမယ်လို့ နားလည်ထားဖို့ လိုတယ်။ တကယ်အရည်အချင်းရှိသူ၊ ကိုယ်ကျင့်တရား ပြည့်ဝတဲ့သူ၊ ခေါင်းဆောင်ကောင်းပီသသူတွေဖြစ်ရင် ကျုပ်က ခေါင်းပေါ် ရွက်ပြီး စင်မြင့်ပေါ်တင်ပေးချင်ပါတယ်။

ဒါပေမဲ့ဗျာ ဌာနမှာ အရင်ဆုံးစည်းကမ်းဖောက်တာသူတို့၊ တာဝန်မဲ့တာ သူတို့ပဲဆိုတော့ ဝန်ထမ်းတွေကို ဘယ်လိုကိုင်တွယ်လို့ ရပါတော့မလဲ။ နေ့စဉ်လိုလို သောက်စားနေပြီး စိတ်ဓာတ်ပိုင်းမှာရော၊ အရည်အချင်းပိုင်းမှာရော မပြည့်စုံဘဲ အကြီးအကဲရဲ့အရှိန်နဲ့ နေရာတကာမှာ မင်းသားကြီးတွေ လုပ်နေတာကို တွေ့ရတော့ စိတ်မချမ်းသာဘူးဗျာ။ ပြီးတော့ရှိသေးတယ်။ မင်းသားကြီးတွေက သူတို့နဲ့ ပုလင်းတူဘူးဆို့တွေဆိုရင် မျက်နှာသာပေးတပည့်အဖြစ်မွေးပြီး သူတို့နဲ့ မသောက်စားသူမှန်သမျှကို ရန်ဘက်တွေလို သဘောထားပြီး မျက်မုန်းကျိုးနေတော့ ဝန်ထမ်းတွေလည်း စိတ်ညစ်ရတာပေါ့ဗျာ။ သူတို့ကြောင့် ဌာနမှာရှိတဲ့ ဝန်ထမ်းကောင်းတွေ ဆုံးရှုံးသွားခဲ့ရတာလည်း မနည်းတော့ဘူး။ ဒါလည်း ဌာနရဲ့ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ပုံရိပ်ကို ထိခိုက်နစ်နာစေတာပါပဲ။

ဌာနမှာရှိတဲ့ အခြေခံအဆောက်အအုံတွေ၊ စက်ကိရိယာတွေ၊ အသုံးအဆောင်ပစ္စည်းတွေကိုလည်း မင်းသားကြီးများက စိတ်မထင်ရင် မထင်သလို ဟိုရွှေ့ဒီပြောင်းလုပ်ပစ်တော့ ဆုံးရှုံးသွားရတဲ့ တန်ဖိုးတွေလည်း အများကြီးဖြစ်နေတာပေါ့။ စက်ပစ္စည်းရွှေ့တယ်ဆိုတာ ဒီအတိုင်း မပြီးရွှေ့လို့ရတာမှမဟုတ်ဘဲ။ အတတ်ပညာရှင်တွေခေါ်ပြီး ရွှေ့ပြောင်းရ တပ်ဆင်ရတာမို့ ငွေကုန်ကြေးကျ များတာပေါ့ဗျာ။ အသောက်အစား များပြီး ရူးကြောင်မူးကြောင် ဦးနှောက်နဲ့ထင်ရာတွေစွပ်လုပ်ပြီး ထင်တိုင်း

ကျဲနေမှတော့ မမျှော်လင့်ဘဲ ငွေကြေးတွေ ဆုံးရှုံးရတာလည်း ဌာနရဲ့ အကျိုးစီးပွားကို ထိခိုက်ပွန်းပဲ့စေတာပါပဲလို့ ပြောချင်တယ်ဗျာ။

ပြီးတော့ ရှိသေးတယ်ဗျာ။ မင်းသားကြီးများက သူတို့အမိန့်နဲ့ ဟိုလူကိုခန့်လိုက်၊ ဒီလူကိုဖြုတ်လိုက်၊ ဟိုလူကိုဒီနေရာပေးလိုက်၊ ဒီလူကို ဟိုနေရာပေးလိုက် စတာတွေ ဝင်ပါနေတာလည်း လုပ်ငန်းခွင်မှာ အနှောင့်အယှက်ဖြစ်နိုင်သလို ဌာနနာမည် ပျက်စီးရာပျက်စီးကြောင်း အချက်တစ်ချက်ဖြစ်တာပါပဲ။

ခေါင်းဆောင်လုပ်ချင်ရင် မင်းသားကြီးလုပ်ချင်ရင် ဝန်ထမ်းနဲ့ လုပ်သားတွေကို ပြေပြေလည်လည် ဆက်ဆံနိုင်တဲ့ အပြောအဆိုအမူ အကျင့်ရှိဖို့ လိုပါတယ်။ ပြီးတော့ အချင်းချင်းဝေဖန်အကဲဖြတ်အကြံဉာဏ် ပေးတာတွေကိုလည်း ကျေကျေနပ်နပ် လက်ခံနိုင်ရမယ်ဗျ။ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလားဆိုပြီး နေရာတကာဝင်ပါနေရင်တော့ မင်းသားကြီးဖြစ်လာမှာမဟုတ်ဘဲ ငပွကြီးဖြစ်နေမှာ အမှန်ပဲ။ သေချာတာကတော့ အရည်အချင်းနဲ့ကိုယ်ကျင့်တရားရှိမှ မင်းသားကြီးလုပ်လို့ရမယ်ဆိုတာကို သတိပေးလိုက်ချင်တယ်။

သူတို့ဘာသာ သူတို့အကြီးအကဲရဲ့ အမျိုးအဆွေပဲဖြစ်ဖြစ်၊ ကုမ္ပဏီ အောင်မြင်တိုးတက်ဖို့အတွက် ကျုပ်က ဝေဖန်ထောက်ပြရမှာပဲ။ မှားတယ်ထင်ရင် မှားတဲ့အကြောင်းမှန်တယ်ထင်ရင် မှန်တဲ့အကြောင်းပြောရ မှာပဲဗျာ။ ဌာနမှာရှိတဲ့ ဝန်ထမ်း ၃၀၀နီးပါးအတွက် အကြီးအကဲရဲ့အမျိုးတော်သူ မင်းသားကြီးတွေကို မျက်နှာလိုက်ပြီး စကားရောဖောရောလုပ်နေရင် ဌာနအပေါ်မှာ သစ္စာမဲ့ရာရောက်ပါတယ်။ အမျိုးအဆွေ တော်တာကို အားနာပြီး ငုံ့ခံနေရင် နောင်တစ်ချိန်မှာ ကိုယ့်ကိုတက်နင်းမှာသေချာတယ်။

မင်းသားကြီးလုပ်ချင်သူတွေက ဒီဌာနကိုပြောင်းလာကတည်းက အနစ်နာခံခဲ့တာ၊ ပေးဆပ်ခဲ့တာ ငါတို့အကြောင်း ဘာတစ်ခုမှ အမှားအမှန် မဝေဖန်နဲ့၊ အတိုက်အခံမလုပ်နဲ့လို့ဆိုရင်တော့ သိပ်ကိုကဲနေပြီလို့ ခက်ခက်ထန်ထန်ရာဇသံပေးလိုက်ချင်တယ်။ ကျုပ်က ခင်ဗျားတို့ဌာနမှာ ငတ်လို့လာလုပ်တာမဟုတ်ဘူး တတ်လို့လာလုပ်တာဗျ။ ကျုပ်ရဲ့စိတ်ထဲမှာ ကျုပ်ကိုထမင်းကျွေးနေတဲ့ ဌာနအပေါ်က ခိုးပြီးဝှက်ပြီး လိမ်မစား

ဘူး။ အမြတ်မထုတ်ဘူး။ လာဘ်မစားဘူး။ ကိုယ့်ကိုပေးတဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ပြီး ဌာနအပေါ်မှာ သစ္စာရှိမယ်ဆိုတဲ့ ရည်ရွယ်ချက်ကလွဲလို့ ကျုပ်ရင်ထဲမှာ ဘာမှမရှိဘူး။

ကျုပ်အသက်က တတိယအရွယ်ထဲရောက်လာပြီ ပင်စင်ယူဖို့လည်း နီးနေပြီ၊ ဘယ်နေ့မဆို အချိန်မရွေးသေနိုင်တယ်။ ကျုပ်က ဘယ်အရွယ်ရောက်ရောက် ဌာနနဲ့ ဝန်ထမ်းတွေအတွက် တရားမျှတဲ့ ဒီမိုကရေစီ နည်းလမ်းကျကျပဲ တာဝန်ထမ်းဆောင်ချင်တယ်။ နောက်ဆုံးအကြီးအကဲလုပ်သူက ကျုပ်အပေါ်မှာ အထင်အမြင်လွဲမှားလို့ အလုပ်ကမယူမနေရပင်စင်ပေးလိုက်လည်း ထွက်သွားရုံပဲရှိတယ်။ ဒီလို အလုပ်ကထွက်သွားရလို့လည်း ဘယ်သူ့ကိုမှရန်လုပ်စရာမလိုပါဘူး။ သူတော်ကောင်းနတ်ကောင်းမတာမို့ အမှန်တရားရဲ့ အဆုံးအဖြတ်ကို ခံယူဖို့ အဆင်သင့်ပါပဲ။ ကျုပ်ကတော့ ဘယ်အခြေအနေပဲရောက်ရောက် ရင်ဆိုင်ဖို့ အသင့်ပြင်ဆင်ပြီးသားပဲ။ အလုပ်က ထွက်လိုက်ရတော့လည်း ခေါင်းအေးသွားတာပါပဲ။ အိပ်ရေးဝအောင် အိပ်ရတယ်လို့ပဲ အေးအေးချမ်းချမ်း တွေးထားတယ်။

ကျုပ်က ဝန်ထမ်းတွေရဲ့ခေါင်းဆောင်မဟုတ်သလို အကြီးအကဲရဲ့ လက်ပါးစေလည်း မဟုတ်ဘူး။ ဌာနလုပ်ငန်းတွေ အချိန်မီပြီးစီးဖို့၊ ဝန်ထမ်းတွေ အဆင်ပြေပြေလျှောက်လှမ်းသွားရဖို့ ညှိနှိုင်းဖြေရှင်းပေးပြီး စီမံအုပ်ချုပ်တဲ့ အလုပ်က ကျုပ်အလုပ်ပဲဗျ။ ကျုပ်မှာ တာဝန်ရှိသလို တာဝန်လည်း ယူရဲတယ်။ ကျုပ်အယူအဆကတော့ ဌာနတွင်းမှာ ဆရာမွေးတပည့်မွေး၊ သားအဖညီအစ်ကို မောင်နှမနဲ့ ဆွေမျိုးဆိုတာမရှိဘူး။ ကိုယ့်အလုပ် ကိုယ်လုပ်ကြစမ်းပါလို့ ပြောချင်တယ်ဗျာ။ အလုပ်ထဲမှာ အကြောင်းကိစ္စရှိလာရင် ဆွေးနွေးတိုင်ပင် ညှိနှိုင်းရမှာပဲလေ။ ငါပြောတာကိုလုပ်ရမယ်လို့ချည်း တွေးနေရင်တော့ လူအများနဲ့ ကြုံရမယ့်အလုပ်လုပ်မစားနဲ့တော့။ တခြားအလုပ်သာ ပြောင်းကြပေတော့။

အကြီးအကဲရဲ့ အမျိုးအဆွေတွေကို ပြောလိုက်မယ်။ ကိုယ်လုပ်နေတဲ့အလုပ်နဲ့ ကိုယ်ရောက်နေတဲ့ ရာထူးကို တန်ဖိုးထားပြီး မင်းသားကြီးလုပ်ချင်တယ်ဆိုရင် ခေါင်းဆောင်ပီသအောင်နေကြဖို့ လိုတယ်ဗျ။ ကျုပ်ကတော့ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ ဌာနနဲ့ဝန်ထမ်းတွေရဲ့ အကျိုး

စီးပွားကို ကာကွယ်ဖို့က ကျုပ်ရဲ့ မဟာတာဝန်ပဲလေ။ ဝန်ထမ်းတွေစည်းကမ်းနဲ့ တာဝန်ထမ်းဆောင်ဖို့ ရသင့်တဲ့အခွင့်အရေးကိုရဖို့၊ ဌာနရဲ့ ငွေကြေးတွေ မကုန်သင့်တာမကုန်ဖို့ စိစစ်ကွပ်ကဲတာ ကျုပ်ရဲ့အလုပ်ပဲလေ။

မင်းသားကြီးလုပ်ချင်သူတွေက ကျုပ်ကိုနောက်ကွယ်မှာ ပြောကြသေးတယ်။ ဌာနအကြီးအကဲကို ဖားနေတာတဲ့။ ကျုပ်က ဘယ်သူ့ကိုမှလည်း ဖားစရာအကြောင်း မရှိပါဘူး။ ကျုပ်ကိုဌာနက ခန့်ထားတာလည်း အကြီးအကဲလုပ်သူကို ဖားလို့ခန့်ထားတာမဟုတ်ဘူး။ ကျုပ်မှာရှိတဲ့ အရည်အချင်းနဲ့ ထိုက်တန်လို့ ခန့်ထားတာပဲဗျာ။

မင်းသားကြီးလုပ်ချင်သူတွေကိုသတိပေးလိုက်မယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်လို ဦးဆောင်ပြီး နေရာတကာမှာ ငါပြောတဲ့အတိုင်းလုပ်ရမယ်လို့ ဖြစ်ချင်ရင် အခုလက်ရှိအကျင့်စရိုက်နဲ့ အပြောအဆိုအပြုအမူတွေကို ခဝါချပြီးနောက်ထပ်နှစ်ပေါင်းများစွာ ကြိုးစားလိုက်ပါဦးလို့ပြောလိုက်ချင်တယ်။

*(၂၆. ၁၂. ၂၀၁၄) စံတော်ချိန်သတင်းစာ*

## ဟန်းဖုန်းယဉ်ကျေးမှု

စာရေးသူတို့နိုင်ငံတွင် လောလောလတ်လတ် ဖြစ်ထွန်းပေါ်ပေါက်လာနေသော ယဉ်ကျေးမှုသည် ဟန်းဖုန်းယဉ်ကျေးမှုပင်ဖြစ်သည်။ ဟန်းဖုန်း ယဉ်ကျေးမှုသည် ဖုန်းကိုင်ဆောင်သူဦးရေ၏ ကိုးဆယ်ရာခိုင်နှုန်းခန့် လွှမ်းခြုံလျက်ရှိနေ၏။

လွန်ခဲ့သော(၁၅)နှစ်ခန့်က ဟန်းဖုန်းကိုင်နိုင်သူဦးရေမှာ မိုးပေါ်က လူတန်းစားတစ်ရပ်အနေဖြင့် သီးခြားတည်ရှိနေခဲ့သည်။ ထိုလူတန်းစားသည် ဌာနအသီးသီးကို အုပ်ချုပ်သူအာဏာရှင် စစ်ဗိုလ်များနှင့် သူတို့၏ အမျိုးအဆွေများ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ စားတူဝါးဘက်ခရိုနီနှင့် ငွေကြေးကြွယ်ဝသူစီးပွားရေးသမားများ ဖြစ်ကြသည်။ အခြေခံလူတန်းစားများက ဟန်းဖုန်းကိုင်နိုင်သော လူတန်းစားကို ခလုတ်တိုက်သည်အထိ ငေးကြည့်ခဲ့ကြရသည်။

ထိုစဉ်က သာမန်လူတန်းစားများသည် ဟန်းဖုန်းကိုင်နိုင်သူကို အခွင့်ထူးခံလူတန်းစားများအဖြစ် အထင်တကြီး တလေးတစားနှင့် အားကျခဲ့ကြသည်။ နိုင်ငံတော်မှ တရားဝင်ရောင်းချပေးသော ဆင်းမ်ကတ်ဈေးနှုန်းမှာ ကျပ် ၁၅သိန်းခန့်ရှိခဲ့သော်လည်း ပြင်ပပေါက်ဈေးမှာ ကျပ် ၄၅သိန်းခန့်ရှိခဲ့သဖြင့် သာမန်လူတန်းစားများအတွက် အိပ်မက်ပင်မမက်ရဲခဲ့သောအဖြစ်မျိုး ခံစားခဲ့ရသည်။ အာဏာရှင်တို့နှင့် ပလဲနံပသင့်သူများက သူတို့အချင်းချင်း ဆင်းမ်ကတ်ဝယ်ယူခွင့်ကို အပြန်အလှန်ကျေးဇူး

ပြုခဲ့ကြသဖြင့် ၎င်းဆင်းမ်ကတ်ကြောင့် မီလျံနာစာရင်းဝင်သူများပင် ရှိခဲ့ ကြသည်ဟုပြောလျှင် လွန်ရာကျမည်မထင်ပေ။ ၂၀၁၀ခုနှစ်နောက်ပိုင်း၌ ဆင်းမ်ကတ်တန်ဖိုးကို ကျပ်ငါးသိန်းအထိလည်းကောင်း၊ ကျပ်နှစ်သိန်းအထိလည်းကောင်း ဖြေလျှော့ပေးခဲ့သော်လည်း ဗဟိုချုပ်ကိုင်မှုရှိနေခဲ့သဖြင့် ဟန်းဖုန်းကိုင်နိုင်သူဦးရေမှာ ထင်သာမြင်သာဖြစ်သည်အထိ တိုးတက်ခြင်းမရှိခဲ့ပေ။

၂၀၁၄ ခုနှစ်အတွင်း ဆင်းမ်းကတ်ဈေးနှုန်းများသည် မမျှော်မှန်းခဲ့သော တန်ဖိုးအထိ တစ်ဟုန်ထိုး ကျဆင်းသွားခဲ့သဖြင့် ဟန်းဖုန်းကိုင်နိုင်သူဦးရေ သိသိသာသာတိုးပွားလာသည်မှာ အမှန်ပင်ဖြစ်သည်။ ဆင်းမ်ကတ်များကို နေရာအနှံ့ ဈေးနှုန်းပေါပေါလောလောဖြင့် ရောင်းချနေသဖြင့် ဟန်းဖုန်းကို လူတန်းစားမရွေး အရွယ်မရွေး ကိုင်နေကြသည်ကို မြင်တွေ့နေရသည်။ ယင်းကဲ့သို့ တန်ဖိုးနည်း ဆင်းမ်းကတ်များ ထွက်ပေါ်လာသော်လည်း ဟန်းဆက်ဈေးနှုန်းများက ပြောပလောက်အောင် ချိုသာခြင်းမရှိသည်ကိုလည်း အားလုံးအသိပင်ဖြစ်သည်။ ဟန်းဆက်များ၏တန်ဖိုးသည် သောင်းဂဏန်းမှ ငွေကျပ် ၁၀ သိန်းကျော်သည်အထိ အမျိုးမျိုးရှိနေ၏။

ဟန်းဆက်များ၏ နည်းပညာမြင့်မားလာမှုကြောင့် ကီးပက် (Key Pad) ဖုန်းများအစား တပ်ချ်ဖုန်း (Touch Phone) နှင့် စမတ်ဖုန်း (Smart Phone)များအထိ ဆန်းသစ်လာခဲ့ကြသည်။ ကမ္ဘာအနှံ့၌ အသစ်အဆန်းပေါ်လာသော ၎င်းစမတ်ဖုန်းများအား အများသူငါတို့က အလုအယက်ဝယ်ယူနေကြသည်ကို နိုင်ငံတကာသတင်းများအရ တွေ့မြင်ကြားသိနေရ၏။ မိမိတို့နိုင်ငံ၌ အဆင့်မြင့်စမတ်ဖုန်းများကို ငွေကြေးတတ်နိုင်သူများက ဝယ်ယူသုံးစွဲရာတွင် အခက်အခဲမရှိသော်လည်း သာမန်လူတန်းစားများက ၎င်းဖုန်းများကို သုံးစွဲလိုကြသဖြင့် တစ်ဖက်တွင် ဖြေရှင်းရခက်ခဲသည့် ပြဿနာများကို မီးထွန်းရှာနေကြသကဲ့သို့ ဖြစ်နေ၏။

ဤသို့ဖြင့် ဟန်းဖုန်းဆိုင်များ ဖောက်ထွင်းခံရ၏။ အတူနေသူအချင်းချင်း ဟန်းဖုန်းအခိုးခံရ၏။ ခရီးသွားရင်း ဟန်းဖုန်းအလုခံရ၏။ ဟန်းဖုန်းနှင့် စပ်လျဉ်းသောပြဿနာတွေ အများကြီးရှိနေ၏။ မည်သို့ပင်ဆိုစေကာမူ လူငယ်များအကြား၌ ဈေးကြီးပေးရသော စမတ်ဖုန်းကို

ကိုင်တွယ်လာကြသည်မှာ ခေတ်သစ်ဖက်ရှင်တစ်ခုလိုဖြစ်နေပြီး ဟန်းဖုန်း ယဉ်ကျေးမှုစာမျက်နှာသစ်ကို ဖွင့်လှစ်နေကြသည့်အလား ဖြစ်နေ၏။

ယခုဆိုလျှင် မြန်မာနိုင်ငံ၌ ဟန်းဖုန်းကိုင်နိုင်သူဦးရေကို အတိအကျ မပြောနိုင်သော်လည်း သန်းနှင့်ချီ၍ဖြစ်နေသည်။ ခေါင်းရွက်ဗျပ်ထိုးဈေးသည်နှင့်လမ်းဘေးစည်ပင်လုပ်သားကအစ ဆိုက်ကားသမားအလယ် ပဲပြုတ်သည်အဆုံး ဟန်းဖုန်းကိုင်နိုင်သော အဆင့်သို့ရောက်နေခြင်းကို မြင်နေရသဖြင့် အားလုံးအတွက် မုဒိတာပွားစရာဖြစ်၏။ ဟန်းဖုန်းကို အဝေးထိန်းကိရိယာတစ်ခုအဖြစ် အသုံးပြုနိုင်၏။ ခေတ်မီပြီး အချိန်နှင့်တစ်ပြေးညီသိရှိနိုင်သော ဆက်သွယ်ရေးအရှိန်အဟုန်မြင့်မားလာခြင်းသည် လူသားအားလုံးအတွက် စိတ်ကျေနပ်မှုကို ပေးစေနိုင်၏။ ပူပင်သောကတို့ကို လျော့ကျစေနိုင်သလို စိတ်ချမ်းသာမှုကိုလည်း ဖြည့်စွမ်းနိုင်သည်။ ဝေးကွာနေသော မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းစသည့် အသိုက်အဝန်းနှင့် ယှက်နွယ်နေသည့် လူမှုရေး၊ သာရေးနာရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် သတင်းအချက်အလက်များကို အချိန်တိုအတွင်း ချက်ချင်းသိရှိနိုင်၏။ ထို့ပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မတော်တဆထိခိုက်မှု၊ ပြစ်မှုကျူးလွန်ခံရနိုင်ခြင်းနှင့် မသမာသူများ၏ အန္တရာယ်မှအထိုက်အလျောက် ကြိုတင်ကာကွယ်နိုင်သဖြင့် လူမှုဘဝသာယာချမ်းမြေ့ရေးကို ဟန်းဖုန်းက တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးကာကွယ်ပေးရာလည်း ရောက်သည်။

လုပ်ငန်းကြီးလုပ်ကိုင်နေသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အကျိုးစီးပွားအလို့ငှာ အသုံးပြုနေသူများသည် ဟန်းဖုန်းကိုင်တွယ်ခြင်းကြောင့် အလုပ်ပြီးမြောက်နိုင်၏။ အကျိုးစီးပွား ဖြစ်ထွန်းနိုင်၏။ လုပ်ငန်းအစီအစဉ်များ အဆင်ပြေနိုင်၏။

သို့ရာတွင် ဟန်းဖုန်းကြောင့် ကောင်းကျိုးများခံစားရရှိစေသကဲ့သို့ ဆိုးကျိုးများလည်း ယှဉ်တွဲကပ်ပါလာသည်မှာ သဘာဝတရားတစ်ခုပင်ဖြစ်၏။ ၎င်းဆိုးကျိုးများကို လူတို့ကိုယ်တိုင် ကြိုတင်ကာကွယ်ဟန့်တားနိုင်သည်။ အချို့က ဟန်းဖုန်းကို အကျိုးရှိစွာ အသုံးချရမည့်အစားကိုင်ဆောင်သူကိုဒုက္ခပေးနိုင်သည့် ကူးစက်ရောဂါတစ်ခုပမာ ဖန်တီးနေ

ကြသည်။ တစ်နည်းအားဖြင့် ဟန်းဆက်ဗိုင်းရပ်စ်တွယ်ကပ်လာ နေသည်ဟု ပြောရမလိုပင်ဖြစ်နေ၏။ လတ်တလောကြုံတွေ့နေရသော ဟန်းဆက်ဗိုင်းရပ်စ်သည် လူငယ်ထုအတွင်း အလျင်အမြန် ကူးစက်နေသည်မှာ တားမရနိုင်အောင် အရှိန်နှင့်အမျှဖြစ်၏။

အထူးသဖြင့် လူငယ်အမျိုးသမီးအလွှာအဆင့်ဆင့်၌ ဟန်းဆက်ဗိုင်းရပ်စ်က ပိုမိုခေတ်စားလာ၏။ မိမိရပ်တည်နေရသောအလုပ်၊ ရရှိသောဝင်ငွေ၊ စားဝတ်နေရေးအခြေအနေစသည်တို့ကို ချိန်ဆငဲ့ကွက်ခြင်းမရှိဘဲ မိမိဆန္ဒရှိသည့်အတိုင်း ဈေးကြီးပေးဝယ်ရသော ဟန်းဆက်များကိုပင် ဝယ်ကိုင်နေကြသည်ကို မြင်တွေ့နေရ၏။ ထို့ပြင် ဤမျှနှင့် ကျေနပ်ရောင့်ရဲခြင်းမရှိကြဘဲ ဒီဇိုင်းအသစ်အဆန်းထွက်လျှင် ပေါ်ပင်နောက်ကိုလိုက်နေကြပြန်သည်။ အမျိုးအစားကောင်းမွန်ပြီး ဆန်းသစ်သော စမတ်ဖုန်းတစ်လုံး၏ တန်ဖိုးသည် ကျပ်တစ်သိန်းခွဲမှ ဆယ်သိန်းကျော်အထိရှိပါသည်။ တန်ဖိုးကြီးဟန်းဆက်ကိုင်ပြီး ရှပ်ပြာရှပ်ပြာလုပ်ခြင်းကိုဂုဏ်ယူနေကြသူများလည်း ရှိနေကြသည်။

ဟန်းဆက်များတွင် ကင်မရာ၊ ဂိမ်း၊အင်တာနက်၊ ဖေ့စ်ဘွတ်ခ်၊ ယူကျူ့၊ အမ်ပီသရီး၊ ဖိုးနှင့် အခြားအပလီကေးရှင်းတို့ပါဝင်သဖြင့် ကိုင်ဆောင်သူများအတွက် စိတ်ခံစားမှုကို အပြည့်အဝကျေနပ်သည်အထိ ဖြည့်ဆည်းပေးနိုင်၏။ ယခုအခါ၌ လူရွယ်တိုင်းလိုလို တန်ဖိုးရှိသော အချိန်များကို အလကား မဖြစ်စေရ။ ဟန်းဖုန်း၏အထောက်အပံ့ဖြင့် တန်ဖိုးရှိစွာ အသုံးချနေကြသည်။ အချိန်ရလျှင်ရသလို ဂိမ်းကစားကြသည်။ အင်တာနက် ကြည့်ကြသည်။ ဖေ့စ်ဘုတ်ခ် အသုံးပြုကြသည်။ ဗိုင်ဘာပို့ကြသည်။ ကုန်ကုန်ပြောရလျှင် ကန်စွန်းရွက်သည်ရော၊ ဆိုက်ကားဆရာရော အားသည့်အချိန်၌ ဂိမ်းနှင့် နပမ်းလုံးနေကြသည်။ ဂိမ်းတွင်နစ်မျောစီးဝင်နေကြသဖြင့် ဟင်းရွက်သည်က ဈေးဝယ်လာသူ၏အမေးကို ချက်ချင်းမဖြေနိုင်၊ ဆိုက်ကားဆရာက ခရီးသည်၏ခေါ်သံကို ရုတ်တရက်မကြားနိုင် ဖြစ်ကြကုန်၏။

အိုင်တီခေတ်ဖြစ်နေ၍လားမသိ၊ အတန်းပညာ ဟုတ်တိပတ်တိမသင်ရသော်လည်း လူတိုင်းလိုလို အင်တာနက်ကြည့်တတ်၏။ ဖေ့စ်ဘုတ်ခ် ကြည့်တတ်၏။ ယူကျူ့ထဲဝင်တတ်၏။ သို့သော် ဘယ်အရာကိုပဲ

ကြည့်ကြည့်အလကားမရ။ ပိုက်ဆံပေးမှရ၏။ မည်သို့ဆိုစေ ဟန်းဖုန်းကိုင်သဖြင့် ငွေကုန်ကြေးကျ အထိုက်အလျောက်ရှိနေသည်မှာ ငြင်းဆို၍မရ။ အင်တာနက်နှင့် ဖေ့စ်ဘုတ်ခ်တို့မှ နောက်ဆုံးရသတင်းများ၊ သုတစာပေများ၊ ရသစာပေများ၊ ကျန်းမာရေးအသိပညာများနှင့် အခြားသိသင့် သိထိုက်သောအကြောင်းအရာကို လေ့လာနိုင်၏။ သို့သော် စာပေအကြမ်းဖက်သမားများက ညစ်ညမ်းစာပေနှင့် မဟုတ်ကဟုတ်က အကြောင်းအရာများကို အင်တာနက်တွင်ဖော်ပြ၍ လူထုအတွင်း ပျံ့နှံ့စေခြင်းဖြင့် မမျှော်လင့်သော အမှုအခင်းများနှင့် ဒုစရိုက်မှုများကို ဖန်တီးနိုင်စွမ်းရှိနေ၏။ အင်တာနက်နှင့် ဖေ့စ်ဘုတ်ခ်တို့မှ ဆက်သွယ်မှုဖြင့် လူချင်းမမြင်ဖူးသော်လည်း အဆက်အသွယ်ဖြစ်ကာ တွေ့ဆုံကြပြီး ယောကျ်ားလေး၊ မိန်းကလေးအရှုပ်အရှင်းများဖြစ်နေကြကုန်၏။ အထူးသဖြင့် မိန်းကလေးများ သတိချပ်သင့်၏။ အင်တာနက်မှတစ်ဆင့် လူကုန်ကူးခံရသည့် အမှုအခင်းများဖြစ်နေသည်ကို တကယ့်ဖြစ်ရပ်မှန်များက သက်သေထူလျက် ရှိနေသည်။

အခုဆိုလျှင် ဘယ်နေရာကြည့်ကြည့် နားကြပ်တပ်ပြီး ကြွကြွရွရွလေးနှင့် လမ်းလျှောက်သူ၊ နားကြပ်တပ်ပြီး ဘတ်စ်ကားစီးသူ၊ နားကြပ်တပ်ပြီး ကားမောင်းသူ၊ နားကြပ်တပ်ပြီး ဆိုင်ကယ်စီးနေသူများကို လက်ညှိုးထိုးမလွဲ ဖောဖောသီသီ မြင်တွေ့နေရသည်။ သီချင်းသို့မဟုတ် တစ်ဖက်မှ စကားပြောသံတွင် စူးနစ်မျောပါနေပြီး ငြိမ့်ငြောင်းနေသူတစ်ချို့က ပတ်ဝန်းကျင်ကို အလေးအနက်မထား ခေါ်မကြား အော်မကြား ဖြစ်နေ၏။ ဟန်းဖုန်းပြောပြီး ကားမောင်းသဖြင့် မတော်တဆထိခိုက်မှုဖြစ်နိုင်၏။ ယာဉ်ကြောကျပ်တည်း ရှုပ်ထွေးပြီး သွားလာရခက်ခဲသည့် လမ်းနံဘေးဝယ် နားကြပ်တပ်ပြီး လမ်းလျှောက်သူမိန်းကလေးက နောက်မှလာသောကားဟွန်းသံကို မကြားသဖြင့် ကားတိုက်ခံရပြီး သေဆုံးရသည်။ နားကြပ်တပ်ပြီး ဆိုင်ကယ်စီးသဖြင့် သတိပေးသံကိုမကြားနိုင်၍ ကျော်တက်လာသော မော်တော်ယာဉ်အကြိတ်ခံရပြီး ပွဲချင်းပြီး ကွယ်လွန်ရ၏။ဟန်းဖုန်းဖြင့် ဒုစရိုက်မှုများကို ကျူးလွန်နိုင်၏။ ဟန်းဖုန်းယဉ်ကျေးမှုကြောင့် ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများသည် အရေအတွက်မများသေးသော်လည်း တစ်စတစ်စတိုးပွားလာနေသည်မှာ အသေအချာပင်ဖြစ်၏။

သာမန် လက်လုပ်လက်စားနှင့် အခြေခံလူတန်းစားများအဖို့ ဟန်းဖုန်းကို လိုအပ်လျှင် ကိုင်တွယ်ရမည်ဖြစ်သော်လည်း အချိန်ပြည့် မသုံးစွဲသင့်ဟု မြင်၏။ အကြောင်းကြီးငယ်ကိစ္စပေါ်လာ၍ လိုအပ်ပါက ဆက်သွယ်ပြောဆိုခြင်းကို ပြုသင့်သော်လည်း သာမန်ထမင်းစားရေ သောက် အကြောင်းအရာများကို ပြောဆိုနေကြလျှင် အချိုးနှိုးသာဖြစ်ပါ သည်။ အခြေခံလူတန်းစားများအဖို့မူ တစ်နေ့တာဝင်ငွေသည် စားဝတ် နေရေးအတွက်ပင် အနိုင်နိုင်ရုန်းကန်နေရသည့်ကြားက ဟန်းဖုန်းသုံးစွဲမှု စရိတ်ကို မလျှော့ချလျှင် ရှေ့လျှောက်ဘဝကို မည်သို့ဆက်လက်ရပ်တည် ကြမည်နည်းဟု မေးခွန်းထုတ်စရာဖြစ်နေ၏။ အလကားနေရင်း သာမန် ကိစ္စလောက်ကို ဖုန်းဖြင့်ပြောခြင်း၊ အားအားယားယား အင်တာနက်ဖွင့် ကြည့်ခြင်းတို့သည် ပိုက်ဆံကုန်သော ကိစ္စများဖြစ်သည်။ မကုန်သင့်တာ မကုန်အောင် ထိန်းသိမ်းကြရန် လိုအပ်မည်ထင်ပါသည်။ တချို့ကဆို အလုပ်အကိုင်မယ်မယ်ရရ မရှိသော်လည်း လမ်းဘေးတွင်ထိုင်၍ ဟန်း ဖုန်းပွတ်နေသူများကိုပင် တွေ့နေရ၏။

ယခုဆိုလျှင် ရုံး၊ ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီနှင့် စက်ရုံအလုပ်ရုံ များတွင် တာဝန်ရှိသူများမှအပ ကျန်ဝန်ထမ်းနှင့်လုပ်သားများအတွက်မူ တာဝန်ချိန်အတွင်း ဟန်းဖုန်းကိုင်ဆောင်ခြင်းကို ကျပ်တည်းစွာ တားမြစ် ထားရသည်အထိဖြစ်လာ၏။ ဤသို့မတားမြစ်ထားလျှင် တာဝန်ချိန်တွင်း ဟန်းဖုန်းဖြင့် အချိန်အကြာကြီး စကားပြောနေသူတို့ကတစ်မျိုး၊ အင်တာ နက်ကြည့် သူတို့က တစ်ဖုံ၊ ဂိမ်းကစားနေသူတို့က တစ်သွယ်အမျိုးမျိုး အဖုံဖုံ ကြုံတွေ့နေရ၏။ ထို့ကြောင့် အလုပ်များ လစ်ဟင်းလာနိုင်၏။ တာဝန်မကျေပွန်မှုများ ဖြစ်လာနိုင်၏။ ကုန်ထုတ်လုပ်ငန်းများ ကျဆင်း လာနိုင်၏။ လုပ်ငန်းခွင်အတွင်း မတော်တဆထိခိုက်မှုများဖြစ်လာနိုင်၏။ ငွေကုန်အချိန်ကုန်အလုပ်ပျက်အကိုင်ပျက်ဖြစ်ကြမည်ဟု ဆိုချင်သည်။ မည်သည့်ကိစ္စမဆို တန်ဆေးလွန်ဘေးဟု ဆိုရိုးစကားရှိသည်။

ဟန်းဖုန်းကိုင်တွယ်ခြင်းကြောင့် ငွေကုန်ကြေးကျများပြီး မိမိ အတွက်၊ ပတ်ဝန်းကျင်အတွက် အကျိုးသက်ရောက်မှုနည်းနေမည်ဆိုလျှင် ကိုယ်ကိုယ်တိုင် ဆင်ခြင်သင့်၏။ အင်တာနက်မှ ညစ်ညမ်းစာပေများ၊ မလျော်ကန်သည့် သတင်းအချက်အလက်များကို ဖတ်ရှုခြင်းဖြင့် စိတ်

ခေတ်များအရောင်ပြောင်းနိုင်၏။ မတော်တရော်ခေတ်ပုံများ၊ ဇာတ်လမ်းများကို ကြည့်ရှုခြင်းဖြင့် ဒုစရိုက်မှုများကို ကျူးလွန်နိုင်ရန် တွန်းအားပေးနိုင်၏။ ဖေ့စ်ဘုတ်ခ်ခြင်း ဆက်သွယ်ရာမှ အန္တရာယ်ကျော့ကွင်းအတွင်း သက်ဆင်းရနိုင်ဖွယ်ရှိ၏။ မည်သူမဆို ဟန်းဖုန်းကို သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဟု မြင်တတ်ဖို့လို၏။

မြန်မာနိုင်ငံ၌ ယဉ်ကျေးမှုပေါင်းစုံဖြစ်ထွန်းတိုးဝင်နေ၏။ ယမကာ (အရက်) ယဉ်ကျေးမှု၊ အရေမရ အဖတ်မရ(ကွမ်းယာ) ယဉ်ကျေးမှု၊ မူးယစ်ဆေးဝါး ယဉ်ကျေးမှု၊ ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်ယဉ်ကျေးမှုနှင့် တိုနံ့နံ့ မလို့တလုံယဉ်ကျေးမှုတို့က နေရာအနှံ့စည်ပင်ဝပြောနေ၏။ အခု ဟန်းဖုန်းယဉ်ကျေးမှုပါ ထပ်တိုးလို့လာနေပြန်သည်။

ပသို့ဆိုစေ လူတို့အတွက် အဘက်ဘက်က အကျိုးရှိစေမည့် ဟန်းဖုန်းယဉ်ကျေးမှုဖြစ်လာစေဖို့ ကိုယ်တွေမှာသာ တာဝန်ရှိပါကြောင်း တွေးဆချင့်ချိန်နိုင်ကြစေရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

***(၉. ၁. ၂၀၁၅) စံတော်ချိန်သတင်းစာ***

## မြို့ကြွသည့်ဂီတသံ၊ နူးညံ့ညင်သာသောခံစားမှုနှင့် မှန်ပျပျညများ

တစ်ချိန်က မြန်မာပြည်၏ မြို့တော်ဖြစ်ခဲ့ဖူးသော ရန်ကုန်သည် ယခုစီးပွားရေးမြို့တော် ဖြစ်နေလေပြီ။ စီးပွားရေးမြို့တော်ဟု ခေါ်ဆိုရလောက်အောင် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းခရီးစဉ်များဖြင့် ရေကြည်ရာ၊ မြက်နုရာရှာဖွေလိုသူများက သွားလာနေကြသဖြင့် ဘယ်နေရာကြည့်ကြည့် အချိန်နှင့်အမျှ ပျားပန်းခတ်မျှ စည်ကားလျက်ရှိနေသည်ကို တွေ့မြင်နိုင်၏။ နိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် မြို့ဖြစ်သည်နှင့်အညီ စီးပွားရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများက စည်းချက်ညီညီ အစီအရီဖြင့် တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာနေသည်မှာလည်း လက်တွေ့ကျကျပင်ဖြစ်သည်။

ဒေသအသီးသီးမှ တစ်ရွာပြောင်းပြီး သူကောင်းဖြစ်လိုသူ အလုပ်လက်မဲ့မိဘပြည်သူများက ရန်ကုန်မြို့သို့ လာရောက်ပြီး ရရာနေရာတွင် ခိုလှုံကြသဖြင့် ရန်ကုန်မြို့နေ လူဦးရေသည် ငါးသန်းကျော်မျှ ရှိနေပြီဖြစ်၏။ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ကျင့်သုံးလာခဲ့သဖြင့် စီးပွားရေးဆိုင်ရာ အသက်မွေးမှုအသွင်သဏ္ဍာန်များက အရောင်အသွေးမျိုးစုံဖြင့် ပေါ်ပေါက်လာခဲ့သည်။ ပွင့်လင်းမြင်

သာမှုက ကျယ်ပြန့်လာသည်ဖြစ်၍ ရန်ကုန်မြို့ကြီး၌ ပြည်တွင်းပြည်ပ ဧည့်သည်များအဝင်အထွက် သိပ်သည်းလာသဖြင့် ဟိုတယ်ကြီးများ၊ တည်းခိုခန်းများ၊ မိုတယ်များ၊ စင်တင်တေးဂီတများ၊ ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်လုပ်ငန်းများက ခမ်းနားထည်ဝါစွာ ပွင့်လန်းလာခဲ့သည်မှာ ကာလအတော်ကြာခဲ့ပြီဖြစ်၏။

ဖျော်ဖြေမှု သို့မဟုတ် ဝန်ဆောင်မှုပေးသော ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များသည် ဈေးကွက်စီးပွားရေးစနစ်၏ အကိုင်းအခက်တစ်ခုပမာ ဖွံ့ထွားကြီးမားလာခဲ့သည်။ ၎င်းလုပ်ငန်းများကို မည်သို့မည်ပုံဖွင့်လှစ်ခွင့်ပေးထားသည်ကို တိတိပပ မသိကြသော်လည်း မြို့အနှံ့၊ ရပ်ကွက်အနှံ့ တရားဝင်စီးပွားရေးလုပ်ငန်းတစ်ခုပမာ ပေါ်ပေါ်တင်တင်ထင်ထင်ရှားရှား ဆောင်ရွက်နေကြသည်ကိုတော့ လူတိုင်းသတိထားမိမည်ထင်သည်။ သို့သော် မကြာသေးမီကာလက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး၌ ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များကို တရားဝင်ခွင့်ပြုသင့်ကြောင်း အဆိုတင်သွင်းလာခြင်းအပေါ် ယင်းစီးပွားရေးနှင့်ပတ်သက်၍ ယခင်က ဥပဒေနှင့်အညီ ခွင့်ပြုထားခြင်းမဟုတ်မှန်းယခုမှပဲ အမှန်အတိုင်း သိရှိလာခဲ့ရသည်။ အဆိုပါ ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များကို မည်သူတို့က မည်သည့်နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုထားကြောင်းကို နားမလည်နိုင်သလို မေးခွန်းထုတ်စရာလည်း ဖြစ်နေ၏။

လက်ရှိ မြန်မာနိုင်ငံ၌ ကျင့်သုံးနေသော ဈေးကွက်စီးပွားရေးစနစ်အရ ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များမှရရှိသော အခွန်အခများသည် တိုင်းပြည်အတွက် မည်မျှအထောက်အပံ့ဖြစ်စေကြောင်းကို ပြန်လည်တည်းဖြတ်အကဲခတ်ရမည်ဖြစ်၏။ သို့မှသာရရှိသော အကျိုးအမြတ်နှင့်ဖြစ်ပေါ်လာသော ဘေးထွက်ဆိုးကျိုးများကို တော်၏မတော်၏ ချိန်ဆထိန်းညှိရမည်ဖြစ်သည်။ ပသို့ဆိုစေ ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များသည် မြန်မာ့ထုံးဓလေ့နှင့် လိုက်လျောညီထွေမှုရှိသော ယဉ်ကျေးမှုမဟုတ်တာကတော့ သေချာသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းနှင့်လည်း အပ်စပ်မှုမရှိ။ သို့ဖြစ်၍ ထိုကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်စီးပွားရေးလုပ်ငန်းများအား ဆက်လက်ရှင်သန်ရပ်တည်ခွင့်ပြုရေးသည်

မြန်မာလူထုအတွက် သို့လောသို့လော စဉ်းစားစရာဖြစ်နေ၏။

ယင်းလုပ်ငန်းများကို တရားဝင်ဥပဒေကြောင်းအရ ဖွင့်ခွင့်ပေးပြန်လျှင်လည်း မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်လျက် လူတို့၏ကျင့်ဝတ်ပိုင်းဆိုင်ရာနှင့် စာရိတ္တပိုင်းကို တရားဝင်ချိုးဖောက်ဖျက်ဆီးခွင့်ပေးရာရောက်နေပြန်၏။ သို့မဟုတ် ယခုအနေအထားအတိုင်း မသိကျိုးကျွံပြုနေပြန်လျှင်လည်း ရာဇဝတ်မှုနှင့် စပ်လျဉ်းသော ဒုစရိုက်လုပ်ငန်းများကို အားပေးရာရောက်နေ၏။

ကေတီဗွီနှင့် မာဆတ်သည် နှစ်ကိုယ့်တစ်စိတ်ဖြစ်သည်။ အဘက်ဘက်က မွန်းကျပ်ပြီး ဖိအားပေးခံနေရသည်ဟု ဆိုသူတို့က ရင်ထဲကပေါက်ကွဲသံစဉ်များကို ဂီတအဖြစ်ပြောင်းလဲစေပြီး မာဆတ်ခေါ် အနှိပ်ခန်းများ၌ စိတ်ရောကိုယ်ပါ ဖြေလျော့ကြ၏။ အနှိပ်ပညာရှင်တို့၏ ညင်သာသောအထိအတွေ့အောက်တွင် လွတ်လပ်ပေါ့ပါးစွာ နစ်မျောကုန်၏။ မာဆတ်ခန်းမှ အမျိုးသမီးဝန်ထမ်းများ၏ ဝန်ဆောင်မှုက မထိခလုတ်ထိခလုတ်နှင့် အညှီနံ့သင်းနေ၏။ ထိုမှတစ်ဆင့်တက်၍ အမှောင်ထုအတွင်း သီးခြားဝန်ဆောင်မှုပေးလိုသူနှင့် ခံယူလိုသူများက သူတို့အချင်းချင်း နားလည်နိုင်သည့် သင်္ကေတအမှတ်အသားများဖြင့် ညှိနှိုင်းအဖြေရှာကြသည်။

နိုက်ကလပ်များသည် လူငယ်လူရွယ်၊ အမျိုးသားအမျိုးသမီးတို့၏ တင်းကျပ်နေသော စိတ်ပိုင်းဆိုင်ရာပြဿနာများအား အဖြေရှာရာအရပ်ဟု ဆိုကြပြန်သည်။ စိတ်ပျက်ပြီးလေးလံထိုင်းမှိုင်းနေသော လူငယ်များက ကောင်းမွန်ပြီး ပေါ့ပါးသွားစေရန် နိုက်ကလပ်များသို့ သွားကြသည်။ အပျော်နှင့်ကြုံရသော လူငယ်များကပို၍ မြူးတူးနိုင်ရန် နိုက်ကလပ်များသို့သွားကြသည်။ အချိန်တွေပိုနေ၍ အပျင်းတွေများနေသော လူငယ်များက အပျင်းပြေစေရန် နိုက်ကလပ်များသို့ သွားကြသည်။ မည်သို့ဆိုစေ ပျက်ပျက်၊ ပျော်ပျော်၊ ပျင်းပျင်း၊ အကြောင်းပြချက်မျိုးစုံဖြင့် နိုက်ကလပ်များသို့ သွားနေကြသည်မှာ လူငယ်ထုအတွင်း ခေတ်သစ်စတိုင်တစ်ခုလိုဖြစ်နေသည်။ နိုက်ကလပ်တွင် ကကြ ခုန်ကြ ထိတွေ့ကြခြင်းဖြင့် ရန်ပွဲတွေ ခင်းကြသည်။ အချစ်ပွဲတွေ နွှဲကြသည်။ သို့သော် နိုက်ကလပ်တက်နိုင်သော လူတန်းစားသည် ခေတ်စကားဖြင့် ပြောရလျှင် ရွှေ

သောသူများသာဖြစ်ကြသည်။ သာမန်လူတန်းစားတို့က နိုက်ကလပ်များ အနားသို့ မသီဝံ့။ နိုက်ကလပ် မြင်ကွင်းများကို ရုပ်ရှင်နှင့် ဗီဒီယိုပြကွက်များတွင်သာ မြင်ဖူးကြသည်ဟုပြောလျှင် လွန်မည်မထင်။

ယင်း ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များကို မည္သာမတာ ဝေဖန်သုံးသပ်ထောက်ပြပြောဆိုရလျှင် မြန်မာ့လူနေမှုအသိုင်းအဝိုင်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ယဉ်ကျေးမှုများကို ပျက်အောင်ဖျက်နေကြသည့် စီးပွားရေးလုပ်ငန်းများဟု ဆိုချင်သည်။ ၂၁ရာစုခေတ်ရေစီးကြောင်းအရ အဆိုပါ စီးပွားရေးလုပ်ငန်းများကို အပြီးသတ်အမြစ်ပြတ်နုတ်ပစ်ရန်လည်း ခက်ခဲမည်ဖြစ်၏။ လူရွယ်အမျိုးသားအများစုက ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များသို့ သွားရောက်နိုင်သည့်အကြောင်းများကို လျှာအရသာခံလျက် တခုတ်တရ ပြောဆိုနေကြသည်ကိုလည်း ကြားနေရသည်။ အထူးသဖြင့် ငွေကြေးဖောဖောသီသီ သုံးစွဲနိုင်သူတို့က ပိုကဲကြသည်။ မဟူရာညများ၌ ပျော်ရွှင်နှစ်သက်မှုကို ကိုင်းညွတ်မြတ်နိုးသူတို့က ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များဆီသို့ ခြေဦးလှည့်နေကြမည်ဖြစ်သည်။ သို့ပါ၍ ထိုသူတို့အတွက် အနှိုစီးပွားရေးလုပ်ငန်းများက မရှိမဖြစ်ဆက်လက်ရှင်သန်နေကြရပေဦးမည်။

ခေတ်အဆက်ဆက်က နာမည်ကောင်းမရခဲ့သော အနှိပ်ခန်းစီးပွားရေးသည် အမြဲလိုလို အမှောင်သန်းနေသည်မဟုတ်ပါလော။ အနှိပ်ခန်း၏ သဘောသဘာဝသည် နူးညံ့ပျော့ပျောင်းပြီး ဆွဲဆောင်မှုရှိသော အမျိုးသမီးဝန်ထမ်းများဖြင့် ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ထားသည်မှာ ငြင်းဆို၍မရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်၏။ သို့အတွက် အနှိပ်ခန်းနှင့် အမျိုးသမီးလုပ်သားခွဲခြား၍မဖြစ်၊ စွယ်တော်ရွက်လို နှစ်လွှာပေါင်း၍ တစ်သားတည်းကျနေ၏။

ခေတ်ကာလအခြေအနေအရ ဆင်းရဲနွမ်းပါးပြီး ပညာရေးအဆင့်အတန်းနည်းပါးသူအမျိုးသမီးငယ်များသည် ပုံမှန်ဝင်ငွေရရှိရေးအတွက် အနှိပ်ခန်းများ၌ ဝင်ရောက်လုပ်ကိုင်ကြရသည်။ ရုပ်ရည်ပြေပြစ်ပြီး ဆွဲဆောင်မှုအသင့်အတင့်ရှိသူ မိန်းကလေးများအဖို့ အနှိပ်ခန်းများဝယ် အလုပ်ရလွယ်၏။ သူတို့သည် အနှိပ်ခန်းများ၌ ရိုးသားစွာလုပ်ကိုင်ကြပြီး မိမိအပါအဝင်မိသားစု၏ စားဝတ်နေရေးကို ထောက်ပံ့ဖြည့်တင်းပေး

နေကြသူများဖြစ်သည်။ သို့သော် မည်သို့ပင် ရိုးရိုးစင်းစင်း လုပ်ကိုင်ကြသည်ဟုဆိုသော်လည်း ပတ်ဝန်းကျင်က အရောင်ဆိုးပေးလိုက်သဖြင့် လူတကာ၏ အထင်သေးခြင်းကိုခံရပြီး ဣန္ဒြေသိက္ခာနည်းသော ဆေးဆိုးပန်းရိုက်မိန်းကလေးများအဖြစ် တံဆိပ်နှိပ်ခြင်းခံရ၍ သွေးသားကုန်သည်များအဖြစ် ပူလောင်စူးရှသော ကန္တာရအတွင်း လျှောက်လှမ်းကြရလေသည်။ အခုဆိုလျှင် အလှပြင်ဆိုင်ဟု အရောင်ပြလျက် မာဆတ်ခန်းများနှင့် ဒွေးရောယှက်တင်ပြုနေကြသည့် သတင်းကိုလည်း ကြားနေရ၏။ တချို့ အလှပြင်ဆိုင်များတွင် တာဝန်ထမ်းဆောင်နေသော မိန်းကလေးများသည် အလှပြင်ရုံ သက်သက်မဟုတ်ဘဲ မလုံ့တလုံ ဖက်ရှင်များဖြင့် အမျိုးသားများ၏ ပုံမှန်စိတ်ကို ပွဲအောင်ဖွဲ့နေကြသည်ကိုလည်း မြင်တွေ့နေရ၏။

ထို့ပြင် အနှိပ်ခန်းများ၌မိန်းကလေးအချို့သည် အခစားလုပ်သားများအဖြစ် တာဝန်ထမ်းဆောင်နေကြသော်လည်း တရားဝင်လုပ်ငန်းမဟုတ်သဖြင့် အလုပ်သမားအခွင့်အရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ ခံစားခွင့်များကို မျှော်လင့်စောင့်စား မခံစားကြရပေ။ လုပ်ငန်းရှင်များ၏ လက်ဝါးကြီးအုပ်ခေါင်းပုံဖြတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ခံနေကြရသည်။ သို့အတွက် မိမိဘဝအာမခံချက် တစ်စိုးတစိမျှပင်မရနိုင်သည့် အနှိပ်ခန်းလုပ်သားဘဝကို မိန်းကလေးအများစုက သတိမူ ရှောင်ကွင်းသင့်၏။ အနှိပ်ခန်းတည်းဟူသော အမှောင်တောကြီးထဲတွင် တောခြောက်ခြင်းခံနေရသော မိန်းကလေးများအဖို့ လွတ်မြောက်ရာ လမ်းကို ရွေးချယ်ရှာဖွေသင့်သည်။

သို့ဖြစ်ပါ၍ မြန်မာ့ယဉ်ကျေးမှုနှင့် သဟဇာတမဖြစ်ဘဲ လူမှုဓလေ့ထုံးစံနှင့် စာရိတ္တများကို ယိုင်နဲ့စေပြီး ဒုစရိုက်လုပ်ငန်းများရှင်သန်ပေါက်ဖွားစေသည့် ကေတီဗွီ၊ မာဆတ်နှင့် နိုက်ကလပ်များကို ဥပဒေနှင့်အညီ သတ်မှတ်မှုဘောင်အတွင်းမှ စိစစ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါသည်။ မည်သို့ဆိုစေ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မြန်မာ့ယဉ်ကျေးမှုနှင့် အပ်စပ်မှုမရှိဘဲ ကုသရန်ခက်ခဲသည့် ရောဂါများကူးစက်ခံရစေနိုင်ပြီး ကျန်းမာကြံ့ခိုင်သော လူမှုဘဝလုံခြုံမှုကို ချိုးဖွဲ့ဖျက်ဆီးမည့် မြူးကြွတဲ့ ဂီတသံ၊ နူးညံ့ညင်သာသော ခံစားမှုနှင့် မှုံပျပျညများ၏

အန္တရာယ်မှ သတိဖြင့် ရှောင်ကွင်းလွတ်မြောက်နိုင်ကြစေရန် ရည်သန်လျက် -

***(၇. ၂. ၂၀၀၅) စံတော်ချိန်သတင်းစာ***

# မှန်ဆိုသည်မှာ

"မှန်"ဆိုသောစကားလုံးသည် အတော့်ကို လေးနက်ကျယ်ဝန်းသည်ဟု စာရေးသူက ထင်သည်။ "မှန်"ကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် လူနှင့် လူ့ပတ်ဝန်းကျင်အတွက် အသုံးတည့်မှုက ကျယ်ကျယ်ပြန့်ပြန့်တာသွားသည်ဟု ပြောရမည်ဖြစ်သည်။ "မှန်"သည် အမြင်အာရုံတွင် ကြည်လင်သောသဘောရှိပြီး တစ်ဖက်နှင့်တစ်ဖက် သံသယကင်းရှင်းစွာ ဒိုးယိုပေါက်ဖောက် ထွင်းမြင်ရသည့်အရာဖြစ်သည်။ "မှန်"ကို မည်သည့်သယံဇာတပစ္စည်းများနှင့်ဓာတုဗေဒနည်းပညာအရ ဖော်စပ်ထားခြင်းကို အသေးစိပ်အတိအကျမသိရသော်လည်း "မှန်"၏ မျက်မြင်အနေအထားအရ မှန်ကန်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တရားမျှတခြင်း၊ ပကတိအခြေအနေမှန် အတိုင်းသိရှိခွင့်ရခြင်းစသော ရလာဒ်များကို ပေးစွမ်းနိုင်သည်ဟု နက်နက်ရှိုင်းရှိုင်း တွေးတောချင်သည်။ "မှန်"ဆိုသော စကားလုံးသည် လူတိုင်းကို လမ်းမှန်သို့ရောက်ရှိစေရန် ထိန်းကျောင်းပေးနိုင်သည့် အတွေးအခေါ်များကို ဆင်ခြင်စေတတ်သော အမြင်စွမ်းအင်ကိုလည်း ပေးနိုင်၏။ စာဖတ်သူများလည်း ဉာဏ်စွမ်းရှိသလောက် ရှည်ရှည်တွေး၍ ပိုမိုပြည့်စုံသောအနက်ကို ပုံဖော်နိုင်ပါသည်။

ယေဘုယျအားဖြင့် "မှန်"ကို နှစ်မျိုးနှစ်စားခွဲခြားနိုင်၏။ ကြည့်မှန်နှင့် ရိုးရိုးမှန်ဖြစ်သည်။ ရိုးရိုးမှန်သည် ဟိုဘက်ဒီဘက် ဖောက်ထွင်းမြင်နိုင်ပြီး မြင်ကွင်းရှိ သက်ရှိသက်မဲ့အရာနှင့် စိတ်နေစိတ်ထားတို့ကို မူရင်းအတိုင်း ခန့်မှန်းအကဲခတ်နိုင်သည်။

"မှန်"၏ မျက်နှာပြင်တစ်ဖက်ကို ပြဒါးသုတ်ထားလျှင် ကြည့်မှန်သို့မဟုတ် ကြေးမုံဖြစ်လာသည်။ ကြည့်မှန်သည် မှန်ကြည့်သူ၏ရုပ်ရည်၊ အသွေးအရောင်၊ အရွယ်အစားနှင့်အနေအထားတို့ကို အလွယ်တကူ မြင်နိုင်၏။ မှန်ကြည့်သူ၏ အားနည်းချက်၊ အားသာချက်များကို ရှိရင်းစွဲအတိုင်း ရှုမြင်သုံးသပ်နိုင်၏။ ကြည့်မှန်ကြောင့် မိမိကိုယ်ကိုပြုပြင်နိုင်၏။ ထိန်းသိမ်းနိုင်၏။ ပြောင်းလဲနိုင်၏။ သို့သော် တစ်စုံတစ်ယောက်က မည်သို့ပင် စေခိုင်းတိုက်တွန်းသော်လည်း ကိုယ်ကိုယ်တိုင်ပြုပြင်ပြောင်းလဲနိုင်ရန် ကြိုးစားရမည်သာဖြစ်ပေ၏။ "မှန်"ကိုတော်တည့်မှန်ကန်စွာ အသုံးချနိုင်ခွင့်ရရှိရန် လိုအပ်သည်။ မှန်ကန်စနစ်တကျ ကိုင်တွယ်အသုံးမချတတ်လျှင် ကြေကွဲပျက်စီးနိုင်ပြီး လူကိုစူးနစ်ပြတ်ရှစေလျက် ပတ်ဝန်းကျင်ကို အန္တရာယ်များပေးနိုင်သည်။ ပသို့ဆိုစေ "မှန်"သည် လူ့လောကအတွက် မရှိမဖြစ်လိုသော ပစ္စည်းတစ်ခုဖြစ်ပေသည်။

"မှန်"သည် တစ်ခုတည်းသော စကားလုံးဖြစ်သော်လည်း ၎င်း၏ရှေ့မှသော်လည်းကောင်း၊ နောက်မှသော်လည်း အပိုစာလုံးများတွဲလျက်ရေးသားခြင်းဖြင့် အခြားအဓိပ္ပာယ်များ ခက်ဖြာသွားသည်ကို သတိထားလေ့လာမိသည်။ သို့သော် "မှန်"၏ မူရင်းအနက်သည် တည်မြဲလျက်ရှိနေ၏။

"မှန်"၏ရှေ့မှ "လူ" ဟူသော ဝေါဟာရကို ပေါင်းစပ်ယှဉ်တွဲလိုက်ပါက "လူမှန်"ဖြစ်လာသည်။ "လူမှန်"သည် ပစ္စုပ္ပန်နှင့်သံသရာအကျိုးကို မှန်မှန်ကန်ကန်ဆောင်ရွက်တတ်သူ၊ ရိုးသားဖြောင့်မတ်သူ၊ အများအကျိုးငှာ ကိုယ်ကျိုးစွန့်သူ၊ ပရဟိတလုပ်ငန်းများကို အလေးထားသူဟု အနက်ပေါ်လွင်ပါသည်။ တစ်နည်းအားဖြင့် ကိုယ်ကျင့်သီလကိုစောင့်ထိန်းပြီး အမှန်တရားကို မြတ်နိုးလက်ခံသူဟုလည်း ဆိုနိုင်သည်။ မည်သူမဆို မိမိသည် "လူမှန်"တစ်ယောက်ဖြစ်မဖြစ် ကိုယ်တိုင်စမ်းသပ် တိုင်းထွာနိုင်၏။ "လူမှန်"ဟုတ်၏မဟုတ်၏ကို ငါးပါးသီလနှင့် ဗြဟ္မစိုရ်တရားတို့ဖြင့် ထွေးဆချင့်ချိန်နိုင်သည်။ လူတိုင်းလူတိုင်း "လူမှန်"တစ်ယောက်ဖြစ်ဖို့အရေးကြီးသည်။ လူမှန်တစ်ယောက်ဖြစ်မှသာ မိမိနှင့် ဆက်စပ်နေသောလူနှင့်ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်မည်ဖြစ်၏။ လူမှန်တစ်ယောက်ဖြစ်ပါသည်ဟု နှုတ်မှပြောရုံနှင့်မပြီး ကိုယ်တိုင်လိုက်နာ ကျင့်ကြံလုပ်ကိုင်

ဆောင်ရွက်နေထိုင်တတ်ဖို့လည်း လိုသည်။

"မှန်" ၏ရှေ့မှ "နေရာ" ထည့်လိုက်လျှင်"နေရာမှန်" ဟု ဖြစ်လာပါသည်။ နေရာမှန်၏ အဓိပ္ပာယ်သည် နက်ရှိုင်းကျယ်ဝန်းလေးနက်ထိရောက်သည်။ လူတစ်ဦးတစ်ယောက်သည် မိမိနေထိုင်ရာအရပ်၊ ရပ်တည်နေရသောဘဝ၊ လုပ်ကိုင်နေရသောအသက်မွေးဝမ်းကြောင်းနှင့် ရရှိသောအဆင့် (ရာထူး သို့မဟုတ် တာဝန်)သည် မိမိနှင့် အံဝင်ဂွင်ကျကိုက်ညီမှုရှိမရှိ တွေးတောချိန်ဆရန် လိုအပ်သည်။ ယခုရောက်ရှိနေသော နေရာသည် မိမိအတွက် အကျိုးဖြစ်ထွန်းမှု နည်းပါးနေပါက နေရာမှန်ဟု မသတ်မှတ်နိုင်ပေ။ သို့ဖြစ်၍ နေရာမှန်သို့ရောက်အောင် ဖောက်ထွင်းတိုးထွက်ရပေမည်။ တစ်ဖန် မိမိအတွက် အကျိုးများသော်လည်း ပတ်ဝန်းကျင်ကို အကျိုးသက်ရောက်မှုနည်းနေပါက နေရာမှန် မဖြစ်နိုင်ပြန်ပေ။အထူးသဖြင့် မိမိအတွက် သင့်တင့်မျှတသောခံစားမှုနှင့် လူ့လောက သို့မဟုတ် အများပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမှုအားကောင်းမှသာလျှင် ဤနေရာသည် "နေရာမှန်" ဖြစ်ပေလိမ့်မည်။

မဆလခေတ်က နိုင်ငံရေးနယ်ပယ်တွင် ရေပန်းအစားဆုံးစကားတစ်ခွန်းပေါ်ထွန်းခဲ့ဖူးသည်။ ထိုစကားလုံးကား "လူမှန်နေရာမှန်"ဟူသော ဝေါဟာရပင်ဖြစ်သည်။ စီမံအုပ်ချုပ်ဆုံးဖြတ်ခွင့် ရှိသူလူတန်းစားသည် "လူမှန်နေရာမှန်"ဖြစ်ရန်လိုအပ်သည်ဟု မိုးလားကဲလား ဟစ်ကြွေးခဲ့သည်။ ၁၉၆၂ ခုနှစ်၌ တော်လှန်ရေးကောင်စီက အာဏာသိမ်းပြီးနောက် မဆလခေတ်တစ်လျှောက်လုံး အရေးပါအရာရောက်သည့်ကဏ္ဍများ၌ စစ်ဗိုလ်လူထွက်မိုးကျရွှေကိုယ်များကို ရွေးချယ်ပြီး တွင်တွင်ကျယ်ကျယ် စီမံအုပ်ချုပ်စေခဲ့သော်လည်း ၂၆ နှစ်ကြာသောအခါ တိုင်းပြည်သည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ စာရင်းတွင် ပါဝင်ခွင့်ရရှိခဲ့လေသည်။ သို့ဆိုလျှင် မဆလခေတ်က တိုင်းပြည်ကို အုပ်ချုပ်သူများသည် နိုင်ငံအတွက် အမှန်တကယ် "လူမှန်နေရာမှန်" ဖြစ်မဖြစ်ကို အကဲဖြတ်သုံးသပ်နိုင်မည်ဖြစ်၏။ ဤသို့ "လူမှန်နေရာမှန်"မဖြစ်ခဲ့ကြောင်းကို တစ်ပြည်လုံးသာမက တစ်ကမ္ဘာလုံးက သိသည်ဖြစ်၍ ၁၉၈၈ခုနှစ် ဩဂုတ်လတွင် မဆလစနစ်ပြိုကွဲသွားခဲ့ရလေသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလမှမှစ၍ (နဝတ)(နအဖ) အဖွဲ့များ

က မြန်မာနိုင်ငံကို ဆက်လက်စီမံ အုပ်ချုပ်ခဲ့ကြပြန်သည်။ ၁၉၉၀ခုနှစ်၌ အထွေထွေရွေးကောက်ပွဲကျင်းပပေးခဲ့ပြီး အနိုင်ရပါတီအား နိုင်ငံတော် အာဏာကို လွှဲပြောင်းပေးမည်ဟု မိုးလုံးပြည့်ပြောခဲ့သော်လည်း အနိုင်ရ ပါတီသည် "လူမှန်နေရာမှန်" မဖြစ်နိုင်သောကြောင့် တပ်မတော်အစိုးရ ကသာလျှင် တိုင်းပြည်ကို လူမှုဒုက္ခအပေါင်းမှ ကယ်တင်နိုင်မည်ဖြစ်၍ ဆက်လက်အုပ်စိုးခဲ့ကြပြန်သည်။ စစ်ဗိုလ်များ ဦးဆောင်သော စစ်အစိုးရ ကသာ နိုင်ငံတော်ကို စီမံအုပ်ချုပ်နိုင်သော "လူမှန်"များဖြစ်သည်ဟု သူတို့ကိုယ်သူတို့ ဇွတ်မှိတ်ယုံကြည်ခဲ့ကြ၍ နေရာမှန်များကို ဝင်ရောက် ယူခဲ့ကြပြန်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အရေးပါသော နေရာများ၌ စစ်ဗိုလ်လူမှန်များက နည်းမှန်လမ်းမှန်ဖြင့် အများအကျိုးကို ဦးစားပေး ရှေ့ရှုလျက် စီမံကိုင်တွယ်ဆုံးဖြတ်အုပ်ချုပ်ခဲ့လေသည်။

နောင်နှစ်ပေါင်း ၂၃ ခန့်ကြာသောအခါ ၎င်း "စစ်ဗိုလ်လူမှန်"များ ကြောင့်ပင် တိုင်းပြည်သည် နေရာမှန်ဖြစ်သော ကမ္ဘာ့ဖွံ့ဖြိုးမှုနောက်ကျ ဆုံး နိုင်ငံများစာရင်းသို့ အလိုအလျောက် ဝင်ရောက်သွားရပြန်သည်။

ယခုမြန်မာနိုင်ငံဝယ် အများပြည်သူများ ရွေးချယ်တင်မြှောက် သော အရပ်သားအစိုးရက စည်းကမ်းပြည့်ဝပြီး တရားမျှတမှုရှိသော ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်လာခဲ့သည်မှာ ငါးနှစ်အတွင်း ချဉ်းနင်းဝင် ရောက်ခဲ့ပြီးဖြစ်သည်။ လက်ရှိအစိုးရသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု များကို လုပ်ဆောင်ရာတွင် အဘက်ဘက်မှ စိန်ခေါ်မှုများ၊ ပွတ်တိုက်မှု များနှင့် ရင်ဆိုင်တွေ့ကြုံနေရသည်မှာလည်း အမှန်ပင်ဖြစ်သည်။ ပြုပြင် ပြောင်းလဲလာသည့် ကာလအတွင်း တိုင်းပြည်၏ ငြိမ်းချမ်းရေး၊ တရား ဥပဒေစိုးမိုးရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး စသည့် နယ်ပယ်အသီးသီး၌ မည်မျှတိုးတက်မှုရှိသည်ကို မှန်မှန်ကန်ကန်သုံးသပ် ဖို့ လိုသည်။ ထို့ပြင် ပြည်သူလူထုကိုအမှန် တကယ်ဗဟိုပြုသည့် အစိုးရ အဖွဲ့ဖြစ်ရဲ့လားဟု မေးခွန်းထုတ်စရာ ဖြစ်နေသည်။ အုပ်ချုပ်ရေးဆိုင်ရာ အဆင့်ဆင့်နှင့် ဌာနဆိုင်ရာအသီးသီးတွင် တာဝန်ယူနေသော ပုဂ္ဂိုလ်များ သည် လူမှန်နေရာမှန်ဖြစ်မဖြစ် ခွဲခြမ်းစိတ်ဖြာသင့်၏။ အုပ်ချုပ်သူပုဂ္ဂိုလ် များသည် မှန်သောအတွေး၊ မှန်သောအကျင့်၊ မှန်သောအလုပ်၊ မှန်သော

ဆုံးဖြတ်ချက်နှင့် မှန်သောလမ်းကို လျှောက်လှမ်းနိုင်ရန် အားထုတ်ရမည် ဖြစ်သည်။ ၎င်းပြင် စေတနာမှန်ရမည်။ အရှိကိုအရှိအတိုင်း မြင်တတ်ရမည်။ 'အမှန်အတိုင်း ဝန်ခံရဲရမည်။ သို့မှသာ မိမိအတွက် ပြည်သူလူထုအတွက် တိုင်းပြည်အတွက် အကျိုးထူးများရရှိစေနိုင်မည်။ စာရေးသူတို့နိုင်ငံဝယ် အဘက်ဘက်က နိမ့်ကျနေပြီး လယ်ယာမြေ ပြဿနာများ၊ အလုပ်လက်မဲ့ပြဿနာများ၊ ဆင်းရဲနွမ်းပါးမှုအခက်အခဲများ၊ ပညာရေးအဆင့်အတန်းနိမ့်ကျမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ရင်ဆိုင်နေရသဖြင့် ရပ်ကွက်ကျေးရွာအဆင့်မှ နိုင်ငံတော်အဆင့်ထိ လူမှန်နေရာမှန်မဖြစ်သရွေ့ ဒီမိုကရေစီရွှေပြည်ကြီးနှင့် ဝေးနေရဦးမည် ဖြစ်သည်။

သူတော်စင်များမှလွဲ၍ ကျန်သာမန်လူသားအားလုံး ရာနှုန်းပြည့်မှန်ကန်ခြင်း မရှိနိုင်သည်ကို လူတိုင်းသိပါသည်။ သို့သော် စာရေးသူတို့ပတ်ဝန်းကျင်တွင် အမှန်တရားရေချိန်မြင့်တက်စေရန် နိုင်ငံသားအားလုံးမှာ တာဝန်ရှိသည်ဟု လက်ခံထားရမည်ဖြစ်သည်။ စာရေးသူလည်း လူ့လောကကို အကျိုးပြုနိုင်စေရေးအတွက် လူမှန်နေရာမှန်ဖြစ်အောင် ကြိုးစားနေသည်။ စာရှုသူများလည်း လူမှန်နေရာမှန်ဖြစ်အောင် ကြိုးစားကြရမည်။

သို့ပါ၍ မည်သူမဆို အမှန်အတိုင်း တွေးတောကျင့်ကြံပြောဆိုလုပ်ကိုင်ဆောင်ရွက်နိုင်ကြပြီး အတ္တစိတ်များကို ခွာချလျက် ကိုယ့်ထက်မှန်ကန်တည်ကြည်သောလူမှန်များအား ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်မည့် နေရာမှန်ကန်အလှည့်ပေးရမည့်အချိန်ရောက်ပြီဟု တိုက်တွန်းလိုက်ရပါသည်။

*(၁၈. ၂. ၂၀၁၅) စံတော်ချိန်သတင်းစာ*

# တမာရနံ့တွေသင်းနေတဲ့မြို့

မိတ္ထီလာဆိုတာ မန္တလေးတိုင်းဒေသကြီးထဲမှာတည်ရှိပြီး လူတိုင်းရဲ့ နှုတ်ဖျားမှာ ရေပန်းစားခဲ့တဲ့ မြို့၊ သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့မြို့လည်း ဖြစ်ခဲ့တယ်။ ရှေးရှေးကတည်းက မိခင်တိုင်းရဲ့ နှုတ်ဖျားကနေ စွဲစွဲမက်မက် ဆိုပြခဲ့ဖူးတဲ့ သားချော့တေးတစ်ပိုဒ်ထဲမှာ ပါနေတဲ့ မြို့လေးပေါ့။ မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါဆိုတဲ့ စာချိုးလေးကြောင့် မိတ္ထီလာကို လူသိများခဲ့တယ်။

မိတ္ထီလာဟာ အညာဒေသဖြစ်ပေမဲ့ ကုန်းကိုးကုန်းရဲ့အလယ်မှာ တည်ထားတာဖြစ်လို့ ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၇၀၀အမြင့်မှာ တည်ရှိတယ်။ ရှေးမင်းများလက်ထက်က မိတ္ထီလာကန်ရဲ့ အကျယ်အဝန်းကို သိစေချင်လို့ နန်းတွင်းလုလင်တစ်ဦးကို မြင်းနဲ့စေလွှတ်ပြီး ကန်ရေစပ်အနားတစ်လျှောက် ပတ်ခိုင်းရာမှ စထွက်တဲ့နေရာမရောက်မီ ကြက်တစ်ဝပ်စာအလိုမှာမြင်းက အမောဆို့ရင်ကွဲပြီး သေပွဲဝင်ခဲ့ရတာမို့ "မထိလာ" လို့ ခေါ်တွင်ခြင်းကိုလည်း ပါးစပ်ရာဇဝင်အရ မှတ်သားခဲ့ရဖူးတယ်။

မိတ္ထီလာကန်တော်ဟာ အခြားကန်များနဲ့မတူ တစ်မူထူးခြားနေတယ်ဆိုတာကိုလည်း လေ့လာနိုင်ပါတယ်။ ကြိုးကြာမသောက်ရေ မနောက်မပေါက်ရွှေကြာမထိလာလို့လည်း ဆိုရိုးရှိခဲ့ဖူးတယ်။ ကြိုးကြာငှက်တွေဟာ မိတ္ထီလာကန်တော်ထဲကရေကို ဘယ်တော့မှ သောက်လေ့မရှိဘူးလို့ ရှေးလူကြီးသူမတွေ ဆိုပြောကြတာကို လက်ဆင့်ကမ်းကြားရပြန်တယ်။ ကန်ရဲ့ရေရိပ်ရေရောင်ဟာ ထာဝရစိမ်းလဲ့နေပြီး ပကတိနက်နက်ရှိုင်းရှိုင်းရှိနေတာမို့ တစ်ခါတလေကန်ရေပြင်ကိုရှုပ်ပြီး တိုက်ခတ်လာတဲ့

လေနုအေးအေးလေးတွေကြောင့် လှိုင်းကြက်ခွပ်ကလေးများ ပွက်ထလို့နေတာကိုလည်း တွေ့မြင်နိုင်တယ်။ ထူးဆန်းတာက မိတ္ထီလာကန်ထဲမှာ အခြားရေပေါ်ပင်တွေ ပေါက်ရောက်နေပေမယ့် ဘယ်ကြာပင်မျိုးမှ ပေါက်ရောက်မှုမရှိတာကို တအံ့တသြ မြင်ရတယ်။ ရှေးရှေးတုန်းက မိတ္ထီလာကန်ရဲ့ပတ်ပတ်လည်မှာ သျှစ်သျှားပင်တွေ ပေါပေါများများနဲ့ ထူထူထဲထဲ ပေါက်ရောက်ခဲ့လို့ သျှစ်သျှားကန်လို့လည်း အမည်နာမ ထင်ရှားခဲ့ပါသေးတယ်။

မိတ္ထီလာမြို့ဟာ ချောင်းတွေမြစ်တွေနဲ့မနီးပေမယ့် သဘာဝက ပေးထားတဲ့ မျက်စိတစ်ဆုံးကျယ်ပြောလှတဲ့ ရေကန်ကြီးဟာ မြို့လယ်ခေါင်မှာ မြောက်မှတောင်သို့တန်းလျက် တည်ရှိနေတာကြောင့် အညာဒေသရဲ့ အိုအေစစ်အဖြစ်လည်း ထင်ရှားလှတယ်။ မြို့ရဲ့အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းကို တံတားနှင့်ဆက်သွယ်ထားတာမို့ တဖျပ်ဖျပ်လက်နေတဲ့ ရေပြင်နဲ့ မြို့ရဲ့အလှကို ပိုမိုပေါ်လွင်စေတယ်။ အရှေ့ဘက် တာရိုးကနေ အနောက်ဘက်ကို မျှော်ကြည့်လိုက်ရင် နေဝင်ခါနီး တစ်မျှော်တစ်ခေါ် ကျယ်လွင်တဲ့ ကောင်းကင်ရောင် ပြာလဲ့လဲ့ကန်ရေပြင်နဲ့ စိမ်းညို့ညို့ပုပ္ပားတောင်မကြီးတို့ရဲ့ မြင်ကွင်းဟာ ခရီးသွားတွေကို နောက်တစ်ကြိမ် ပြန်ကြည့်မိအောင် အမိအရ ဆုပ်ဖမ်းလို့နေပါတော့တယ်။

မိတ္ထီလာမြို့ဟာ အပူပိုင်းဒေသထဲမှာပါပြီး သဲဆန်တဲ့မြေလွှာမျိုး ရှိတာကြောင့် ပဲပြောင်း နှမ်းဝါ မြေပဲ စတဲ့သီးနှံတွေ စိုက်ပျိုးရာမှာ အထိုက်အလျောက် ဖြစ်ထွန်းအောင်မြင်မှုရှိတယ်။ အလယ်ပိုင်းဒေသ ထဲမှာကျရောက်နေတဲ့ မိတ္ထီလာမြို့ဟာ မိုးရွာသွန်းမှုနည်းပါးပေမယ့် ကန်ရေရဲ့ အကျိုးသက်ရောက်မှုကြောင့် သင့်တင့်မျှတတဲ့ ရာသီဥတုကိုလည်း ခံစားရရှိတယ်။ တစ်ချိန်တုန်းက မိတ္ထီလာဒေသနေရာအနှံ့နဲ့ ကန်တော်မင်္ဂလာပတ်ဝန်းကျင်မှာ ထနောင်းပင် ရှားပင် မန်ကျည်းပင်တွေဟာ အုံ့အုံ့ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းမှိုင်းနဲ့တည်ရှိခဲ့သလို အထူးသဖြင့် ပိတ်ပိတ်ဆီးဆီး တမာတောကြီးများလည်း ပေါက်ရောက်ခဲ့ဖူးတယ်။ သို့အတွက် တမာပင်များ ဝန်းရံထားတဲ့ဒေသဖြစ်လို့ မိတ္ထီလာကို တမာမြေရယ်လို့ ယခုတိုင် တင်စားခေါ်ဝေါ်ကြပါသေးတယ်။

တမာပင်တွေဟာ နွေဦးရာသီဖြစ်တဲ့ တန်ခူးလမှာ ဖွေးဖွေးလှုပ်

နေအောင်ပွင့်ပြီး ရန့်သင်းတဲ့ တမာပွင့်ကလေးတွေနဲ့အတူ လောကကို အလှဆင်ပေးလေ့ရှိတယ်။ တမာပန်းဟာ ပိတောက်ပန်းလို့ မဟုတ်ဘဲ အပင်ပေါ်မှာ ရက်တော်တော်ကြာကြာ လန်းဆန်းမွှေးကြိုင်ပွင့်လန်း နေတာဖြစ်လို့ တာဝန်ကျေတဲ့ ပန်းလို့လည်း စာရေးသူက အသိအမှတ် ပြုရပြန်တယ်။ တမာတောမှာ မွေ့မွေ့ပျော်ပျော် လျှောက်လှမ်းခဲ့ဖူးသူ တိုင်း အညာမြေကို လွမ်းမောတမ်းတတတ်တာဟာ နှလုံးသားရှိသူတိုင်း ရဲ့ ရင်တွင်းခံစားချက်တစ်ခုလို့ ဆိုရမလားပဲ။

နာမည်ကျော် မိတ္ထီလာကန်တော်ကြီးဟာ ပတ်ပတ်လည်ဒေသမှာ ရှိတဲ့ ကန်ရေသောက်လယ်တွေကို ရွှေဝါရောင်စပါးနှံတွေနဲ့ဝေစည်စေခဲ့ သလို မြို့လူထုအတွက်လည်း သောက်ရေသုံးရေတွေ အလျှံအပယ်ဝေငှ ပေးနေတဲ့ ရေချိုကန်ကြီးလည်း ဖြစ်တယ်။ ဒီဘက်ခေတ်မှာ သဲတွေနုန်း တွေ ပို့ချမှုများလာတာကြောင့် ကန်ကြီးတိမ်ကောလာနိုင်လို့ နိုင်ငံတော် အစိုးရနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေပူးပေါင်းပြီး စက်ယန္တယားကြီးတွေ နဲ့ ပြန်လည်တူးဖော်နေတာတွေ့ရတော့ ရေရှည်အတွက် စိတ်အေးရပြန် တယ်။

စာရေးသူတို့ ငယ်စဉ်က မိတ္ထီလာမြို့နယ်မှာ အခြေခံပညာ အထက်တန်း ကျောင်းလေးကျောင်းသာရှိခဲ့ပေမယ့် အခုဆိုရင် အထက် တန်းကျောင်း ခုနစ်ကျောင်းနဲ့ အလယ်တန်းကျောင်း မူလတန်းကျောင်း တွေဟာ ရွာအနှံ့၊ နယ်အနှံ့ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်တယ်။ စာရေးသူတို့ ဆယ်တန်းအောင်စဉ်က တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးဖို့ အင်မတန်ခက်ခဲခဲ့တယ်။ ရန်ကုန်၊ မန္တလေးတက္ကသိုလ်နဲ့ တောင်ကြီး ကောလိပ်တွေကို တက်ရောက်ရတာဖြစ်လို့ တော်ရုံတန်ရုံငွေကြေးရှိရုံနဲ့ အဆင့်မြင့်ပညာကို သင်ယူဖို့ဆိုတာ မလွယ်ကူခဲ့ပါဘူး။ အခုဆိုရင် မိတ္ထီလာမှာ မိတ္ထီလာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ သူနာပြုသင်တန်းကျောင်း၊ လေ ကြောင်းပညာနှင့် အာကာသတက္ကသိုလ်တွေကို ဖွင့်လှစ်ထားရှိတာဖြစ်လို့ နယ်သူနယ်သားတွေရဲ့ ပညာရေးဟာ အရင်ကလောက်မဝေးတော့ဘဲ ပန်းခင်းလမ်းတွေ ဖွေးနေပြီလို့ ဆိုချင်ပါတယ်။

ခရိုင်ဆေးရုံကြီးကို အဆင့်မြင့်တိုးချဲ့နိုင်ခဲ့ပြီး တိုက်နယ်ဆေးရုံတွေ

ကိုလည်း အထိုက်အလျောက် ဖွင့်လှစ်ထားရှိခဲ့တာမို့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာလည်း အတော်အတန် စိတ်အေးနေရပြီလေ။ ဒါ့အပြင် ပုဂ္ဂလိကဆေးရုံတွေကလည်း တစ်ရုံပြီးတစ်ရုံ ပေါ်ထွန်းလာပြီဖြစ်လို့ မြို့သူမြို့သားတွေအနေနဲ့ နှစ်သက်ရာဆေးရုံ ဆေးခန်းတွေမှာ စိတ်တိုင်းကျကုသလို့ ရနေပါပြီ။

မြို့ရဲ့မြောက်ဘက် ၁၄ မိုင်အကွာ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး(ဟောင်း)နဲ့ကပ်လျက် နေရာမှာတော့ မိတ္ထီလာစက်မှုဇုန်ကြီးကို တည်ထောင်နိုင်ခဲ့လို့ ဒေသခံမြို့လူထုရဲ့ အလုပ်လက်မဲ့ ပြဿနာကို တစ်ထောင့်တစ်နေရာက ဖြေရှင်းပေးနိုင်ခဲ့တယ်။ အနှီစက်မှုဇုန်ကြီး ဖွင့်လှစ်ထားရှိတာမို့ နိုင်ငံတော်ရဲ့ SME လုပ်ငန်းများ ဖွံ့စည်းတည်ဆောက်ရာမှာ မိတ္ထီလာဒေသဟာ အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်ခွင့် ရရှိနေရသလိုပါပဲ။

မိတ္ထီလာဟာ ချက်ချက်ချာချာ ဆုံမှတ်ကျတဲ့မြို့ဖြစ်တာနဲ့အညီ ရထားလမ်းနှင့် ခရီးပေါက်နိုင်သလို၊ မော်တော်ကားလမ်းတွေနဲ့လည်း အနီးရောက်နိုင်ပါတယ်။ မိတ္ထီလာကနေ အထက်အောက်အစုံအဆန် အပြန်အလှန်သွားလာနိုင်သလို ဘေးဘီဝဲယာမြို့များကိုလည်း နေ့ညအချိန်မရွေး သွားလာနိုင်ပါတယ်။ ဟိုတုန်းက မြေခင်း ဖုန်စုပ်စုပ်လမ်းတွေဟာ အခုဆိုရင် ကွန်ကရစ်လမ်းတွေ၊ နိုင်လွန်ကတ္တရာလမ်းတွေဖြစ်နေပြီလေ။ မိတ္ထီလာက အောက်ကိုစုန်ရင် နေပြည်တော်နဲ့ ရန်ကုန်၊ အထက်ကို ဆန်ရင် ကျောက်ဆည်နဲ့ မန္တလေး၊ အရှေ့ကိုတက်ရင် ကုန်းမြင့်မြင့်ပေါ်က မောတို့မြေ ကလော၊ အောင်ပန်း၊ ဟဲဟိုး၊ တောင်ကြီး၊ အနောက်မြောက်ကိုသွားရင် မလှိုင်မြို့နဲ့ မြင်းခြံမြို့၊ အနောက်ကိုသွားရင်ကျောက် ပန်းတောင်းမြို့၊ ပုပ္ပားဒေသနဲ့ ပုဂံညောင်ဦးမြို့များကို ရောက်ပါတယ်။ တစ်နှစ်ပတ်လုံး အညာဒေသထွက်ကုန်နဲ့ ရှမ်းနယ်က ထွက်ကုန်တွေက မိတ္ထီလာဈေးကြီးထဲမှာ ရောင်းဝယ်ဖောက်ကားနေကြတာဟာ ကုန်စိုရော ကုန်ခြောက်တွေရော တောင်ပုံရာပုံပါပဲ။

ပြီးတော့ အရောင်းအဝယ်စည်ကားတဲ့ မြို့ဖြစ်တာနဲ့အညီ မီနီမားကတ်တွေ စတိုးဆိုင်တွေကလည်း အုံးအုံးထနေတော့တာပေါ့။ စီးပွားရေးဖြစ် ထွန်းတာမို့ မြန်မာ့စီးပွားရေးဘဏ်အပြင် ပုဂ္ဂလိကဘဏ်တွေက

လည်း အလျှိုလျှိုပေါ်ပေါက်လို့နေတယ်။ စီးပွားရေးကောင်းလာလို့ မိတ္ထီလာနယ်အတွင်းရှိ ကျေးရွာတွေမှာ မော်တော်ဆိုင်ကယ်မရှိတဲ့ အိမ်ဆိုတာမရှိသလောက် ရှားသွားပြီ။ ကုန်ကုန်ပြောရရင် အညာဒေသတွေမှာ နွားကျောင်းသွားရင်တောင်၊ ရွာအစွန့်က ရေတွင်းမှာ ရေချိုးသွားရင်တောင် ဆိုင်ကယ်နဲ့ သွားနေတာမြင်နေရလို့ပြောရင် ပိုလွန်းရာကျနေမလားပဲ။ မိတ္ထီလာမြို့ပေါ်မှာကတော့ ဆိုင်ကယ်တွေဟာ တဖုန်းဖုန်း တအုံးအုံးနဲ့ ပုရွက်ဆိတ်အုံကို တုတ်နဲ့ထိုးထားသလို ပလူတွေပျံနေတော့တာပေါ့။

အခုဆိုရင် ရန်ကုန်-မန္တလေး အဝေးပြေးအမြန်လမ်းမ(သစ်)ကြီးဟာ မိတ္ထီလာမြို့အနောက်ဘက် ၈ မိုင်ခန့်အကွာကနေ အထက်အောက်တိုးယှိုပေါက်ဖြတ်ဖောက်ထားတာမို့ အဲဒီလမ်းမကြီးဘေးမှာရှိတဲ့ ကျေးရွာတွေလည်း ခေတ်မီကျေးရွာတွေ ဖြစ်ကုန်ကြပြီ။ သည့်အပြင် မြန်မာ့သမိုင်းမှာ နာမည်ကြီးထင်ရှားခဲ့တဲ့ စာတိုင်ညြို သို့မဟုတ် ဝန်ဇင်းဖိုးရာဇာဆိုတဲ့ ပညာရှိအမတ်ကြီးဟာ မိတ္ထီလာနယ်သားစစ်စစ်တစ်ယောက်ဖြစ်ခဲ့တာနဲ့အညီ မိတ္ထီလာဟာ စာပေ၊ ကဗျာနဲ့ အနုပညာဓာတ်ခံအားမနည်းလှတဲ့ဒေသလည်း ဖြစ်တယ်။ ဒီဘက်ခေတ်မှာလည်း ထင်ရှားတဲ့ ကဗျာဆရာ၊ စာရေးဆရာတွေ ပေါ်ပေါက်ခဲ့တယ်။ ရွှေစစ်သည် ရွာသား ကဗျာဆရာထီလာစစ်သူ၊ ထီလာစိုးမြင့်ထယ်၊ စုကြည်မျိုး၊ မြင့်ဆွေ (ထီလာ)၊ ထီလာဖိုးထိန်၊ ထီလာဝင်းယုမာနဲ့ တင်လှိုင်(မိတ္ထီလာ) တို့ဟာ မိတ္ထီလာဇာတိစာပေလုပ်သားတွေ ဖြစ်ကြတယ်။ မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုသမိုင်းမှာ အသုံးလုံးအစ မိတ္ထီလာဒေသက ဖြစ်တယ်။ အလားတူ ဂီတအနုပညာနဲ့ပတ်သက်ပြီး “ထီလာမောင်” မြန်မာသံစုံတီးဝိုင်းကြီးဟာ လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်မှသည် ယနေ့တိုင် ထွန်းထွန်း ပပ တည်ရှိနေတာဟာလည်း မိတ္ထီလာ နယ်သူ နယ်သားတွေ ရဲ့ မြန်မာ့ဂီတအနုပညာကို တန်ဖိုးထား နှစ်သက်မြတ်နိုးကြောင်းကို ဖော်ပြနေတဲ့အတိုင်းပါပဲ။

မိတ္ထီလာရဲ့ အရှေ့ဘက်တာရိုး ကုန်းမြင့်မြင့်ပေါ်မှာ ပြိုးပြိုးပြက်ပြက်ဆည်းလည်းသံချိုချိုနဲ့ ရွှေရောင်ဝင်းလက်နေတဲ့ ရွှေမြင်တင်စေတီတော်၊ ကန်တော်ရဲ့ရေအစပ်မှာ အလောင်းစည်သူမင်းကြီး တည်ထားခဲ့တဲ့

ရွှေကရဝိတ်သဏ္ဌာန် ဖောင်တော်ဦးစေတီတော်၊ မြို့လယ်မှာ ဆုတောင်းပြည့်စေတီတော်၊ ကန်တော်ရဲ့အနောက်ဘက်မှာ ဗုဒ္ဓဂယာစေတီသဏ္ဌာန် နဂါးရုံစေတီတော်နဲ့ ကန်ရေပြင်ရဲ့အလယ်မှာ ထင်းထင်းကွင်းကွင်း ဖူးမြော်နိုင်တဲ့ ရေလယ်စေတီတော်တို့ကို တည်ထားကိုးကွယ်မှုဟာ မိတ္ထီလာနယ်သူ နယ်သားတွေရဲ့ ဗုဒ္ဓဘာသာတရားကို ကိုင်းရှိုင်းမှုနဲ့ ယုံကြည်သက်ဝင်မှုတို့ကို တွေးဆချင့်ချိန်နိုင်တယ်။ အပတ်စဉ် တနင်္ဂနွေနေ့ တိုင်းတန်းစီလှည့်လည်ပြီး ညနေခင်း ခပ်ရင့်ရင့်အထိ မြို့လုံးကျွတ် ဆွမ်းတော်ကြီး အလှူခံထွက်ခြင်းဟာ မြန်မာဆန်တဲ့ မြို့လူထုရဲ့ ဘာသာတရားအပေါ် ယုံကြည်မှု အရိပ်အယောင်နဲ့ စေတနာသဒ္ဓါတရား ထက်သန်ပုံကိုဖော်ပြနေတဲ့ ပြယုဂ်တစ်ခုလည်း ဖြစ်တယ်။

မိတ္ထီလာမြို့ရဲ့ အနောက်ဘက် (၁၀)မိုင်ခန့်အကွာ ကျောက်ပန်းတောင်းမြို့ကိုသွားတဲ့ အဝေးပြေး လမ်းမကြီး နံဘေးမှာ မုန်တိုင်ဆည်ကြီး တည်ဆောက်ခဲ့တာကြောင့် မိတ္ထီလာကန်တော်ကြီးရဲ့ ရေသိုလှောင်ထိန်းသိမ်းမှုအနေအထားနဲ့ သဘာဝသစ်တောတွေရဲ့ ဂေဟစနစ်တွေကို ပျက်စီးမှုနည်းသည်ထက်နည်းအောင် ထောက်ပံ့ဖြည့်တင်းပေးနေတာကိုလည်း တွေ့နေရတယ်။ အခုဆိုရင် အညာဒေသကို သစ်တောစိမ်းစိမ်းနဲ့ အရောင်လိမ်းခြယ်ဖို့ သစ်ပင်စိုက်ပျိုးပွဲတော်တွေကိုလည်း ပြည်သူ့ အကျိုးပြုအဖွဲ့အစည်းအသီးသီးက ကျင်းပနေကြတာတွေ့ရလို့ မကြာခင်ကာလတွေမှာ မိတ္ထီလာဟာ မြစိမ်းရောင်မြို့အဖြစ် ပေါ်ထွန်းလာလိမ့်မယ်လို့ မျှော်လင့်ရတယ်။ သို့ပေမယ့် ဒေသတစ်ခုအဘက်ဘက်က တိုးတက်လာဖို့ဆိုတာ ဒီအတိုင်းတော့ ဖြစ်မလာနိုင်ဘူးလေ။ ဒေသခံနယ်သူနယ်သားတွေက သူများထက်ပိုပြီး ကြိုးစားမှ သုတ်သုတ်ပါအောင် အားထည့်မှ ဖြစ်လာမှာဆိုတာကတော့ အသေချာပါပဲခင်ဗျာ။

အချုပ်အားဖြင့် အညာမြေရဲ့ အိုအေစစ် သို့မဟုတ် မြန်မာဆန်တဲ့မြို့၊ ကဗျာရနံ့တွေသင်းနေတဲ့မြို့၊ တမာရနံ့တွေသင်းနေတဲ့ မြို့လေးကို စာရှုသူများ အခွင့်အခါသင့်လျှင်ဖြင့် အလည်တစ်ခေါက် လာရောက်ကြစေလိုကြောင်းပါခင်ဗျား။

***(၂၈. ၅. ၂၀၁၅) စံတော်ချိန်သတင်းစာ***

## စပယ်ပန်းကုသိုလ်နှင့် စိန်တစ်လုံးအကုသိုလ်

မနက်ဖြန် ဝါဆိုလပြည့်နေ့ကျရောက်မည်ဖြစ်၍ လှည်းတန်းဈေးထဲမှာ ဈေးဝယ်သူတွေကတလှုပ်လှုပ်။ ကျွန်တော်ကိုယ်တိုင် လှည်းတန်းပေ ၅၀ လမ်းပေါ်တွင် ခင်းကျင်းထားသော ပျံကျဈေးသို့ ရောက်ရှိနေခဲ့လေ၏။ ဝါဆိုလပြည့်နေ့၌ အိမ်ရှိဘုရားကို ပန်းနှင့်သစ်သီးကပ်လှူပူဇော်ရန် လာရောက်ဝယ်ယူခြင်းဖြစ်၏။ အချိန်ကား ညနေ ၆ နာရီခွဲ နေရင့်ချိန်မို့ အလင်းရောင်က မှုန်ပျပျ။ ဈေးကွဲချိန်ဖြစ်သော်လည်း ဈေးဝယ်သူတွေက ထူထူထဲထဲ တသဲသဲရှိနေဆဲ။ ဈေးသည်များကလည်း ဆိုင်မသိမ်းသေးဘဲ ရောင်းကောင်းတုန်းရှိနေ၏။ တရုတ်နိုင်ငံလုပ် စားပွဲတင်ဘက်ထရီ မီးရောင်လေးတွေက ဆိုင်တိုင်းမှာ လင်းလင်းလက်လက် ဖြာကျနေကြပြီ။

ပျံကျဈေးတောင်ဘက်ထိပ် ပန်းသည်များဘက်သို့ ကျွန်တော်ခြေဦးလှည့်ခဲ့၏။ ပန်းရောင်းသည့်ဆိုင်များက များများစားစားရှိတာမဟုတ်သော်လည်း လှပစွာ အရောင်အသွေးစုံလင်သော ပန်းမျိုးစုံကဝယ်ချင့်စဖွယ် ဖြစ်နေ၏။ ဟိုသည်ကြည့်နေရာမှ တစ်နေရာ၌ စပယ်ပန်းနှင့် ရွှေပန်းကုံးလေးများကို လက်တွင်ချိတ်ဆွဲလျက် မတ်တတ်ရပ် ရောင်းနေသော အမျိုးသမီးပန်းသည်တစ်ဦးကို ကျွန်တော်တွေ့လိုက်ရသည်။

ပန်းသည်အနီးသို့ရောက်သောအခါ ဈေးရောင်းသူအမျိုးသမီးမှာ ငယ်ငယ်ရွယ်ရွယ်မဟုတ်။ အသက် ၆၀ ကျော်ခန့်ရှိမည်ဟု ထင်ရသည်။

မှောင်ရီပျိုးပျချိန်၌ နေကာမျက်မှန်အနက်ကို တပ်ထားလျက် အရောင်လွင့်ပြယ်နေသော အဆင်အသွေးမပေါ်တော့သည့် ပါတိတ်ထဘီနွမ်းနွမ်းလေးကို ဝတ်ဆင်ထား၏။ အပေါ်ပိုင်းတွင် အညာဖျင်ကြမ်း အပေါ်ဝတ်ရင်ဖုံးအင်္ကျီကို ထပ်ဝတ်ထားသော်လည်း ထိုအပေါ်ဝတ်အင်္ကျီ ပခုံးထက်၌ လက်ချုပ်အဖာရာလေးများကို ကင်းခြေများတစ်ကောင် တွယ်ကပ်နေသကဲ့သို့ တွေ့နေရ၏။

ကျွန်တော်က ထိလွယ်ရှလွယ် ခံစားလွယ်သူဖြစ်၏။ ဆိုတော့ကာ အနှိုပန်းသည် အမျိုးသမီးကို မြင်ရာမှ အားပေးကူညီချင်သည့်စိတ် ပေါ်လာ၍ သူ့ထံမှ စပယ်ပန်းဝယ်ရန် ဒုံးဒုံးချ ဆုံးဖြတ်လိုက်၏။ ဘုရားတင်ရန်ဟု ပြောပြီးငွေ ၁၀၀၀ ကျပ်ဖိုး ဝယ်မှန်းသိသဖြင့် ပန်းရောင်းသူကလည်း ကုသိုလ်ရရန် စပယ်ပန်းကုံးများကို အပိုထည့်ပေးလိုက်ပါရစေဟု တောင်းတောင်းပန်ပန် ပြောပါသည်။ သို့နှင့် ကျွန်တော်က ပန်းရောင်းသည့် အဒေါ်ကြီးအကြောင်းကို စပ်စုမိတော့၏။

ဤအမျိုးသမီးကြီးသည် ရေတိမ်ဖြစ်နေ၍ ညာဘက်မျက်စိကို ခွဲစိတ်ထားရကြောင်း၊ သို့ပါ၍ အလင်းရောင်၏ စူးရှသောဒဏ်ကို မခံနိုင်သေးသဖြင့် နေရောင်ကာ မျက်မှန်ကို တပ်ဆင်ထားရခြင်းဖြစ်ကြောင်း၊ မျက်စိခွဲစိတ်ထားရသော်လည်း ကိုယ်ခွဲမရှိ၍ စားဝတ်နေရေး အခက်အခဲအတွက် ပန်းကုံးလေးများကို ကိုယ်တိုင်လာရောက် ရောင်းချနေရခြင်းဖြစ်ကြောင်း ပန်းရောင်းပြီး ညဝနာရီလောက်ရောက်မှ အင်းစိန်ဖော့ကန်သို့ ပြန်ရမည်ဖြစ်ကြောင်းကိုသိရ၍ ကျွန်တော်လည်း သူ့အတွက် ကိုယ်ချင်းစာနာစိတ်ဖြင့် ဂရုဏာသက်မိရပြန်သည်။

ထိုစပယ်ပန်းသည် အမျိုးသမီးကြီးသည် ငွေကြေးဆင်းရဲသော်လည်း စေတနာမချို့ငဲ့ချေ။ ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ ဘုရားပန်းလှူမည့်ဈေးဝယ်သူကို မတွန့်တို၊ အနှမြောမရှိ မိမိတတ်နိုင် သမျှ စပယ်ပန်းကုံးလေးများ အပိုဆောင်းထည့်ဝင်လှူဒါန်းခြင်းဖြင့် ကုသိုလ်မျှဝေယူလေ၏။ သို့ပါ၍ သူ့အပါးမှမခွာမီ ကျွန်တော့်ရင်တွင်းမှ သာဓုအကြိမ်ကြိမ်ခေါ်ခဲ့မိလေသည်။

ထို့နောက် ကျွန်တော်သည် သစ်သီးဝယ်ရန် ပျံကျဈေး သစ်သီးတန်းဘက်သို့ ဆက်လျှောက်ခဲ့၏။ သရက်သီးရာသီဖြစ်၍ မြတ်စွာဘုရား

အား သရက်သီးဆွမ်းကပ်လှူရန် စိတ်ကူးမိလေ၏။ မန္တလေးရင်ကွဲ၊ စိုင်၊ မနော်၊ မချစ်စု စသည့် သရက်သီးများကိုသာ ပုံတိုက်အောတိုက် တွေ့ရ၏။ စိန်တစ်လုံးသရက်သီးကို ပေါ်တုန်းပေါ်ခိုက် ဘုရားအား လှူဒါန်းလို၍ မရမကလိုက်ရှာမိ၏။ တစ်နေရာအရောက်တွင် စိန်တစ်လုံးသရက်သီးရောင်းသည့် ဆိုင်တစ်ဆိုင်ကို တွေ့ရလေပြီ။

သရက်သီးသည်ကို ကြည့်ရသည်မှာ ဈေးရောင်းကောင်းပုံရ၏။ တစ်နည်းအားဖြင့် ဝင်ငွေကောင်းပုံပေါ်သည်။ လှပသစ်လွင်သော ခေတ်ပေါ်ဝမ်းဆက်ကို ဝတ်ဆင်ထား၏။ လည်ပင်း၌ ခပ်တုတ်တုတ် ဆွဲကြိုးအပြင် ညာဘက်လက်တွင် အရေအတွက်မနည်းသော ရွှေလက်ကောက်များက တဝင်းဝင်း ထနေ၏။ ဝဲဘက်လက်ချောင်းများတွင်လည်း ကျောက်စီရွှေလက်စွပ်များ ဝတ်ထားသည်ကို တွေ့ရ၏။ ဈေးသည်က စိန်တစ်လုံးသရက်သီး ရှားသွားပြီဟု ပြော၏။ ဝယ်လိုပါက လျှော့ဈေးဖြင့် တစ်လုံးလျှင် ၇၀၀ကျပ်ဖြင့် ရောင်းပေးမည်ဟုပြောရာ ဆွမ်းတော်တင်မှာဖြစ်သည့်အတွက် အလုံးလှသည့် သရက်သီးသုံးလုံးကို ရွေးပေးရန် ကျွန်တော်က ဆိုင်ရှင်အား အကူညီတောင်းပြီး ပိုက်ဆံ ၂၁၀၀ ကျပ် ပေးဝယ်၍ အိမ်သို့ပြန်ခဲ့လေ၏။ ဈေးထဲက ကျွန်တော်ထွက်လာချိန်၌ တော်တော်လေးကိုမှောင်နေပြီ။ အိမ်သို့ရောက်သောအခါ၌ ဈေးသည်က ကြွပ်ကြွပ်အိတ်နှင့် ထည့်ပေးလိုက်သော သရက်သီးထုပ်ကို ရေခဲသေတ္တာထဲထည့်ပြီး သိမ်းဆည်းခဲ့၏။ ပြီးနောက် ကိုယ်တိုင်လက်ငင်းကုသိုလ်ရယူလို၍ စပယ်ပန်းကုံးလေးများကို ရေဖြင့်သန့်စင်ပြီး ဘုရားစင်တွင် ချိတ်ဆွဲလှူဒါန်းခဲ့သည်။ သည်အခါတွင် ပန်းလှူသော ကောင်းမှု ကုသိုလ်အဖို့ဘာဂကို ပန်းသည်နှင့်တကွ သုံးဆယ်တစ်ဘုံရှိ ဝေနေယျသတ္တဝါအပေါင်းတို့အား သာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေကြောင်းကို နှုတ်မှရွတ်ဆိုလိုက်သည်။ ထိုခဏ၌ ကျွန်တော်၏ ရင်ထဲဝယ် စပယ်ပန်းနံ့မွှေးမွှေးလေးနှင့်အတူရရှိသော ကုသိုလ်အလင်းတန်းများက အေးမြလို့နေပါတော့သည်။

ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားအား သစ်သီးဆွမ်းကပ်ရန် ကိုယ်တိုင် ပြင်ဆင်ရမည်ဖြစ်သည်။ သရက်သီးများကို ရေဆေးရန် ကြွပ်ကြွပ်အိတ်မှထုတ်ရာဝယ် တစ်လုံးတည်းသာကောင်း၍ နှစ်လုံးမှာ ပိုး

ပေါက်များပါပြီး ဟိုတစ်ကွက်သည်တစ်ကွက် ညိုပုပ်နေသည်ကို တွေ့ရ၏။ ကျွန်တော် တော်တော်စိတ်ပျက်သွားမိသည်။ ဈေးရောင်းသူ သရက်သီးသည် အပေါ်မှာလည်း စိတ်တိုမိ၏။ ဈေးသည်ဆိုသည်မှာ များသောအားဖြင့် မိမိရောင်းမည့်ကုန်များကို ရွေးချယ်ခွဲခြားထားပြီးဖြစ်၏။ ရောင်းရန်မသင့်သော သရက်သီးများကို ဈေးဝယ်သူအား မသိနိုးနားဖြင့် ထိုးပေးရန်မသင့်။ ဈေးရောင်းသူသည် ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်ခြင်း ဖြစ်နိုင်သည်။ ရိုးသားစွာ အကူအညီတောင်းခံသော ဈေးဝယ်သူကို စေတနာသန့်သန့်ဖြင့် ကူညီသင့်သည်။ ကျွန်တော့်ရင်တွင်း၌ ကုသိုလ်ရမည့်အစား မကျေနပ်မှုများက တဖွားဖွားပေါ်လာပြီး အကုသိုလ် ယူရမလိုပင်ဖြစ်နေ၏။

သရက်သီးများကို ရေဆေးနေရင်း မနက်က သရက်သီးရောင်းသူ၏ ပြင်ပပုံသဏ္ဌာန်ကို ပြန်လည်တွေးကြည့်မိသည်။ ဤမိန်းကလေးသည် ငယ်ရွယ်နုပျို၏။ လှပသစ်လွင်သော အဝတ်အစားများကို တောက်တောက် စားစားဝတ်ဆင်ထားပြီး ရွှေတွဲလွဲငွေတွဲလွဲနှင့် ဖြစ်၏။ သူ့လက်လှုပ်လိုက်တိုင်း ချိုးချိုးချွင်ချွင်နှင့် လက်ကောက်များ၏ ထိခတ်သံကို ကြားနေရ၏။ သူ၏ပြင်ပပုံရိပ်သည် သူရောင်းသော စိန်တစ်လုံး သရက်သီးကဲ့သို့ ဝင်းဝါနေ၏။ သို့ပေသိ အတွင်းသဏ္ဌာန်၌ကား ဖြူစင်ခြင်းမရှိ ပိုးထိုးလောက်ကိုက်သော သရက်သီးကဲ့သို့ ညိုတိုတို ပုပ်သိုးနေလေ၏။

ဘုရားဆွမ်းတော်တင်ရန် ရွေးပေးပါဟု အကူအညီတောင်းခံပြီး ဝယ်ယူသူကိုမှ လုပ်ရပ်လေခြင်းဟု စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရ၏။ နောက်ဆုံးမတော့ ကိုယ်တွေကိုယ်သာ အပြစ်တင်မိ၏။ သရက်သီးကို တောင် ကောင်းမကောင်း လတ်ဆတ်မှုရှိမရှိ ရွေးချယ်တတ်ခြင်း မရှိသည်မှာ ကိုယ်ညံ့ရာကျ၏။ လျှံကျလာသော ဒေါသများကို မြိုသိပ်ရင်း အကုသိုလ်ဖြစ်စေမည့် အတွေးအာရုံများကို ခပ်သုတ်သုတ် ဖယ်ထုတ်ပစ်လိုက်သည်။

လတ်ဆတ်သော စိန်တလုံးသရက်သီးကို အခွံခွာ၍ အစိတ်လေးများစိတ်ပြီး ဆွမ်းတော်တင်လိုက်သည်။ စိန်တစ်လုံးသရက်သီး၏ မွှေးအီချိုမြသော နှစ်လိုဖွယ်ရနံ့က ဘုရားစင်ထက်တွင် ပျံ့နှံ့လျက်။ မနေ့ညက ဘုရားစင်ထက်၌ လှူဒါန်းထားသော စပယ်ပန်းကုံးလေးများက ဖြူစင်

ဝင်းပ လန်းဆန်းဆဲ မွှေးပျံ့ထုံသင်းဆဲလျက်ပင် ရှိနေသေးသည်။ ဤအခိုက်အတန့်၌ လက်အုပ်ချီမိုး၍ အနှိုင်းမဲ့ မြတ်စွာဘုရားထံ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် အလင်းတိုင်တို့ကို ဆက်ကပ်ပူဇော်ရင်း -

ဤသို့ လှူဖွယ်အစုစုတို့ကို လှူဒါန်းရသောအကျိုးကြောင့် ဂုရက်သားသမီးများ စားရေးရိက္ခာ ပေါများကြပါစေ။ စပယ်ပန်းများကဲ့သို့ ဂုဏ်သတင်းမွှေးကြိုင်ကြပါစေ။ ရရှိသောကောင်းမှု အစုစုကိုလည်း အမျှရကြပါစေ၊ သာဓုခေါ်ဆိုနိုင်ကြပါစေဟူ၍ ရွတ်ဆိုလိုက်မိသည်။

ကျွန်တော်သည် သူတော်စင်တစ်ဦး မဟုတ်သေးသော်လည်း နူးညံ့သိမ်မွေ့သူ၊ ယဉ်ကျေးသူ၊ အထိုက်အလျောက် သည်းခံနိုင်စွမ်းရှိသူ စိတ်ထားကောင်းသူတစ်ယောက် ဖြစ်လာစေရန် ကြိုးစားလိုက်နာကျင့်ကြံနေသူတစ်ဦး ဖြစ်သည်။ နွမ်းပါး၍ စိတ်ထားဖြူစင်သူ စပယ်ပန်းသည်၏ ကုသိုလ်မျိုးစေ့စိုက်ပျိုးနေပုံနှင့် အတော်အတန်ပြည့်စုံပါလျက် စိတ်ထားညစ်နွမ်းသူ သရက်သီးသည်၏ အကုသိုလ်မျိုးစေ့စိုက်ပျိုးနေမှုကို နှိုင်းယှဉ်သော အတွေးက ဆင့်ကဲဆင့်ကဲ ပေါ်လာ၍ ကျွန်တော့်ရင်ထဲဝယ် အေးတစ်ခါ ပူတလည့် စီးမျောခံစားနေမိသည်။

မည်သို့ဆိုစေ ကိုယ်တွေရဲ့ရင်ထဲက စပယ်ပန်းကုသိုလ်ကို ထပ်ခါထပ်ခါ မုဒိတာပွားနေရမှာဖြစ်သလို စိန်တစ်လုံး အကုသိုလ်ကိုတော့ အမြန်ဆုံးဖျောက်ပစ်မှ တော်ကာကျပေတော့မည်။

***(၁၄. ၈. ၂၀၁၅) စံတော်ချိန်သတင်းစာ***

# နှိုးစက်

ယခုနှစ် ရန်ကုန်မိုးရာသီက ယခင်နှစ်များနှင့်မတူ။ ညစဉ်လိုလို မိုးတဖြောက်ဖြောက် ရွာတတ်သဖြင့် ညဘက်၌ အအေးဓာတ် သိသိသာ သာပိုကဲသည်။ အထူးသဖြင့် မနက် ၄ နာရီနောက်ပိုင်း၌ ချမ်းချမ်း စီးစီးရှိလှသည်။ အိပ်ယာထဲတွင် စောင်ထူထူနှင့်ကွေးနေအောင်အိပ်၍ ကောင်းသော ရာသီလည်း ဖြစ်သည်။

သို့သော် ကိုသောင်းတစ်ယောက် ဇိမ်ကျကျ မအိပ်နိုင်ပါ။ ဝမ်းစာ ရေးအတွက် အလုပ်လုပ်ရပါဦးမည်။ အိပ်ချင်စိတ်ကို ဖျောက်၍ အိပ်ယာ မှ ရုန်းထရသော ရက်များက ရှည်လျားလွန်းလှသည်။ ကိုသောင်း၏ နိစ္စဓူဝအလုပ်က မနက် ၅ နာရီလောက်ဆို အိပ်ယာက ပုံမှန်ထရသည်။ ပြီးတော့ ၆နာရီလောက်မှာ ဘတ်စ်ကားဂိတ်သို့ အပြေးအလွှားသွားရပြီး တာဝန်ထမ်းဆောင်ရာ ရုံးသို့အချိန်မီအောင်သွားရသည်က တစ်ပတ်မှာ ၆ရက်။ တနင်္လာနေ့မှ စနေနေ့အထိဖြစ်သည်။

ဤသို့မနက် ၅ နာရီ အိပ်ယာမှထနိုင်ဖို့အတွက် ကိုသောင်းမှာ နှိုးစက်ထားရသည်။ ဤနှိုးစက်သည် မနက်စောစောစီးစီး ကြက်တွန်သံ၊ ကျီးနိုးသံနှင့်အတူ ရာသီမရွေး၊ ဥတုမရွေး ကိုသောင်းကို အကူအညီ ပေးသည်။ တစ်နည်းအားဖြင့် ကိုသောင်း၏ မိတ်ကောင်းဆွေကောင်း လည်း ဖြစ်သည်။ ကိုသောင်းတစ်ယောက် အလုပ်သို့ အချိန်မီ ရောက်ရှိ အောင် နှိုးစက်က အထောက်အပံ့ပေးသဖြင့် နှိုးစက်ကို အထူးအလေး ထား အသိအမှတ်ပြုမိသည်။

ငင်းနှိုးစက်သည် ကိုသောင်း၏ အိပ်ယာနံဘေးတွင် မရှိပါ။

ကိုသောင်း၏ နိုးစက်သည် လမ်းမပေါ်မှဖြစ်သည်။ နေ့စဉ်ရက်ဆက် မိုးပေါက်သံတွေကြားက တစ်ရက်မှ မပျက်မကွက် အသိပေးသည်။ ၎င်း နိုးစက်သည် အခြားမဟုတ်။ လမ်းမပေါ်မှ စားဝတ်နေရေးအတွက် နေ့စဉ်လိုလို ရုန်းကန်နေရသည့် ပဲပြုတ်၊ နံပြား၊ အီကြာကွေးရောင်းသည့် ရှစ်နှစ်သားအရွယ် ယောက်ျားလေး ဈေးသည်၏အသံပင်ဖြစ်သည်။

အနီးဈေးသည်သည် ကိုသောင်းနေထိုင်ရာ ရပ်ကွက်အတွင်းရှိ လမ်းမပေါ်သို့ မနက် ၅ နာရီလောက်ဆို အမြဲရောက်သည်။ သူ့အသံက စူးရှရှနိုင်လှ၍ အိပ်ယာထဲမှ အားလုံးလိုလို ကြားနိုင်သည်။ ဘယ်အချိန် ထဲကစပြီး လမ်းတကာလှည့်လည်၍ ဈေးရောင်းချသည်မသိ။ မည်သို့ပင် ဆိုစေကာမူ ထိုကလေးသည် မနက် ၂နာရီလောက်ကတည်းက အိပ်ယာမှ ထရလိမ့်မည်ဟုထင်သည်။ သို့မှသာ အချိန်မီဈေးရောင်းနိုင်ပေလိမ့်မည်။

အခြေခံလူတန်းစားထဲတွင် ပါဝင်နေသော ကိုသောင်းတို့လို အောက်ခြေဝန်ထမ်းနှင့် လမ်းပေါ်က ဈေးသည်တွေက အပြန်အလှန် အမှီသဟဲပြုနေကြရသည်။ ကိုသောင်းသည် နေ့လည်စာ ထမင်းချိုင့်ကို ထမင်းကောင်းဟင်းကောင်းမစီစဉ်နိုင်။ ပဲပြုတ်သည်ကိုသာ အားထား ရသည်မို့။ လမ်းပေါ်က ဈေးသည်ကလေးများကို ဟင်းရှင်(ဝါ)အာဟာရ ဖြည့်တင်းပေးနေသူများဟု သဘောထားရမလိုပင်ဖြစ်သည်။

မနက်တိုင်းလိုလို သူ့အသံကိုကြားရ၍ နေ့စဉ် အိပ်ယာမှနိုးသဖြင့် သူ့ကို ကျေးဇူးတင်မိသည်။ မည်သူ့ကို မဆိုအကောင်းဘက်က မြင်လျှင် ကျေးဇူးတင်နိုင်သလို ကုသိုလ်လည်း ရနိုင်သည်။ သို့သော် တစ်ဖက် မှာလည်း စိတ်မကောင်းဖြစ်ရသည်။ ကျောင်းနေရမည့်အရွယ်တွင် ဈေး ရောင်းနေရရှာသည်။ အများသူငှာ အိပ်စက်အနားယူနေချိန်တွင် စား ဝတ်နေရေးအတွက် ရုန်းကန်နေရမှုကို ကိုယ်ချင်းစာမိသည်။ သူတို့လည်း လူသားပေမို့ အများတကာလို အပြည့်အဝ နားနေရှာချင်ပေလိမ့်မည်။ အမှန်အတိုင်းပြောရမည်ဆိုလျှင် အရွယ်မရောက်သေးသူ ကလေးငယ် များဖြစ်သော်လည်း အိပ်ချိန်နားချိန်ဆိုတာ အပြည့်အဝမရှိ။ လက်လှုပ်မှ ပါးစပ်လှုပ်နိုင်မှာဖြစ်၍ ရှာဖွေစားသောက်ရသည့်အချိန်က များနေ သည်။ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဆုံးရှုံးနေသူများဖြစ်သည်ဟု ဆိုချင်သည်။

လူတစ်ယောက်အဖို့ အိပ်စက်အနားယူချိန် အပြည့်အဝမရရှိ၍ ကျန်းမာရေးချို့တဲ့ပြီး အသက်တိုစေနိုင်သည်ဆိုလျှင် သူတို့လို ဈေးသည်များ အသက်ရှည်ဖို့ရာမမြင်။ သို့ရာတွင် ကျန်းမာအသက်ရှည်ပြီး ဆီးချို သွေးချို သွေးတိုး၊ နှလုံးရောဂါများကင်းအောင် လူတစ်ယောက်အဖို့ နာရီဝက်ခန့်နေစဉ် လမ်းလျှောက်လေ့ကျင့်ခန်း လုပ်ရမည်ဆိုပါအံ့။ လမ်းတကာလှည့်ပြီး ဈေးရောင်းသူကလေးများအဖို့ တစ်နေ့လျှင် နာရီပေါင်းများစွာ လမ်းလျှောက်နေရသဖြင့် အသက်ရှည်ရှည်နေရမည်ဖြစ်သည်။ ဤသို့ အရွယ်မရောက်သေးဘဲ ရှာဖွေလုပ်ကိုင် စားသောက်နေရသော ကလေးများအား ပညာသင်ယူနိုင်စေရန် တာဝန်ရှိသူတို့က အခွင့်အလမ်းများ ဖန်တီးပေးစေချင်သည်။

သူ့လိုလမ်းပေါ်က ကျောင်းနေအရွယ် ဈေးသည်များ လမ်းတကာ ရပ်ကွက်အနှံ့ မနည်းမနော ရှိနေ၏။ ထိုကလေးများမှာ အခမဲ့ပညာရေးစနစ်အောက်မှ ပညာရေးအဟာရ ချို့တဲ့နေသူကလေးများဖြစ်ကြသည်။ ပညာမသင်ကြားနိုင်သော ကလေးဦးရေ တိုးပွားနေသမျှ တိုင်းပြည်၏ စီးပွားရေးက နိမ့်ကျနေပေလိမ့်မည် ဖြစ်သည်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီခေတ်ကြီးကို ဘယ်တော့ရောက်မှာလဲဟု မေးကြည့်ချင်သည်။

မကြာခဏဆိုသလို ကိုသောင်းတစ်ယောက် ရောက်တက်ရာရာ တွေးမိသည်။ သူလည်း ပင်ပန်းလွန်းလို့ အိပ်ရေးဝဝ အိပ်ချင်သည်။ တစ်ခါတရံ နှိုးစက်မမြည်၍ ရုံးနောက်ကျပါစေတော့ဟု နေပစ်လိုက်ချင်သည်။ တစ်နည်းအားဖြင့် နှိုးစက်တွေကို အနားပေးချင်သည်။ ပညာသင်ကြားခွင့်ပေးချင်သည်။

သို့သော်. . . "ပဲပြုတ်-နံပြား အီကြာကွေး" လမ်းမပေါ်က စူးစူးနစ်နစ်အော်သံက ကိုသောင်း နားထဲသို့ ထိုးဖောက်ဝင်ရောက်လာသည်။ ကိုသောင်းက အော်တိုမစ်တစ်စက်ရုပ်တစ်ရုပ်လို အိပ်ရာထဲက လူးလဲထလိုက်သည်။

ဩော် - နှိုးစက်တွေ အနားမရသေးပါလား . . . ကိုယ်တိုင်လည်း မနားရသေးပါလားလို့ပေါ့။

***(၁၅. ၉. ၂၀၁၅) စံတော်ချိန်သတင်းစာ***

## သန့်စင်ခန်းယဉ်ကျေးမှု

အိန္ဒိယနိုင်ငံရဲ့ အသစ်စက်စက်ဝန်ကြီးချုပ်ဖြစ်လာသူ ရာနန်ဒရာ မိုဒီက မိန့်ခွန်းပြောကြားရာမှာ သန့်စင်ခန်းနဲ့ပတ်သက်တဲ့မိန့်ခွန်းတစ်ရပ် ကို ခြွေခဲ့တယ်။ မိုဒီဟာ သာမန်အခြေခံလူတန်းစားကနေ ဝန်ကြီးချုပ် ဖြစ်လာသူမို့ အိန္ဒိယနိုင်ငံရဲ့ ယဉ်ကျေးမှုအခန်းကဏ္ဍမှာ သန့်စင်ခန်းဟာ အရေးကြီးကြောင်း ထောက်ပြပြောဆိုခဲ့တယ်။

မိုဒီရဲ့ သန့်စင်ခန်းမိန့်ခွန်းကို သိရှိရပြီးတဲ့နောက် ကိုသောင်းတို့ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုမျက်နှာစာမှာလည်း သန့်စင်ခန်းရဲ့ အခန်း ကဏ္ဍဟာ ဘယ်လောက်အရေးကြီးကြောင်းကို သတိပေး မီးမောင်းထိုး ပြနေသလို ထင်ရတယ်။ တကယ်တော့ မိုဒီရဲ့ သန့်စင်ခန်းမိန့်ခွန်းကို အကောင်အထည်ဖော်မှုဟာ မြန်မာနိုင်ငံထက်စာရင် နှစ်ပေါင်း(၁၆)နှစ် နီးပါးလောက် နောက်ကျကျန်နေခဲ့တယ်လို့ဆိုရမှာပါ။ အထောက်အထား နဲ့ပြောရမယ်ဆိုရင် ကိုသောင်းတို့ မြန်မာနိုင်ငံမှာ သန့်စင်ခန်းနဲ့ပတ်သက် လို့ (၁၉၉၈)ခုနှစ်လောက်ကတည်းက အသိပညာပေးပြီး ကျန်းမာရေးနဲ့ ညီညွတ်အောင် စတင်ဆောင်ရွက်နေပြီ ဖြစ်တယ်။

ထိုစဉ်က ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့် ရေးဦးစီးဌာနနဲ့ ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်တဲ့ SHAPE Project ကနေ သိသိသာသာ စတင်ခဲ့ခြင်းဖြစ်ပါတယ်။ SHAPE Project ဟာ အခြေခံပညာကျောင်းများကို အခြေပြုထားပြီး HIV, AIDS ကြိုတင်ကာ

ကွယ်ရေးပညာပေး စီမံချက်ပါ။ အဓိုစီမံချက်မှာ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနဲ့ ကျန်းမာရေးအတွက် သန့်ရှင်းစင်ကြယ်သော သန့်စင်ခန်းအသုံးပြုနည်း အခြေခံအလေ့အကျင့်ကောင်းများကို ကိန်းအောင်းနိုင်စေရန် ဆွေးနွေးညှိနှိုင်းအဖြေရှာမှုများ ပါဝင်တယ်။

SHAPE Project ကိုအခြေခံပညာကျောင်းများမှာ တာဝန်ထမ်းဆောင်နေတဲ့ မူလတန်းပြ၊ အလယ်တန်းပြ ဆရာ၊ ဆရာမများ ကျောင်းအုပ်ကြီးများနဲ့ အခြားပညာရေးဝန်ထမ်းတွေကို အလှည့်ကျ ရွေးချယ်စေလွှတ်ပြီး ရက်တိုသင်တန်းများတက်ရောက်စေခဲ့တယ်။ သင်တန်းဆင်းဆရာ၊ဆရာမများက မိမိတို့ကျောင်းမှာရှိတဲ့ ကျောင်းသားကျောင်းသူတွေကို ကလေးဗဟိုပြုသင်ကြားနည်းကို အသုံးပြုပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သန့်စင်ခန်းများ အသုံးပြုတတ်စေရေး အပြုအမူကောင်းတွေကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြတယ်။

သန့်ရှင်းသပ်ယပ်ပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့ သန့်စင်ခန်းတွေကို မိမိတို့ဒေသထွက် သစ်ဝါးများနဲ့ တည်ဆောက်စေပြီး ရိုးရှင်းတဲ့ကျင်းလွှဲယင်လုံရေလောင်းအိမ်သာ (သန့်စင်ခန်း)တွေကို အကောင်အထည်ဖော်စေခဲ့တယ်။ အခြေခံပညာမူလတန်းကျောင်းများမှအစ အခြေခံပညာအထက်တန်းကျောင်းများအထိ ယင်လုံရေလောင်းအိမ်သာ အသုံးပြုနည်း အလေ့အကျင့်ကောင်းများအဖြစ် အမြစ်တွယ် ပြောင်းလဲလာစေရန် လမ်းညွှန်ပြသပေးခဲ့တယ်။ အခြေခံပညာကျောင်းများမှာ ကျောင်းသားကျောင်းသူဦးရေနဲ့ သန့်စင်ခန်းဦးရေ အချိုးကျသတ်မှတ်ပြီး ဆောက်လုပ်ရေး ရန်ပုံငွေများကို ပညာရေးဝန်ကြီးဌာနမှ ခွဲဝေခွင့်ပြုချမှတ်ပေးခဲ့တယ်။

အခြေခံပညာကျောင်းများရှိ သန့်စင်ခန်းများတည်ဆောက်ရာမှာ အသုံးပြုနိုင်စေဖို့ ယူနီဆက်က ထောက်ပံ့တဲ့ ပလပ်စတစ်အိမ်သာခွက်နဲ့ ရေဆင်းပိုက်များကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးကြပ်ကွပ်ကဲမှုနဲ့ အခမဲ့ဝေငှထောက်ပံ့ပေးခဲ့တယ်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာနရဲ့ အစီအမံနဲ့ ရပ်ကွက်များ၊ ကျေးရွာများတွင်လည်း ကျန်းမာရေးနဲ့ ညီညွတ်တဲ့သန့်စင်ခန်းများ တည်

ဆောက်နည်း၊ အသုံးပြုနည်းများကို အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပူးပေါင်းပြီး အသိပညာပေး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတယ်။ အဲဒီအချိန်က စတင်ခဲ့တဲ့ ယင်လုံရေလောင်းအိမ်သာ(သန့်စင်ခန်း)အကောင်အထည်ဖော်ရေး စီမံချက်ဟာ ပွဲဦးထွက်မှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ တာထွက်ခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ ထင်သလောက်ခရီးမရောက်ခဲ့ဘူးလို့ ပြောရမှာဖြစ်တယ်။

သန့်စင်ခန်းရဲ့ အဓိကစိန်ခေါ်မှုမှာ သုံးစွဲရေလုံလောက်စွာမရရှိခြင်းပင် ဖြစ်တယ်။ အထူးသဖြင့် အညာဒေသကျေးရွာများမှာ သောက်ရေသုံးရေရှားပါးလာမှုဟာ အဓိကရင်ဆိုင်နေရတဲ့ ပြဿနာဖြစ်နေတာပေါ့။ ဒုတိယအချက်က သန့်စင်ခန်းကို အသုံးပြုနေတဲ့သူများရဲ့ အမူအကျင့်များ ပြောင်းလဲလာမှုနှုန်း နှေးကွေးနေခြင်းဖြစ်တယ်။ ဟိုတုန်းက ကိုသောင်းတို့နိုင်ငံ မြို့ပြလူနေထိုင်မှု အသိုင်းအဝန်းမှာ အိမ်တစ်အိမ် သန့်စင်ခန်းတစ်ခန်းလုံးရှိခဲ့ပေမယ့် ကျေးလက်နေပြည်သူများစုက အိမ်တိုင်းမှာ သန့်စင်ခန်းမရှိခဲ့တာပါပဲ။ အခုထိ အချို့ မြို့စွန်မြို့ဖျားနေမိသားစုတွေ၊ ကျူးကျော်ရပ်ကွက်နေ မိသားစုတွေက အရှက်လုံရုံ ပီနံအိတ်ခွံများနဲ့ ကာရံထားတဲ့ သန့်စင်ခန်းတွေကို အသုံးပြုနေတာ တွေ့နေရတော့ သန့်စင်ခန်းစီမံချက်က တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့အထိ အောင်မြင်မှု မရရှိသေးတာကို မြင်နေရတာပဲလေ။

၁၉၇၂ ခုနှစ်တုန်းက စာတတ်မြောက်ရေး (အသုံးလုံး) လုပ်အားပေးဆရာအဖြစ်နဲ့ မန္တလေးတိုင်း အညာဒေသကျေးရွာလေးတစ်ရွာမှာ ကိုသောင်းကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ဖူးတယ်။ အဲဒီရွာမှာ သန့်စင်ခန်း(အိမ်သာ)မရှိလို့ လုပ်အားပေးဆရာလေးတွေကိုယ်တိုင် ခြောက်ပေလောက်နက်တဲ့ မြေကျင်းတူး ပြီးတော့ လူတစ်ထိုင်စာ ဝါးထရံကာပြီး သန့်စင်ခန်းအဖြစ်နဲ့ တစ်နွေလုံး အသုံးပြုခဲ့ရဖူးတယ်။

လွန်ခဲ့တဲ့နှစ် တော်တော်များများက ကျေးလက်တောရွာတွေမှာ ကျင်ကြီးကျင်ငယ်ကိစ္စကို ဖြေရှင်းဖို့ မိုးမလင်းခင် မနက်အစောကြီးထပြီး ခြံစည်းရိုးသဖွယ်ဖြစ်နေတဲ့ ရွာအပြင်က ချုံနွယ်ချုံပုတ်တွေကို ကွယ်ပြီး အဆင်ပြေအောင် ဆောင်ရွက်ကြတာများတယ်။ အနီးအနားမှာရှိတဲ့

သစ်ကိုင်းခြောက်တို့ ဒုတ်တို့ကို သုံးပြီး သန့်ရှင်းအောင်လုပ်ခဲ့ကြလို့ ဘယ်မှာလာပြီး ကျန်းမာရေးနဲ့ ညီညွတ်ပါ့မလဲ။ မနက်မိုးလင်းတဲ့ အချိန် ရွာစည်းရိုးအပြင်ဘက်မှာ အရွယ်မရွေး ကျားမမရွေး လူစည်နေတာကို တွေ့ခဲ့ရဖူးလို့ အကြောင်းမသိခင်ကတော့ တောအလုပ်တောအကိုင်တွေ ကို စောစောစီးစီးဆောင်ရွက်နေကြတယ်လို့ ထင်မိခဲ့ပါသေးတယ်။

ဒါကြောင့်မို့လည်း နိုင်ငံအနှံ့ဒေသအသီးသီးမှာ ကျန်းမာရေးကြို တင် ကာကွယ်တဲ့အနေနဲ့ ယင်လုံအိမ်သာ (သန့်စင်ခန်း) တည်ဆောက်၊ အသုံးပြုရေးစီမံချက်တွေကို အကောင်အထည်ဖော်ခဲ့တာပါ။

ကိုသောင်းကိုယ်တိုင် မရောက်ဖူးပေမယ့် တိုးတက်တဲ့ နိုင်ငံတွေမှာ သန့်စင်ခန်းယဉ်ကျေးမှုက အမြဲတမ်း ဆန်းသစ်နေတယ်လို့ ဖတ်ဖူးကြား ဖူးတယ်။ ကုန်တိုက်ကြီးတွေ၊ ဘူတာရုံတွေ၊ ပန်းခြံတွေ၊ စားသောက်ဆိုင် တွေ၊ အနားယူအပန်းဖြေတဲ့နေရာတွေမှာ သန့်စင်ခန်းတွေက အပျံစားပဲ လို့ဆိုတယ်။ အဲ့ဒီသန့်စင်ခန်းတွေဟာ ပိုက်ဆံပေးဖို့မလိုဘဲ အခမဲ့ စီစဉ် ထားတယ်လို့လည်း သိရတယ်။ မြန်မာပြည်မှာလို အန္တရာယ်မလွယ်နိုင်လို့ လွယ်တဲ့နေရာမှာ အပေါ့အလေးကိစ္စကို ဖြေရှင်းလို့မရပါဘူး။ ရုပ်/မြင် ကင်မရာ(CCTV)တွေကို နေရာအနှံ့ တပ်ဆင်ထားတာမို့ အလွန်ပဲ ရှက် စရာကောင်းသလို နေရာတော်တော်များများမှာ အများပြည်သူသုံး သန့် စင်ခန်းတွေ တည်ဆောက်ပေးထားတာဖြစ်လို့ ခရီးသွားတွေအတွက် အပေါ့အလေးဒုက္ခကို ငြိမ်းအေးစေနိုင်တယ်။

တကယ်တော့ နေ့စဉ်နဲ့အမျှ ခရီးသွားလာရသူတွေအတွက် အချိန်မရွေး ပြဿနာရှာနိုင်တဲ့ အပေါ့အလေးကိစ္စ (Nature Call)ကို အလွယ်တကူဖြေရှင်းနိုင်ဖို့အတွက် သင့်တင့်လျောက်ပတ်တဲ့နေရာတွေ မှာ အများပြည်သူသုံးသန့်စင်ခန်းတွေကို တည်ဆောက်ထားပေးသင့် တယ်လို့ မြင်တယ်။ ရန်ကုန်လို လူနေထူထပ်ပြီး အသွားအလာများတဲ့ မြို့ကြီးမှာ အများပြည်သူသုံး သန့်စင်ခန်းတွေ တည်ဆောက်ထားတာ တွေ့နေရပေမယ့် မြို့နေလူဦးရေနဲ့စာရင် အရေအတွက် နည်းနေတာကို တွေ့နေရတယ်။ အရင်ကလို သန့်စင်ခန်းတွေမရှိတာထက်စာရင် တော် သေးတာပေါ့လို့ ဖြေတွေးလေးတွေးမိပေမယ့် လုံလုံလောက်လောက် တည် ဆောက်ထားပေးရင် ပိုကောင်းတာပေါ့။

ကိုသောင်းက ရန်ကုန်တစ်မြို့လုံးအနှံ့ မသွားခဲ့ဖူးပေမယ့် နေ့စဉ်သွားလာနေကျ ပြည်လမ်းမ တစ်လျှောက်မှာတောင် အများပြည်သူသုံး သန့်စင်ခန်းရယ်လို့ နှစ်နေရာမှာသာတွေ့ဖူးတယ်။ လှည်းတန်းလမ်းဆုံ ရန်ကုန်တက္ကသိုလ်ဘက်အခြမ်း ထောင့်တစ်နေရာနဲ့ ရှစ်မိုင်လမ်းဆုံ ဘတ်စ်ကားမှတ်တိုင်အနီး တစ်နေရာမှာသာ ထင်ထင်ရှားရှား မြင်ဖူးတယ်။ အခြားနေရာတွေမှာလည်း ရှိချင်ရှိမှာပေါ့ဗျာ။

မန္တလေးနဲ့ တခြားမြို့တွေမှာဆိုရင် အများပြည်သူသုံး သန့်စင်ခန်းတွေကို တည်ဆောက်ထားတာ အမြင်နည်းနေတယ်လို့ ဆိုရမလားပဲ။ တကယ်လို့ အဲဒီမြို့တွေမှာ အများပြည်သူသုံး သန့်စင်ခန်းတွေရှိနေတယ်ဆိုရင်တောင် အရေအတွက် နည်းနည်းလေးပဲဖြစ်မှာပါ။ အလွယ်တကူရှာတွေ့ဖို့လည်း ခက်ခဲမှာပါ။

ရန်ကုန်မြို့အနှံ့ ဈေးတွေမှာရှိတဲ့ သန့်စင်ခန်းနဲ့ လမ်းဘေးက အများပြည်သူသုံး သန့်စင်ခန်းတွေဟာ ပိုက်ဆံပေးပြီး အသုံးပြုနေရပေမယ့် တကယ့်ကို သန့်ရှင်းပြီး စင်ကြယ်မှုအားနည်းနေတာကို တွေ့နေရတယ်။ ကိုသောင်းကိုယ်တိုင် အများပြည်သူသုံးသန့်စင်ခန်းကို ဝင်ဖူးတယ်။ ရေလောင်းအိမ်သာဖြစ်ပေမယ့် ရေကို အလုံအလောက် အသုံးပြုခွင့်မရပါဘူး။ ရေလာပေမယ့် ရေအားနည်းတော့ စိတ်တိုင်းကျ မဖြစ်ဘူး။ ရေအလာနည်းလို့ အိမ်သာသုံးစက္ကူကို သုံးမယ်ဆိုတော့လည်း စက္ကူလိပ်ထားပေးတာမရှိပါဘူး။ သန့်စင်ခန်းကို တစ်ကြိမ်ဝင်ရင် ပိုက်ဆံကျပ် ၁၀၀ ပေးရတာမို့ သန့်ရှင်းရေးသုံးပစ္စည်းဖြစ်တဲ့ ရေ၊ တစ်ရှူးစက္ကူ ဆပ်ပြာရည်နဲ့ လက်အခြောက်ခံစက်(Dryer)စတာတွေကို ပြည့်ပြည့်စုံစုံထားပေးသင့်တယ်။ ပြီးတော့ သန့်ရှင်းရေးဝန်ထမ်းတွေ ခန့်ထားပြီးဖြစ်လို့ လိုအပ်တဲ့အချိန်တိုင်း သန့်ရှင်းနေအောင်လုပ်ဖို့ ကြီးကြပ်ရမှာဖြစ်တယ်။

တလောကမိတ်ဆွေတစ်ယောက် ဆေးရုံတက်ရလို့ ရန်ကုန်ဆေးရုံကြီးကို ရောက်ခဲ့တယ်။ အပေါ့ကိစ္စပေါ်လာလို့ သန့်စင်ခန်းကိုသွားတော့ သန့်ရှင်းမှုမရှိတာကို တွေ့ရတယ်။ အမှန်အတိုင်း ပြောရမယ်ဆိုရင် အစိုးရဌာနနဲ့ ပြည်သူ့ဆေးရုံက သန့်စင်ခန်းတွေဟာသန့်ရှင်းမှု အားနည်းတယ်။ အခုဆိုရင် စားသောက်ဆိုင်တွေ အများအပြားပေါ်လာပေမယ့်

တချို့ဆိုင်တွေက သန့်စင်ခန်းတွေက ညစ်ပတ်နေပြီးသွားတဲ့ လမ်းက အစ ခြေချစရာမရှိအောင် ရှုပ်ပွပေရေနေတာကို ကြုံနေရတယ်။ တချို့က စားသောက်ဆိုင်ဝင်တယ်ဆိုတာ စားချင်လို့ သက်သက်မဟုတ်ဘဲ လတ်တလောပေါ်ပေါက်လာတဲ့ အပေါ့အလေးကိစ္စကို ဖြေရှင်းချင်လို့ ရည်ရွယ်ချက်နဲ့လည်း ပါတယ်။ ဒါကြောင့် စားသောက်ဆိုင်တွေက သန့်စင်ခန်းတွေဟာ အမြဲသန့်ရှင်းနေဖို့လိုပြီး ကိုယ့်ဆိုင်လာသူတွေကို နောက်တစ်ခေါက်လာချင်အောင် စီစဉ်ပေးထားရမှာဖြစ်တယ်။

အဝေးပြေးကားရပ်နားကွင်းတွေမှာရှိတဲ့ ကားဂိတ်က သန့်စင်ခန်းတွေဟာ ခရီးသွားဦးရေနဲ့ မမျှမတဖြစ်နေလို့ ထပ်မံဖြည့်ဆည်းဖို့ လိုပါလိမ့်မယ်။ ဒါပေမယ့် ရန်ကုန် မန္တလေး-အမြန်လမ်းမကြီး တစ်လျှောက် ခရီးသွားရတာ အပေါ့အလေးကိစ္စအတွက် အပူအပင်မရှိသလို ခံစားရတယ်။ အမြန်လမ်းမကြီးပေါ်မှာဖွင့်ထားတဲ့ စားသောက်ဆိုင်ကြီးတွေမှာ သန့်စင်ခန်းတွေကို စပယ်ရှယ်လုပ်ထားတာမို့ ပြည်တွင်းခရီးသည်တွေအတွက် စိတ်ကျေနပ်မှုရရှိစေသလို ပြည်ပနိုင်ငံခြားသားဧည့်သည်များအတွက်လည်း မျက်နှာပန်းလှစေတယ်။ အဲဒါကြောင့် သန့်စင်ခန်းစီမံချက်တွေကို တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ ဆက်လက်အကောင်အထည်ဖော်ဖို့ လိုအပ်မယ်လို့ ထင်တယ်။

ဒါပေမယ့်လည်း သန့်စင်ခန်းတွေကို အရေအတွက်တိုးပြီး သန့်ရှင်းအောင် ဘယ်လိုပဲစီမံစီမံ အသုံးပြုသူတွေမှာလည်း အဲဒီသန့်ရှင်းမှုကို ထိန်းသိမ်းတတ်တဲ့ အမူအကျင့်ကောင်းတွေရှိဖို့ လိုပါတယ်။ များသောအားဖြင့် အများပြည်သူသုံး သန့်စင်ခန်းတွေထဲမှာ ကွမ်းတံတွေးနဲ့ ဆေးလိပ်တိုတွေကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်နေတာတွေ့နေရလို့ အတော့်ကို စိတ်ပျက်စရာကောင်းလှတယ်။ သန့်စင်ခန်းဆိုတဲ့အမည်နဲ့ မလိုက်ဘက်ပါဘူး။ နိုင်ငံခြားသားတွေ မြင်သွားရင် မြန်မာတွေဟာ သန့်သန့်ရှင်းရှင်း မနေတတ်ဘူး။ ညစ်ပတ်တဲ့လူမျိုးရယ်လို့ ထင်မှတ်သွားနိုင်တယ်။ မြန်မာ့လူနေထိုင်မှုအသိုက်အဝန်းမှာ သန့်စင်ခန်းယဉ်ကျေးမှုဟာ အရေးပါတဲ့ ကဏ္ဍတစ်ရပ်ဖြစ်တယ်ဆိုတာ လူတိုင်းလက်ခံရပါလိမ့်မယ်။

ကိုယ်ကစွန့်လိုက်တဲ့ အစာဟောင်းတွေကို စနစ်တကျနဲ့ သန့်ရှင်းအောင် စီမံဆောင်ရွက်တာဟာ ကျန်းမာရေးကို ဘယ်လောက်အကာ

အကွယ်ပေးပြီး လူနေမှုအဆင့်အတန်းကို ဘယ်လောက်မြှင့်တင်ပေးနေတယ်ဆိုတာ လူတိုင်းရဲ့ရင်ထဲမှာ ခံယူထားဖို့ လိုတယ်။ ကိုသောင်းတို့ငယ်စဉ်က မိဘတွေပြောတဲ့ မှတ်သားစရာစကားကို ပြန်ပြောလိုပါတယ်။ မိသားစုတစ်စုရဲ့ စိတ်နေစိတ်ထားကို သိချင်ရင် အဲဒီအိမ်မှာရှိတဲ့ ဘုရားစင်ကိုကြည့်ပြီး အကဲခတ်လို့ရတယ်တဲ့။ သန့်ရှင်းသပ်ရပ်မှုကို သိချင်ရင် သောက်ရေအိုးစင်ကို ကြည့်ပြီး သုံးသပ်လို့ရတယ်တဲ့။ ဒါဆိုရင် အခုခေတ်မှာ အိမ်တစ်အိမ်ရဲ့ သန့်ရှင်းသပ်ရပ်မှု၊ ကျန်းမာရေးနဲ့ ညီညွတ်မျှတစွာ နေထိုင်တတ်မှုကို သိချင်ရင် 'သန့်စင်ခန်း'ကို သုံးသပ်အကဲဖြတ်ရမှာဖြစ်ကြောင်း အဆိုကို တင်ပြချင်ပါတယ်။

သို့မို့ကြောင့် မိမိတို့ဒေသအတွင်း နှစ်စဉ်တိုးတက်လာတဲ့ လူဦးရေနဲ့အမျှ အများပြည်သူသုံး သန့်စင်ခန်းတွေကို အလွယ်တကူအချိန်တိုအတွင်း အသုံးပြုစေနိုင်ဖို့ တာဝန်ရှိသူတွေက သန့်စင်ခန်းစီမံချက်တွေကို ဆက်လက်အကောင်အထည်ဖော် ပေးရမှာဖြစ်တယ်။ သုံးစွဲသူတွေကလည်း စနစ်တကျသုံးစွဲတတ်အောင် တစ်ဦးချင်း၊ တစ်ယောက်ချင်းက အစ လူထုတစ်ရပ်လုံးအထိ အမူအကျင့်တွေပြောင်းလဲမှသာ အနှီစီမံချက်ကို ဆက်လက်အကောင်အထည်ဖော် ထိန်းသိမ်းနိုင်ကြမှာဖြစ်ကြောင်း တိုက်တွန်းလိုက်ရပါတယ်။

***(၂၉.၉.၂၀၁၅) စံတော်ချိန်သတင်းစာ***

## သေမင်းနဲ့ ရင်ဆိုင်ယှဉ်ပြိုင်ရင် နိုင်မယ်တဲ့လား

သတင်းစာများနဲ့ ဂျာနယ်တွေမှာ မော်တော်ဆိုင်ကယ်စီးပြီး ဖြစ်ပွားနေတဲ့ မတော်တဆထိခိုက်မှုနဲ့ မှုခင်းသတင်းတွေကို နေ့စဉ်လိုလို ဖတ်နေရလို့ လူသားအရင်းအမြစ် ပြုန်းတီးမှုတွေ များနေပါပေါ့လားလို့ သတိပြုမိလာတယ်။

အခုဆိုရင် တစ်နိုင်ငံလုံးမှာ မော်တော်ဆိုင်ကယ်သုံးစွဲသူတွေများလွန်းလို့ ခရီးသွားလာရာမှာ အချိန်ကုန်သက်သာသလို အန္တရာယ်ဒုက္ခပေါင်းစုံနဲ့လည်း ရင်ဆိုင်နေရတယ်။ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံထုတ် ဆိုင်ကယ်မျိုးစုံကို ပြည်တွင်းသို့တင်သွင်းနေပေမယ့်လည်း တရုတ်နိုင်ငံထုတ် မော်တော်ဆိုင်ကယ်တွေက ဈေးချိုချိုနဲ့ ဝယ်စီးနိုင်တော့ မြို့တကာအနှံ့ ကျေးရွာအနှံ့ တရုတ်ဆိုင်ကယ်တွေက ပလူတွေပျံနေသလို ပွစာထိုးနေတော့တာပါပဲ။

အခုဆိုရင် မြို့တိုင်း၊ ရွာတိုင်းဟာ ဆိုင်ကယ်မြို့နဲ့ ဆိုင်ကယ်ရွာတွေချည်း ဖြစ်ကုန်ပြီလေ။ တရုတ်ဆိုင်ကယ်တွေဟာ ဘယ်လောက်ထိထိုးဖောက်ဝင်ရောက်ပြီး တွင်ကျယ်နေသလဲဆိုရင် တောနယ်ကျေးရွာတွေမှာ မော်တော်ဆိုင်ကယ်မရှိတဲ့ အိမ်ဆိုတာ မရှိသလောက်ရှားသွားပြီ။ ကုန်ကုန်ပြောရရင် ကျေးရွာဒေသတွေမှာ နွားကျောင်းသွားရင် တောင်၊ ရွာအစွန်က ရေတွင်းမှာ ရေချိုးသွားရင်တောင် ဆိုင်ကယ်နဲ့ သွားနေရတာမြင်ရလို့ ပြောရင် ပိုလွန်းရာကျမလားပဲ။ မော်တော်ဆိုင်ကယ် ယဉ်ကျေး

မှုက တစ်နိုင်ငံလုံးကို လွှမ်းခြုံလို့နေပါပြီ။

အိမ်တိုင်းမှာ မိသားစုတိုင်းမှာ ဆိုင်ကယ်စီးနိုင်တယ်ဆိုတာ မုဒိတာဖြစ်ရမယ့်ကိစ္စပါ။ မိသားစုဝင်ငွေတိုးတက်လာတာလား၊ စီးပွားရေးကောင်းလာတာလား တိတိပပ မပြောပြနိုင်ပေမယ့် သွားရေးလာရေးလွယ်ကူပြီး ခေတ်မီလာတာကတော့ အမှန်ပဲလို့ ဝန်ခံရမှာဖြစ်တယ်။ ဆိုင်ကယ်စီးတတ်သူတွေ များလာပေမယ့် ဆိုင်ကယ်စီးနည်း(မောင်းနှင်နည်း)ကို စနစ်တကျ သင်တန်းတက်ထားတာမဟုတ်တော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို အသေးစိပ်ထဲထဲဝင်ဝင် တိတိကျကျဘယ်သိမှာလဲ။ စနစ်တကျ တတ်မြောက်ထားတာမဟုတ်ဘဲ ဆိုင်ကယ်ကို စီးတတ်သလိုစီးနေကြတော့ မတော်တဆထိခိုက်မှုတွေက များမှများပဲ။ ဒီအပြင် ဆိုင်ကယ်စီးပြီး ကျူးလွန်တဲ့ မှုခင်းတွေလည်း နေ့စဉ်နဲ့အမျှ သောက်သောက်လဲ ဖြစ်နေတော့တာပေါ့။

မော်တော်ယာဉ်သို့မဟုတ် မော်တော်ဆိုင်ကယ်မောင်းနှင်သူဟာ အသက်(၁၈)နှစ်ပြည့်ပြီး ယာဉ်မောင်းလိုင်စင်ရှိသူသာ မောင်းနှင်ခွင့်ရှိတယ်။ အခုတော့ဗျာ လိုင်စင်ရှိမရှိ အလေးမထားတော့ဘဲ ကလေးသာသာ အရွယ်တွေလည်း ဆိုင်ကယ်ကို စီးချင်သလို စီးနေကြတာကို တွေ့နေရတာပဲလေ။ မိဘတွေကိုယ်တိုင်က ခွင့်ပြုထားတာလား၊ မတားမြစ်ကြတော့ဘူးလားဆိုတာ တွေးမရအောင် ဖြစ်ရတယ်။ မိဘတွေကိုယ်တိုင်က အရွယ်မရောက်သေးတဲ့ကိုယ့်ကလေးတွေကို အသက်ရှည်ပြီး ကျန်းမာသန်စွမ်းစေချင်တယ်ဆိုရင် ဆိုင်ကယ်မောင်းနှင်ခွင့်မပြုသင့်ဘူးလို့ အမုန်းခံပြီး ပြောကြည့်ချင်တယ်။

မော်တော်ဆိုင်ကယ်ဟာ စက်တပ်ယာဉ်တွေထဲမှာ မောင်းနှင်တဲ့သူရော နောက်ကထိုင်စီးတဲ့သူရော ဘယ်သူ့ကိုမဆို ဒုက္ခအများဆုံးပေးနိုင်တယ်။ မောင်းနှင်နေရင်း တစ်စုံတစ်ခုကြောင့် ဆိုင်ကယ်လဲကျသွားခဲ့ရင် အိတ်ဇော(မီးခိုးထုတ်ပြွန်) အပူလောင်နိုင်သလို ခြေကျိုးလက်ကျိုးနဲ့ ကိုယ်ခန္ဓာကို အလွန်အမင်း ထိခိုက်ပွန်းပဲ့ချို့ယွင်းသွားစေနိုင်တယ်။ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ထိခိုက်မိရင် ဦးခေါင်းနဲ့လမ်းနဲ့ ရိုက်မိပြီး အသက်ဆုံးရှုံးတဲ့အထိဖြစ်စေနိုင်တာကိုလည်း သတိထားရပါမယ်။

အခုဆိုရင် အသက်အရွယ်မရွေး ကျားမမရွေး မော်တော်ဆိုင်

ကယ်ကို စည်းမဲ့ကမ်းမဲ့ ကြုံသလိုကျရာ စီးနေတာတွေ မြင်နေရတော့ အနာဂတ်မှာ လူသားအရင်းအမြစ်တွေ ဆုံးရှုံးတော့မှာပါလားလို့ တွေးမိတိုင်း ရင်လေးနေမိတယ်။ ဆိုင်ကယ်စီးဦးထုပ် (Helmet)မဆောင်းဘဲ ဆိုင်ကယ်တစ်စီးကို သုံးယောက် ဒါမှမဟုတ် လေးယောက်စီးနေတာတွေလည်း တွေ့ရတယ်။ ယာဉ်ကြောပိတ်ဆို့ပြီး အလုအယက် ကျော်တက်ကျပ်ညှပ်နေတဲ့ ကားတန်းကြီးရဲ့ အကြိုအကြားမှာ မော်တော်ဆိုင်ကယ်တွေကို အရှိန်ပြင်းပြင်းနဲ့ မောင်းနှင်ကြတာတွေ မြင်တွေ့ရတော့ သူတို့ကိုယ်စားအသည်းတယားယား ရင်တလှပ်လှပ်နဲ့ခံစားနေရသလို မော်တော်ယာဉ်မောင်းနှင်နေသူတွေအတွက်လည်း အန္တရာယ်ကို အလွယ်တကူပေးလှူနေတဲ့အတိုင်းပါပဲ။

အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆင်ခြေဖုံးမြို့နယ်တွေမှာ ဆိုင်ကယ်တွေဆိုတာ ပြည့်ညှပ်နေတာပါပဲ။ ရန်ကုန်တိုင်းအတွင်းမှာ မော်တော်ဆိုင်ကယ်စီးနင်းခွင့်မပြုတဲ့ မြို့နယ်တွေ သတ်မှတ်ထားပေမယ့် မြို့လယ်ခေါင်လို့ ပြောရမယ့် ဗဟန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ လှိုင်မြို့နယ်နဲ့ ကမာရွတ်မြို့နယ်ထဲက လမ်းမကြီးတွေပေါ်မှာတောင် နံပါတ်ပြားမပါတဲ့ ဆိုင်ကယ်တစ်စီးကို အကာအကွယ် ဦးထုပ်မဆောင်းဘဲ လူသုံးယောက် စီးနေတာတွေတောင် တွေ့နေရတော့ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို ခိုင်ခန့်အောင် ထိန်းသိမ်းပေးမယ့် တာဝန်ရှိသူတွေက မမြင်ချင်ယောင်ဆောင်နေကြတာလားလို့ မေးခွန်းထုတ်စရာ ဖြစ်နေတယ်။ ဒါမှမဟုတ် ညွှန်ကြားချက်အတိုင်းရဲရဲတင်းတင်း မကိုင်တွယ်နိုင်တာလားလို့ တွေးတောစရာ ဖြစ်နေတယ်။ ရန်ကုန်လိုမြို့ကြီးမှာတောင် ဒီလိုဖြစ်နေရင် နယ်မြို့လေးတွေမှာ ဘယ်လောက်ဖြစ်ပျက်နေမလဲဆိုတာ စိတ်ကူးကြည့်ရုံနဲ့ သိနိုင်တယ်။

မြန်မာတစ်ပြည်လုံးမှာ စီးနင်းနေကြတဲ့ မော်တော်ဆိုင်ကယ်တွေဟာ များသောအားဖြင့် တရားဝင်လိုင်စင်မရှိသလို မောင်းနှင်နေကြသူတွေမှာလည်း ယာဉ်မောင်းလိုင်စင်မရှိတာတွေ များတယ်။ တရားဝင်လိုင်စင်ရှိရင်တောင် မော်တော်ဆိုင်ကယ်အစင်းရေ အားလုံးရဲ့ရာခိုင်နှုန်းနည်းနည်းလေးပဲ ဖြစ်မှာပါ။ ဆိုင်ကယ်တစ်စီးနဲ့တစ်စီး အပြိုင်အဆိုင်မောင်းကြ၊ ယာဉ်ကြောပြောင်းပြန် မောင်းကြတာတွေလည်းရှိတော့ လမ်း

ဘေးကခြေလျင်သွားလာသူ၊ လမ်းဖြတ်ကူးသူများအဖို့ လုံခြုံစိတ်ချရမှု အာမခံချက်က နည်းသွားတော့တာပေါ့။ မော်တော်ဆိုင်ကယ်တွေက ပုရွက်ဆိတ်အုံကို တုတ်နဲ့ထိုးထားသလို ထိန်းမနိုင်သိမ်းမရဖြစ်နေလို့ လမ်းသွားလမ်းလာတွေရဲ့ မတော်တဆထိခိုက်ခံရမှုနဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးကို ဘယ်သူကလာပြီး တာဝန်ယူပေးကြမှာလဲလို့ ထောက်ပြစရာတွေဖြစ်နေတယ်။ တချို့က တန်ဖိုးနည်းနည်းပဲပေးရတဲ့ လိုင်စင်မဲ့ဆိုင်ကယ်ဝယ်ပြီး ကယ်ရီဆွဲစားနေကြတာရှိသလို ဆိုင်ကယ်စီးပြီးတော့ သာမန်လုယက်မှုတွေကအစ ကြီးမားတဲ့ရာဇဝတ်မှုတွေအထိကျူးလွန်နေကြတဲ့ သတင်းတွေလည်း ရက်ခြားဆိုသလိုကြားနေရတယ်။ ဒီလိုကိစ္စတွေ ဖြစ်ပေါ်လာတာဟာ အချိန်တိုအတွင်း လျင်မြန်စွာ ရှောင်တိမ်းမောင်းနှင်ထွက်ပြေးနိုင်တဲ့ မော်တော်ဆိုင်ကယ်တွေကြောင့် ကိုယ်ကျင့်တရားတွေကို လွယ်လွယ်ကူကူ ချိုးဖောက်နေကြတာလည်းဖြစ်တယ်။ ဆိုင်ကယ်စီးပြီး ပိုက်ဆံအိတ်ကို လုယူထွက်ပြေးတယ်။ ဆိုင်ကယ်စီးပြီး ရွှေဆွဲကြိုးကို နောက်ကနေဖြုတ်ယူ ထွက်ပြေးတယ်။ ဆိုင်ကယ်စီးပြီး ဓားပြတိုက်တယ်။ လူသတ်ပြီး ဆိုင်ကယ်နဲ့ ထွက်ပြေးတယ်။ ဆိုင်ကယ်နဲ့ တိုက်မိလို့ ရန်ပွဲတွေဖြစ်တယ်။ မူးယစ်ဆေးဝါးဆေးပြားတွေကို ဆိုင်ကယ်နဲ့ သယ်ယူကြတယ်။ ဒီလိုဒုစရိုက်မှုတွေက အတောမသတ်နိုင်အောင်ပါပဲ။

နေ့တိုင်းလိုလို မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားနေတဲ့ မတော်တဆထိခိုက်မှု (Accident)တွေကလည်း ထောင်းလမောင်းထနေတာပါပဲ။ ရပ်ထားတဲ့ကားကို ဆိုင်ကယ်က ဝင်တိုက်လိုတိုက်။ ထော်လာဂျီနဲ့ ဆိုင်ကယ်တိုက်မိလို့ သေဆုံးရသူတွေက တစ်မျိုး။ မော်တော်ကားနဲ့ ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိလို့ ကွယ်လွန်သူတွေကတစ်သွယ်။ဆိုင်ကယ် အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ဝင်တိုက်မိလို့ ဘဝပြောင်းသူတွေကမနည်း။ ဆိုင်ကယ်စီးနေတုန်း မီးထတောက်ပြီး အနိစ္စရောက်သူက တစ်ဖုံ။ ဆိုင်ကယ်ချင်းတိုက်မိပြီး သေသူသေ။ ဒဏ်ရာရသူတွေကတမုံ့။ ဆိုင်ကယ်နဲ့ ပတ်သက်တဲ့ သေမှုသေခင်းပုံစံအနေအထားတွေက အမျိုးမျိုး ကွဲပြားနေပေမယ့် လူသားအရင်းအမြစ် ပြုန်းတီးမှုတွေက တရစပ်ပါပဲ။ မအိုဆေးကို ဈေးချိုတဲ့ ဆိုင်ကယ်ဝယ်စီးပြီး သောက်သုံးနေကြပါပေါ့လားလို့ တွေးမိတယ်။

ဆိုင်ကယ်မောင်းနှင်သူတစ်ဦးဟာ သူကိုယ်တိုင်ရော လိုက်ပါစီးနင်းသူရော လမ်းသွားလမ်းလာကိုရော အသက်နဲ့ကိုယ်ခန္ဓာ လုံခြုံမှုအနေအထားကနေ အချိန်မရွေးပျက်စီးအောင် ဖျက်ဆီးနိုင်တယ်။ ဤကဲ့သို့သော မတော်တဆထိခိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် မော်တော်ဆိုင်ကယ် မောင်းနှင်သူတစ်ယောက်မှာရှိရမယ့် ဆောင်ရန်ရှောင်ရန် အချက်တွေကိုသိထားပြီး အချိန်ပြည့်လေ့ကျင့်လိုက်နာထားဖို့ လိုတယ်။ ဆိုင်ကယ်မောင်းနှင်နေစဉ် အရက်သေစာသောက်စားခြင်း ကင်းရမယ်။ အကယ်၍ အသောက်အစားမကင်းဘူးဆိုရင် ဆိုင်ကယ်မမောင်းတာကောင်းပါတယ်။ ဆိုင်ကယ်ကို အသုံးမပြုမီမိမိဆိုင်ကယ်ရဲ့ စက်အခြေအနေ၊ ဘရိတ်၊ လေ၊ ဝိုင်ယာ စသည်တို့ကိုကြိုတင်စစ်ဆေးသင့်တယ်။ ဆိုင်ကယ်မမောင်းခင် အန္တရာယ်ကာကွယ်ဦးထုပ်ကို ဆောင်းရမယ်။ ဆိုင်ကယ်မောင်းနှင်နေစဉ် ရာသီဥတုအခြေအနေ၊ လမ်းအနေအထားနဲ့မောင်းနှင်တဲ့ အမြန်နှုန်းကိုချိန်ဆပြီး သတိကိုဦးနှောက်မှာကပ်ထားရမယ်။ ယာဉ်မောင်းချင်းအတူတူ ကိုယ်ချင်းစာနာစိတ်နဲ့ စိတ်ရှည်သည်းခံနိုင်ရမယ်။ သို့မှသာ လူမှုဘဝ လုံခြုံမှုကို ထိန်းသိမ်းထားနိုင်ပြီး ပူလောင်ခြင်းကင်းသော မိသားစုဘဝကိုလည်းကောင်း၊ သာယာသောပတ်ဝန်းကျင်ကိုလည်းကောင်း ဖန်တီးတည်ဆောက်နိုင်ကြမှာ ဖြစ်တယ်။

အဆုံးသတ်အားဖြင့် မော်တော်ဆိုင်ကယ်မောင်းနှင်ပြီး ရာဇဝတ်မှုများကို မကျူးလွန်မိကြစေရန်နဲ့ အသက်ရှည်ရာအနာမဲ့စေမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကျင့်ကြံဆောင်ရွက်နိုင်ကြစေရန် တိုက်တွန်းရေးသားလိုက်ရပါကြောင်း။

***(၂၅. ၁၀. ၂၀၁၅) စံတော်ချိန်သတင်းစာ***

## ကထိန်အလှူခံ၊ အဆိုအကနဲ့ ဂီတသံ နားဝင်ပီယံ ဖြစ်ပါရဲ့လား

သီတင်းကျွတ် လပြည့်ကျော်ပြီဖြစ်၍ ကထိန်အလှူပွဲများသည်လည်း တစတစ နီးကပ်လာပြီ ဖြစ်သည်။ ကထိန်ပွဲတော်ရက်များ နီးကပ်လာသည်နှင့်အမျှ ရန်ကုန်မြို့ ရပ်ကွက်အနှံ့ ကထိန်အကြို မြင်ကွင်းများအပေါ် ခံစားမှုနှင့်ပတ်သက်၍ စာရေးသူ၏ ရင်ထဲဝယ် အမြင်မတော်ဆင်တော်နှင့် ခလောက်ဆိုသကဲ့သို့ ဖြစ်နေသဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်သည်။

တန်ဆောင်မုန်းလသည် မြန်မာဗုဒ္ဓဘာသာဝင်များအဖို့ ကထိန်အလှူပွဲများ ကျင်းပလေ့ရှိသော လမြတ်ဖြစ်သည်။ မြို့နယ်အသီးသီး၊ ရပ်ကွက်အသီးသီး၊ ကျေးရွာအသီးသီးတို့တွင် စုပေါင်းဘုံကထိန် ပွဲတော်များ ကျင်းပနိုင်ရန်အတွက် အဖွဲ့လိုက်၊ အသင်းလိုက်အလှူခံများ တရုန်းရုန်း တအုန်းအုန်း ထွက်လေ့ရှိကြသည်။ ကထိန်ခင်းမည့် ဘုန်းတော်ကြီးကျောင်းကို များများလှူဒါန်းနိုင်ရေးအတွက် ဆောင်ရွက်ကြခြင်း ဖြစ်သည်။ အလှူခံရရှိသော ဝတ္ထုပစ္စည်းများ၊ ငွေများကို မိမိတို့ ကထိန်ခင်းမည့် ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းရာတွင် မြင်ရသူတို့ရင်တွင်း၌ ကြည်နူးမှုဖြစ်စေရန် ပဒေသာပင်များသီးခြင်းကို ဝေဆာနေအောင် ဆောင်ရွက်လေ့ရှိသည်။ ရိုးရာကိုထိန်းသိမ်း၍ အလွန်ချစ်စရာကောင်း

သော စေတနာထက်သန်သည့် မြန်မာလူမျိုးများ၏ ဓလေ့စရိုက်လည်း ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများအဖို့ ဂုဏ်ယူစရာလည်း ကောင်းသည်။ သို့သော် ယခုအခါ ရန်ကုန်မြို့တွင်းရှိ ရပ်ကွက်အသီး သီး၌ အလှူခံအဖွဲ့များ၏ ပုံစံများသည်လည်း မြန်မာ့ယဉ်ကျေးမှုစည်း ဘောင်ကိုကျော်ပြီး ခေတ်လွန်အခြေအနေများသို့ ပြောင်းလဲလာနေမှုကို တွေ့မြင်လာရသည်။ ခေတ်မီတာလား၊ တိုးတက်တာလား မပြောတတ် ပါ။ အချို့သော အလှူခံအဖွဲ့များ၏ စီတန်းလှည့်လည်မှုသည် ကထိန် အလှူခံခြင်းနှင့်မတူတော့ဘဲ သရုပ်ပျက်သည့်ဘက်သို့ ယိမ်းနေသဖြင့် မြန်မာ့ရိုးရာဂုဏ်သိက္ခာကို ထိခိုက်ပွန်းရှစေသည်ဟု စာရေးသူအနေဖြင့် သုံးသပ်မိသည်။

အလှူခံထွက်ရာတွင် မော်တော်ယာဉ်များနှင့်သော်လည်းကောင်း၊ တွန်းလှည်းများဖြင့်သော်လည်းကောင်း၊ ဆိုက်ကားများဖြင့်သော်လည်း ကောင်း ထွက်လေ့ရှိသည်။ ၎င်းယာဉ်များပေါ်တွင် မြတ်စွာဘုရား၏ ဆင်းတုတော်ကိုတင်ပြီး သာသနာပွဲ၊ အမွေးတိုင်၊ လျှပ်စစ်မီးရောင်စုံများ ဖြင့် ပူဇော်ကာ လှည့်လည်ကြသည်။ ထို့နောက် အသံချဲ့စက်များ၊ ကာရာ အိုကေစက်များ၊ အဆိုအကများဖြင့်လည်း ဖျော်ဖြေကြသည်။ ဤသို့ ဖျော်ဖြေရာတွင် အချို့သော အဖွဲ့များသည် မိဘပြည်သူများအတွက် ပျော်ရွှင်ကြည်နူးမှုကိုမဖြစ်စေဘဲ စိတ်အနှောင့်အယှက် ဖြစ်စေသည်။ မြန်မာ့ရိုးရာဘာသာရေးပွဲတော်ကို အခြေခံသော အလှူခံခြင်းဖြစ်သော် လည်း ဘာသာရေးနှင့် မသက်ဆိုင်သော ခေတ်ပေါ်သီချင်းများဖြစ်သည့် ဒစ်စကို၊ ဟစ်ပ်ဟော့၊ ရက်ပ်၊ ပေါ့ပ် စသည့် တေးသီချင်းများကို နားမခံ သာအောင် ဖွင့်ခြင်း၊ ဆယ်ကျော်သက်ရွယ်ကလေးများက အနောက်တိုင်း အကမျိုးစုံကို ကပြခြင်း၊ အမျိုးသားများက အမျိုးသမီးများကဲ့သို့ လျှပ်ပေါ် လောလီသည့် မလုံ့တလုံအဝတ်အစားများကို ဝတ်ဆင်၍ အရှက်တရား နည်းပါးသော အကများကို ကနေခြင်းသည် မြန်မာ့ယဉ်ကျေးမှုနှင့် သင့် လျော်ခြင်းမရှိဟု ယူဆမိသည်။ ကထိန်ပွဲတော်နှင့်မတူဘဲ သရုပ်ပျက် သင်္ကြန်ပွဲတော်အလား နေ့ချင်းတိုင်း နေ့နေကြသည်။

အချို့သော အဖွဲ့များကလည်း တောင်ပြုန်းပွဲတော် နတ်တေး သီချင်းများ၊ နတ်ဒိုးတီးလုံးများဖြင့် နတ်အဝတ်အစားများဝတ်၍ ကပြ

အလှူခံနေကြခြင်းများလည်း ရှိသည်။ ကထိန်အလှူပွဲမဟုတ်ဘဲ နယ်လှည့် နတ်ကန္နားပွဲနှင့် တူနေတော့သည်။ ဘာသာရေးပွဲတော်ကို ခုတုံးလုပ်ကာ အချို့သော အပျော်ကြူးသူတို့၏ သရုပ်ပျက်လုပ်ဆောင်နေမှုများသည် တစတစ ကျယ်ပြန့်လာနိုင်သည်။ ဤမြင်ကွင်းများကြောင့် ဘာသာရေးပွဲတော်များ၏ အနှစ်သာရများလည်း လွဲချော်သွားနိုင်စေသည်။

မြန်မာလူမျိုးများအဖို့ ဗုဒ္ဓရုပ်ပွားတော်များကို သက်တော်ထင်ရှား မြတ်စွာဘုရားဟု အလေးထား ပူဇော်နေခြင်းအတွက် အထက်ဖော်ပြပါကဲ့သို့ ပြုမူနေကြခြင်းသည် မြတ်စွာဘုရားကို မရိုသေရာ၊ မလေးစားရာရောက်နေသည်။ ကြည်ညိုမှုအားနည်းရာလည်း ရောက်သည်။ အခြားသော ဘာသာဝင်များအဖို့ မြန်မာ့ရိုးရာဘာသာရေးပွဲတော်များနှင့် စပ်လျဉ်း၍ အမိပ္ပာယ်လွဲမှားစွာ အတွေးရောက်စေနိုင်သည်။ အချို့သော အလှူခံအဖွဲ့များ၏ ဤသို့ပြုမူနေကြပုံကို မြင်တွေ့ရသော မိဘပြည်သူများအနေဖြင့်လည်း စေတနာသဒ္ဓါတရား နည်းပါးစေပြီး လှူဒါန်းလိုစိတ်များ လျော့ပါးသွားစေနိုင်သည်။ စာရေးသူကိုယ်တိုင်လည်း ဤသို့ ခံစားမိသည်။

အချို့သော အလှူခံအဖွဲ့များသည် သွားရလာရကျဉ်းကြပ်သော ဈေးများအတွင်းသို့ ဝင်ရောက်ကပြ ဖျော်ဖြေကြခြင်းသည်လည်း ဈေးအရောင်းဆိုင်များနှင့် ဈေးဝယ်လာသူ လုပ်သားပြည်သူများကို စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သည်။

ယာဉ်အသွားအလာထူထပ်သော လမ်းမများပေါ်တွင် နေရာကျယ်ကျယ်ယူ၍ ကပြဖျော်ဖြေကြရာတွင်လည်း ယာဉ်ကြောများ ပိတ်ဆို့ပြီး ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်များလည်း ဖြစ်စေနိုင်သည်။ အလှူခံထွက်သည့် အချိန်ကိုလည်း အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့်ကာလကို ရှောင်ရှားသင့်သည်။ နံနက်စောစောမှ ည ၁၀ နာရီလောက်အထိဆိုလျှင် မပြောသာသော်လည်း ည ၁၂ နာရီနောက်ပိုင်းတွင် အလှူခံထွက်သော အဖွဲ့များ၏ဆူညံသော တေးသံ၊ တီးလုံးသံများကြောင့် ကြားရသူများအဖို့ စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားရသည်။ တစ်ညသ၌ စာရေးသူတို့နေထိုင်ရာ ရပ်ကွက်အတွင်းသို့ လူအများ အိပ်မောကျချိန်

ည ၁၂ နာရီခန့်တွင် အလှူခံအဖွဲ့တစ်ဖွဲ့၏လူတစ်ရပ်ခန့် ကြီးမားသော ဆောင်းဘောက်ကြီးများမှ ဝုန်းဝုန်းဒိုင်းဒိုင်း ခုန်ပျံတက်လာသော သီချင်းသံများကြောင့် အိပ်ရာမှ လန့်နိုးလာပြီး ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရသည်အထိ ခံစားတွေ့ကြုံခဲ့ရသည်။ ထိုအလှူခံအဖွဲ့ ထွက်သွားပြီးသော်လည်း စာရေးသူအဖို့ မိုးလင်းသည်အထိ ပြန်အိပ်၍ မရတော့ပေ။ အသက်အရွယ် ကြီးရင့်သူများအဖို့ မည်သို့ခံစားရမည်ကို ကိုယ်ချင်းစာပြီး တွေးတောနိုင်ပါသည်။ ကုသိုလ်ရေးဖြစ်သော်လည်း အများသူငါနှင့်သဟဇာတမဖြစ်စေမည့် လုပ်ဆောင်ချက်များကို ဒီမိုကရေစီနည်းလမ်းကျကျ လိုက်နာသင့်သည်။

သို့ဖြစ်ပါ၍ ဘာသာရေး(ဝါ)ကုသိုလ်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်နေသော အလှူခံအဖွဲ့များကို စာရေးသူအနေဖြင့် မေတ္တာရပ်ခံလိုပါသည်။ ကထိန်အလှူပွဲတော် သို့တည်းမဟုတ် ဘာသာရေးပွဲတော်များနှင့်လိုက်ဖက်သည့် တေးသီချင်းများဖွင့်ခြင်း၊ ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ရိုးရာအကများဖြင့် ဖျော်ဖြေခြင်း၊ လမ်းသွားလမ်းလာများကို အနှောင့်အယှက်မဖြစ်ရအောင် စနစ်တကျအလှူခံခြင်း၊ မိဘပြည်သူများ၏ အိပ်စက်အနားယူချိန်ကို ရှောင်ရှားသင့်ခြင်း၊ ခရီးသွားမိဘပြည်သူများကို သဒ္ဓါတရား ပွားများစေခြင်း ဖြင့် ဘာသာရေးပွဲတော်များကို အစဉ်အလာမပျက် နှစ်စဉ်ထိန်းသိမ်းကြပါစေဟု ဆန္ဒပြုတင်ပြလိုက်ရပါတော့သည်။

ဤဆောင်းပါးကို စာရှုသူများ ဖတ်ပြီးပါကလည်း စာရေးသူနှင့် ထပ်တူထပ်မျှခံစားရလိမ့်မည်ဟု မျှော်လင့်မိသည်။ ခံစားချက်ချင်း တူနေလျှင် ဤဆောင်းပါးရေးရကျိုးနပ်သည်ဟု စာရေးသူအနေဖြင့် ကျေနပ်မိပါသည်။

*(၁၅. ၁၁. ၂၀၁၅) စံတော်ချိန်သတင်းစာ*

# သီလပျက်သူ

အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ နေပူပူမိုးရွာရွာ တာဝန်ကျေပွန်အောင် ထမ်းဆောင်နေရသော ကုမ္ပဏီဝန်ထမ်းဖြစ်သူ ကိုသောင်းအဖို့ ရွှေတိဂုံဘုရားနှင့်ဝေးနေသည်မှာ ကြာပြီဖြစ်၏။ အလုပ်တာဝန်ထမ်းဆောင်ရင်း သောကတွေ စိတ်ဖိစီးမှုတွေများလာလျှင် ဘုရားကိုပိုလို့အမှတ်ရမိသည်။ သို့မို့ကြောင့် တနင်္ဂနွေတစ်ရက် နေ့လယ် ၂ နာရီခန့်တွင် ကိုသောင်းသည် ရွှေတိဂုံဘုရားကို သွားရောက်ဖူးမြော်ရန် အိမ်မှထွက်လာခဲ့ပါတော့သည်။ ဘုရားသို့ရောက်လျှင် မြောက်ဘက်စောင်းတန်းမှ တက်ရောက်ခဲ့ပြီး သာယာဝတီမင်း ခေါင်းလောင်းတော်ကြီးထားရှိရာ ဇရပ်မှနေ၍ ရွှေတောင်ကြီးသဏ္ဍာန် ရွှေတိဂုံဘုရားကြီးကို အနီးကပ်ဖူးမြော်ဦးခိုက်ရသည်မှာ မဝနိုင်အောင်ရှိ၏။

ပရိတ်တော်များနှင့် ပဋ္ဌာန်းများကို ရွတ်ဖတ်ပူဇော်ပြီး လူနတ်ပြဟ္မာသတ္တဝါများကို မေတ္တာပို့သရသည်မှာ ကိုသောင်းရင်ထဲ၌ တဒင်္ဂအေးချမ်းလှသည်။ ဇရပ်ပေါ်မှနေ၍ တောင်တောင်အီအီကြည့်ရာ ဘုရားရင်ပြင်တော်ပေါ်တွင် သွားလာနေကြသော ဘုရားဖူးများက အရွယ်စုံအဆင်အသွေးစုံ လူမျိုးစုံတွေ့နေရ၏။ ဘုရားဖူးတို့သည် ခပ်စောင်းစောင်း နေရောင်ခြည်အောက်တွင် သွားလာနေကြသော်လည်း ပူရမှန်းမသိ။ ဘုရားရိပ် တရားရိပ်တို့က အေးချမ်းမှုပေးသည်မှာ အမှန်ပင်ဖြစ်သည်။

ယခုဆိုလျှင် အဘက်ဘက်က ပွင့်လင်းမြင်သာမှု အတော်အတန် ရှိလာသဖြင့် မြန်မာနိုင်ငံကို ကမ္ဘာအရပ်ရပ်က စိတ်ဝင်စားမှုရှိလာသည်။ ပြည်ဝင်ခွင့်ဗီဇာများကိုလည်း အထိုက်အလျောက် ဖြေလျှော့ပေးခြင်းများ ရှိလာ၍ နိုင်ငံခြားသားခရီးသည် အများအပြား ဝင်ရောက်လာသည်ကို လည်း အများအသိပင်ဖြစ်၏။ ရန်ကုန်သို့လာရောက်လည်ပတ်သော နိုင်ငံခြားသား ဧည့်သည်များအဓိက စိတ်ဝင်တစား လေ့လာရာနေရာ သည် ရွှေတိဂုံစေတီတော်ပင်ဖြစ်သည်။ ထိုနေ့က ရွှေတိဂုံစေတီတော်တွင် တွေ့ရသော နိုင်ငံခြားခရီးသွားများမှာ ဥရောပနိုင်ငံသားများ၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားလူမျိုးတို့ အများဆုံး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင် အာရှတိုက်သားဧည့်သည်များက ဘုရားကို ဦးခိုက်ပူဇော်နေကြပုံကို မြင်ရသည်မှာ ကြည်နူးစရာ ကောင်းလှသည်။ တနင်္ဂနွေနေ့ဖြစ်၍လည်း ဘုရားဖူးလာဧည့်သည်များ ပိုများဟန်တူသည်။

ဘုရားဖူးလာ နိုင်ငံခြားသားဧည့်သည်များသည် သူတို့ယဉ်ကျေးမှု အရ ဝတ်စားဆင်ယင်မှု ရှိသော်လည်း သူတို့စရိုက်နှင့် ကိုက်ညီမှုရှိသလို လုံလုံခြုံခြုံလည်း ရှိသည်။ တချို့နိုင်ငံခြားသူများက ရင်စေ့အင်္ကျီနှင့် ထမီ ဝတ်ထားကြသည်။ တချို့နိုင်ငံခြားသားများကလည်း လည်ကတုံးရှပ် အဖြူရောင် လက်ရှည်နှင့် ပုဆိုးကို အမြတ်တနိုး ဝတ်ဆင်ထားသဖြင့် မြင်ရသည်မှာ ကြည့်၍တင့်တယ်သလိုရှိ၏။ နိုင်ငံခြားသားဧည့်သည်များ က မြန်မာဝတ်စုံကို နှစ်သက်ခြင်းတွေ့ရ၍ ကိုသောင်းက မြန်မာတစ် ယောက်အနေဖြင့် ဂုဏ်ယူမိသည်။ အကောင်းစား ကင်မရာများဖြင့် ရွှေတိဂုံစေတီတော်၏ ပုံတော်များကို တဖျတ်ဖျတ်ရိုက်၍ မှတ်တမ်းတင် နေကြသော နိုင်ငံခြားသား ခရီးသွားများသည် မြန်မာ့အနုလက်ရာများ ကို အံ့ဩမဆုံး ဖြစ်နေကြဟန်တူသည်။ သူတို့ပြန်သွားလျှင် မြန်မာပြည်၏ စိတ်ဝင်စားစရာ အကြောင်းအရာများကို လက်ဆင့်ကမ်း ဖြန့်ဝေမည်ဖြစ် ၍ နောက်ထပ် နိုင်ငံခြားခရီးသွားဧည့်သည်များ ဦးရေတိုးလာနိုင်စရာ ရှိသည်။ သည်သို့ဆိုလျှင် မြန်မာနိုင်ငံအကြောင်းကို သည့်ထက်ပို၍ ကမ္ဘာကသိလာနိုင်သည်။

ညနေ ၅ နာရီလောက်တွင် ကိုသောင်းသည် မြောက်ဘက်စောင်း တန်းအတိုင်း ဘုရားပေါ်မှ ခြေကျင်ပြန်ဆင်းခဲ့သည်။ စောင်းတန်းအလယ်

လမ်းခုလတ်၌ နိုင်ငံခြားသားဧည့်သည်တစ်သိုက်နှင့် ပက်ပင်းတိုးမိသည်။ အသက်(၃၀)ကျော်ခန့် လည်ကတုံးရှပ်နှင့် ပင်နီတို့ပုံ အင်္ကျီဝတ်ထားသော မြန်မာအမျိုးသား ဧည့်လမ်းညွှန်တစ်ဦးက အင်္ဂလိပ်ဘာသာစကားဖြင့် သူတို့အား စောင်းတန်းရှိဈေးသည်များအကြောင်းကို ရှင်းပြနေဟန် တူသည်။ သူတို့ထဲမှ ချောချောလှလှ ငယ်ငယ်ရွယ်ရွယ် ဥရောပတိုင်းသူ မိန်းကလေးက ဘုရားလှူဖို့ ပန်းဝယ်ရန် စုံစမ်းသည်ကို တွေ့လိုက်ရ၏။ ပန်းရောင်းသည့် အမျိုးသမီးက ပန်းတစ်စည်း ကျပ် ၁၀၀၀ ဖြစ်ကြောင်း ဧည့်လမ်းညွှန်မှတစ်ဆင့်ပြောခိုင်းသည်။ သည်အခါတွင် ဧည့်လမ်းညွှန် လုပ်သူက နိုင်ငံခြားသူအား ပန်းဖိုး ကျပ်၁၀၀၀၀ ပေးရမည်ဖြစ်ကြောင်း အင်္ဂလိပ်လိုပြောလိုက်ရာ ဧည့်သည်မိန်းကလေးက ငွေကျပ် ၁၀၀၀၀ ထုတ်ပေးပြီး ပန်းစည်းကို ယုယစွာကိုင်လျက် ဘုရားပေါ်သို့ သွက်လက် သော ခြေလှမ်းများဖြင့် တက်သွားပါသည်။ ဧည့်လမ်းညွှန် နိုင်ငံခြားသား ဧည့်သည်များရှေ့တွင် ပန်းရောင်းသူကို ငွေကျပ် ၁၀၀၀၀ပေးခဲ့ပြီး အပြန် တွင် ပိုငွေကျပ် ၉၀၀၀ ကို သူ့အားပေးရန်ပြောလျက် ခပ်သုတ်သုတ် ထွက်ခွာသွားလေတော့သည်။

ထိုအဖြစ်အပျက်သည် ကိုသောင်းရှေ့တွင်ဖြစ်၍ မြင်လည်းမြင်၊ ကြားလည်းကြားနေရသည်။ ဧည့်လမ်းညွှန်က ဤသို့ဈေးတင်ပြီး မဟုတ် တာ လုပ်သည်ကို မကျေနပ်၍ ပန်းရောင်းသူက ဗျစ်တောက် ဗျစ်တောက် ဖြင့် ပြောနေရစ်ခဲ့သည်။ ကိုသောင်းလည်း ပန်းရောင်းသူနှင့် ထပ်တူ ထပ်မျှ ဧည့်လမ်းညွှန်အပေါ် မကျေမနပ်စိတ်ဖြင့် ခံပြင်းနေမိသည်။ ပန်းစည်းဖိုးအား လိမ်လည်ဈေးတင်ပြီး တဖက်သားမသိအောင် ခေါင်းပုံ ဖြတ် ခိုးယူခြင်းသည် ဧည့်လမ်းညွှန်၏ စိတ်ဓာတ်အောက်တန်းကျမှုကို ဖော်ပြနေသည်။ ဧည့်လမ်းညွှန်က သူဝတ်ထားသည့် မြန်မာအမျိုးသား ဝတ်စုံကိုပင် အားနာမှုမရှိ။ တစ်နပ်စားဉာဏ်ဖြင့် မများသော ငွေပမာဏ အတွက် ရိုးသားမှုကို ရိုက်ချိုးဖျက်ဆီးလိုက်၏။ ကိုယ့်နိုင်ငံသို့လာလည် သော ဧည့်သည်ကို ကူညီရာမရောက် စေတနာမထားနိုင် မြန်မာစကား မတတ်သူကို အနိုင်ကျင့်ရာ ရောက်နေပေသည်။ အချို့သော နိုင်ငံခြား သားများသည် မြန်မာစကားကို ရေရေလည်လည် ပြောနိုင်ကြပေသည်။ နိုင်ငံခြားသားခရီးသွားများက ဧည့်လမ်းညွှန်၏ လိမ်လည်မှုကို သိသွား

လျှင် သူ့အပေါ် သာမက မြန်မာတစ်မျိုးသားလုံးအပေါ် အထင်သေးသွားနိုင်သည်။ မြန်မာတွေ စိတ်ဓာတ်ညံ့ဖျင်းသည်ဟု ယူဆသွားလျှင်ဒုက္ခ။

ဤခြည့်လမ်းညွှန်၏ လုပ်ဆောင်ချက်သည် ရှက်စရာကောင်းပါသည်။ ရှက်စရာကို ရှက်စရာဟုမမြင်ဘဲ မရှက်တတ်သူဖြစ်၏။ ဝမ်းရေးအတွက် ရှာဖွေသည်ဆိုသော်လည်း သမာအာဇီဝဖြစ်ဖို့လို၏။ သူတစ်ပါးကို လိမ်ညာခြင်းနှင့် ငွေကြေးကို ခိုးယူခြင်းကြောင့် အများတကာ၏ အထင်သေးကဲ့ရဲ့ခြင်းကို ယခုပင် ခံနေရပေသည်။ သူသည် ရွှေတိဂုံဘုရားသို့လာပြီး အဒိန္နာဒါနာနှင့် မုသာဝါဒါ၊ သီလကို လွယ်လွယ်ကူကူချိုးဖောက်နေ၏။ သူ့မှာ အရှက်အကြောက်တရားမရှိပေမယ့် ကိုသောင်းက ဗုဒ္ဓဘာသာမြန်မာလူမျိုးတစ်ယောက်အနေဖြင့် သူ့ကိုယ်စား ရှက်မိသည်။ သူလိုလူတွေများနေလျှင် မြန်မာတွေ နိုင်ငံကြီးသားပီသဖို့ အလှမ်းဝေးနေဦးမည်ဟု သုံးသပ်မိသည်။

ဤအကြောင်းအရာကိုတွေးမိတိုင်း ကိုသောင်းရင်ထဲမှာ ပူလောင်နေသလို အနာဂတ်အတွက်လည်း စိတ်မချမ်းမြေ့ဖြစ်ရ၏။ အိုးကမပူစလောင်းက ပူနေသည့်အဖြစ်မျိုး ရောက်နေသည်။ ရိုးသားဖြူစင်ပြီး ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားလှပါသည်ဆိုသော မြန်မာပြည်၌ မိမိကိုယ်မိမိ နိုင်ငံကြီးသားဖြစ်သည်ဟုခံယူလျက် သီလပျက်သူဦးရေ တစ်နေ့တခြား တိုးပွားလာနေသည်မှာ အသေအချာပင် ဖြစ်ပါတော့သည်။

***(၁၀. ၁၂. ၂၀၁၅) စံတော်ချိန်သတင်းစာ***

## ရပ်ကွက်ထဲမှာ ဒီမိုကရေစီ

၂၀၁၅ ဇွန်လလောက်တုန်းက ကျွန်တော်နေတဲ့ရပ်ကွက်ထဲမှာ ကွန်ကရစ်လမ်းခင်းခဲ့တာ မှတ်မိနေပါတယ်။ ဘယ်ကရန်ပုံငွေနဲ့ ဘယ်သူတွေကဦးဆောင်ပြီး ခင်းတာမှန်းမသိပေမယ့် လမ်းခင်းပြီးလို့ စာရင်းရှင်းကြတော့ လမ်းသာယာရေးကော်မတီဝင် အချင်းချင်း အစာမကြေဘဲ ခွန်းကြီးခွန်းငယ်နဲ့ ကတောက်ကဆ စကားများကြတယ်လို့ ကြားရတယ်။ ရပ်ကွက်ထဲကလမ်းဆိုတော့ ကားသေးလေးနှစ်စီး ရှောင်လို့လွတ်ရုံလမ်းပဲဖြစ်တယ်။ ဆိုတော့ကာ ရပ်ကွက်ထဲမှာ ကွန်ကရစ်လမ်းခင်းပြီးမှပဲ သွားရလာရတာ အရင်ကထက် ပိုပြီး ကျပ်တည်းလာတယ်။

စီးပွားရေးကောင်းလာတာလား၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာတာလားလို့ မပြောနိုင်ပေမယ့် ရပ်ကွက်ထဲမှာ ဆောက်လက်စ၊ ဆောက်လုပ်ဆဲ ကန်ထရိုက်တိုက်တွေ များလာတာကို တွေ့ရတယ်။ ကန်ထရိုက်တိုက်တွေ ဆောက်နေတာဟာ မုဒိတာဖြစ်စရာ ကောင်းပေမယ့် အဲဒီလုပ်ငန်းရှင်တွေရဲ့ ငတေမာတဲ့ လုပ်ရပ်တွေကြောင့် ရပ်ကွက်ထဲမှာ သွားရလာရတာ အတော့်ကို ကသိကအောက်နိုင်လှတယ်။ လမ်းတစ်လျှောက်လုံး ဆောက်လက်စတိုက်တွေချည်းပဲဆိုတော့ အုတ်၊ သဲ၊ ကျောက်နဲ့ ကြံဆစ်သံချောင်း စတာတွေကို လမ်းပေါ်မှာ နေရာယူစုပုံထားတာကြောင့် သွားစရာကွန်ကရစ်လမ်းလည်း ကျဉ်းသွားတာပေါ့ဗျာ။ ဘိလပ်မြေ ဖျော်တဲ့စက်တွေကိုလည်း လမ်းပေါ်မှာထားပြီး အသုံးပြုနေတာမို့

အဲဒီစက်တွေက ထွက်ပေါ်လာတဲ့ ဆူပူညံ့ညံ့တဲ့ အသံ၊ ပျံလွင့်လာတဲ့ သဲမှုန့်၊ ခဲမှုန့်နဲ့ ဘိလပ်မြေမှုန့်တွေက လမ်းသွားလမ်းလာတွေကို အသက်ရှူ ကျပ်လောက်အောင် အနှောင့်အယှက်ဖြစ်နေတော့တာပေါ့။ ရပ်ကွက်နေ ပြည်သူတွေကလည်း သူတို့နဲ့ ပတ်သက်ပြီး ဘာမှပြောပိုင်ခွင့်မရှိတော့ ဒီလိုပဲ ရှောင်ကွင်းသွားလာနေကြရတယ်။ ကားလေးနှစ်စီး ရှောင်ပြီး မောင်းလို့ရတဲ့ လမ်းဖြစ်ပေမယ့် အဲဒီကျောက်ပုံ၊ သဲပုံ၊ အုတ်ပုံတွေကြောင့် ကားလေးတစ်စီးတောင် သတိထားပြီး အနိုင်နိုင်မောင်းနေရပြီလေ။

ကန်ထရိုက်တိုက်ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ အလုပ်ဝင်နေတဲ့ အလုပ်သမားတွေကလည်း အလွှာပေါင်းစုံကဆိုတော့ သိကြတဲ့ အတိုင်းပဲ သူတို့အချင်းချင်း ပြောကြဆိုကြရာမှာ အဆဲမပါရင် မပြီးတော့ ပါဘူး။ ရပ်ကွက်ထဲမှာ သူတို့တတွေ ချည်းပဲရှိတယ်ထင်ပြီး ခက်ထန်ရိုင်းစိုင်းတဲ့ စကားတွေပြောဆိုနေကြတာဟာ ကြားရသူအဖို့ နားကလောစရာ ကောင်းလှတယ်။ ဒီကြားထဲ စကားပြောအဆင်မပြေလို့ သူတို့အချင်းချင်း စကားများကြ ရန်ဖြစ်ကြတာတွေလည်းရှိတော့ တုတ်တစ်ပြက် ဓား တစ်ပြက်ပါပဲ။

ပွင့်လင်းရာသီရောက်လာလို့ ကန်ထရိုက်တိုက် ဆောက်လုပ်ရေး လုပ်ငန်းတွေကို နေ့မနား ညမအား ဆောက်လုပ်နေကြတာဟာ နေ့စဉ် လိုလို မနက် ၆ နာရီကစလို့ ည ၁၂ နာရီအထိ မရပ်မနားဒရစပ်ပါပဲ။ ဆောက်လုပ်ရေးလုပ်ငန်းတွေက ထွက်ပေါ်လာတဲ့ တူထုသံ၊ သရိုးနယ်တဲ့ စက်မောင်းသံတွေကြောင့် ရပ်ကွက်ထဲမှာလည်း အချိန်ပြည့်လိုလို ဆူညံ ပွက်ကလောရိုက်နေတော့တာပါပဲ။ နေ့ဘက်မှာ အလုပ်လုပ်ကြတာဟာ ပြောစရာ မရှိပေမယ့် အများသူငါ အိပ်စက်အနားယူချိန် ညဉ့်နက်တဲ့ အထိ ဆူဆူညံညံနဲ့ အလုပ်လုပ်နေကြတာဟာ ပတ်ဝန်းကျင်ကို အနှောင့် အယှက် ပေးရာရောက်ပါတယ်။ အဲဒီဆူညံသံတွေကြောင့် ညဘက်မှာ အိပ်ရေးပျက်ပေါင်းလည်း များလှပြီ။ နို့ပေသိကိုယ်ကလည်း ထိန်းသိမ်း တားမြစ် ပြောဆိုရမယ့် တာဝန်ရှိသူ မဟုတ်လေတော့ မတတ်သာဘဲ သည်းခံနေရတယ်။

အဲဒီထက်ပိုဆိုးတာက လမ်းထဲမှာ တည်ထောင်ထားတဲ့ အသေး စား စက်မှုလုပ်ငန်းတွေကြောင့်ပါပဲ။ ရပ်ကွက်ထဲမှာ ကားဝပ်ရှော့နဲ့

သံပန်းသံတံခါးလုပ်တဲ့ အလုပ်ရုံတွေရှိတယ်။ အရင်တုန်းက လမ်းဘေး မြေနေရာကို စက်ရုံလိုသဘောထားပြီး လုပ်ကိုင်နေရာက ကွန့်ရစ်လမ်း လည်း ခင်းပြီးရော သူတို့အတွက် စက်ရုံကြမ်းခင်း ဖြစ်သွားတော့တာ ပါပဲ။ ကွန့်ရစ်လမ်းခင်းလိုက်တာဟာ ရပ်ကွက်သူရပ်ကွက်သားတွေနဲ့ မော်တော်ယာဉ်တွေအတွက် အကျိုးရှိမရှိမပြောနိုင်ပေမယ့် ကားဝပ်ရှော့ နဲ့ သံပန်းသံတံခါးလုပ်ငန်းရှင်တွေအတွက်ကတော့ တကယ့်ကိုပန်းခင်း လမ်းလို အဆင်ပြေလှတယ်။ ကားဝပ်ရှော့ကလည်း ပြင်စရာကားတွေ ကို လမ်းပေါ်မှာ ရပ်ချင်သလိုရပ်ပြီး ပြင်နေတာဖြစ်လို့ ရပ်ကွက်အတွင်း ဝင်ထွက်မောင်းနှင်နေတဲ့ ကားတွေအတွက် ထိမိခိုက်မိမှာ စိုးရိမ်စရာ ကောင်းလှတယ်။

သံပန်းသံတံခါးအလုပ်ရုံကလည်း ကွန်ကရစ်လမ်းပေါ်မှာ နေရာ ကျယ်ကျယ်ယူပြီး သံတံခါးတွေ သံလက်ရမ်းတွေကို စိတ်တိုင်းကျ လွတ် လွတ်လပ်လပ် ဂဟေဆော်နေတာမို့ ကားလေးတစ်စီးတောင် မနည်း လွတ်အောင် မောင်းနေရတယ်။ လမ်းသွားလမ်းလာတွေကတော့ ကွန် ကရစ်လမ်းပေါ်မှာ လျှောက်ခွင့်မသာဘဲ ဂဟေဆော်ရာက ထွက်လာတဲ့ မီးပွင့်မီးပွားတွေကလွတ်အောင် ခပ်ဝေးဝေးမြေသားပေါ်ကပဲ ရှောင် ကွင်းပြီး သွားနေရတာပေါ့။ တစ်ခါတလေ လမ်းပေါ်မှာဖြန့်ခင်းထားတဲ့ သံပန်းသံတံခါးတွေနဲ့ ဖြတ်မောင်းသွားတဲ့ ကားတွေ ထိမလိုငြိမလိုဖြစ်လို့ စကားများတာတွေလည်း ကြားနေရတာပဲ။ အလုပ်သမားအချင်းချင်း အော်ကြဟစ်ကြလို့ ရပ်ကွက်ထဲမှာ စီစီလောင်လောင်နဲ့ စည်ကားနေ တယ်။

အခု ၂၀၁၆ နှစ် အစပိုင်းမှာ အကြီးအကျယ် မီးလောင်မှုဖြစ်ပွား နေတာတွေကို ပြည်သူတွေအားလုံးအသိပဲ။ ရပ်ကွက်ထဲမှာဖွင့်ထားတဲ့ ကားဝပ်ရှော့နဲ့ အသေးစားစက်မှုလုပ်ငန်းတွေက မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့အနေနဲ့အထူးဂရုထားဖို့ လိုအပ်လှတယ်။ အခုဆိုရင် သက်တမ်းဖလသာရှိသေးတဲ့ ရပ်ကွက်ထဲက ကွန့်ရစ်လမ်းလည်း ပေါက်ပြဲ ကျိုးပဲ့ကုန်ပါပြီ။ ဒီလိုဖြစ်ရတာက ခင်းထားတဲ့လမ်းကပဲ အရည်အသွေး မမီလို့လား။ လမ်းကို ကိုယ်ပိုင်ပစ္စည်းအဖြစ်အသုံးပြုနေတဲ့ ဆောက်လုပ် ရေးလုပ်ငန်းနဲ့ အသေးစား စက်မှုလုပ်ငန်းတွေကြောင့်ပဲလားဆိုတာက

တော့ လမ်းစောင့်နတ်တွေပဲ သိနိုင်ပါလိမ့်မယ်။ ဒီအတိုင်းသာဆိုရင် ရပ်ကွက်ထဲမှာ ခင်းထားတဲ့ ကွန့်ရစ်လမ်းဟာ လာမယ့်နှစ်မှာ ပျက်စီးမှာကတော့ အသေအချာပါပဲ။

လူနေရပ်ကွက်ဆိုတာ လူတန်းစားပေါင်းစုံ အလွှာပေါင်းစုံနေကြတာဖြစ်လို့ ကိုယ်တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းရဲ့ အကျိုးကိုသာကြည့်ပြီး ငါတကောကောလို့ မရပါဘူး။ အများနဲ့ဝင်ဆံ့အောင် လိုက်လျောညီထွေစွာ လုပ်ကိုင်နေထိုင်ပြောဆို တတ်ဖို့လိုပါတယ်။ ပတ်ဝန်းကျင်နဲ့ တစ်ပါးသူကို အနှောင့်အယှက်ဖြစ်စေမယ့် လုပ်ငန်းဆောင်တာနဲ့ ပြုမူပြောဆိုခြင်းတွေဟာ ဒီမိုကရေစီရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲမှာ မပါပါဘူး။

အခုတော့ဗျာ ကျွန်တော်တို့ ရပ်ကွက်ထဲက ဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ အသေးစားစက်မှုလုပ်ငန်းတွေရဲ့ လုပ်ရပ်တွေက ဗိုလ်ချုပ်ပြောခဲ့သလို လွတ်လပ်ရေးရတယ်ဆိုပြီး လမ်းပေါ်မှာ ဆေးရိုးတွေတက်လှန်းနေတာနဲ့ တူနေတယ်။

ပြောရရင် ကျွန်တော်တို့ရပ်ကွက်ထဲမှာ ဒီမိုကရေစီ အခွင့်အရေးတွေကို အပြည့်အဝအသုံးချ ခံစားခွင့်ရနေတာကတော့ ကန်ထရိုက်တိုက်ဆောက်တဲ့ လုပ်ငန်းရှင်တွေနဲ့ အသေးစားစက်မှုလုပ်ငန်းရှင်တွေပဲ ဖြစ်ကြောင်းပါခင်ဗျား။

***(၁၉. ၁. ၂၀၁၆) စံတော်ချိန်သတင်းစာ***

# ရထားပေါ်မှာ ဒီမိုကရေစီ

တစ်နေ့ ရွှေပြည်သာမှာနေတဲ့ အသက် ၈၅နှစ်အရွယ် ကျွန်တော့် ကြီးတော်ကြီး အသဲအသန်ဖြစ်နေကြောင်း သတင်းရလို့ မဖြစ်မနေ လူ မမာသွားမေးဖို့ ကိစ္စပေါ်လာတယ်။ လှည်းတန်းကနေ ရွှေပြည်သာကို ဘတ်(စ်)ကားစီးရင် အနိမ့်ဆုံးတစ်နာရီခွဲလောက် ကြာမှာဖြစ်လို့ မြို့ပတ် ရထားနဲ့သွားဖို့ စိတ်ဒုံးဒုံးချ ဆုံးဖြတ်လိုက်တယ်။ အင်းစိန်ဘူတာမှာ ဆင်းပြီး ရွှေပြည်သာကိုသွားတဲ့ ဘတ်(စ်)ကား ပြောင်းစီးရင် အချိန်ကုန် သက်သာတယ်လို့ပြောတာနဲ့ လှည်းတန်းဘူတာဘက်ကို သုတ်သီးသုတ် ပျာ ထွက်လာခဲ့တယ်။

မြို့ပတ်ရထား မစီးဖြစ်တာလည်း ကြာလှပေါ့။ နှစ်နဲ့ချီနေပြီ။ အဝေးကနေကြည့်ရင် ဝါကြန့်ကြန့် နို့နှစ်ရောင် ရေဆေးသုတ်ထားတဲ့ လှည်းတန်းဘူတာက သစ်လွင်သယောင်ယောင် ဟန်ဆောင်နေပေမယ့် အတွင်းရောက်တော့ သန့်ရှင်းမှုအားနည်းနေတာကို တွေ့ရတယ်။ စွန့်ပစ် အမှိုက်တွေနဲ့ ပလပ်စတစ် ကြွပ်ကြွပ်အိတ် အစအနတွေက လေတိုက် တိုင်း သံလမ်းတွေကြားမှာ ပွစာထိုး ခုန်ပေါက်နေတယ်။ မြင်လို့ မကောင်း ဘူး။ စည်းကမ်းမဲ့အမှိုက်ပစ်တဲ့ ခရီးသည်တွေကများတော့ ဘူတာသန့် ရှင်းရေးဝန်ထမ်းလည်း နိုင်အောင်မလုပ်နိုင်တော့ဘူးနဲ့ တူပါတယ်။

ရထားလက်မှတ်ဝယ်တော့ ငွေကျပ် ၃၀၀ ပေးရတယ်။ လက်မှတ် ရောင်းသူက အဲယားကွန်း ရထားလာမယ်လို့ ပြောတယ်။ ဘူတာရဲ့ အတွင်း ရထားစောင့်နေတဲ့ ခရီးသည်တွေထဲမှာ နိုင်ငံခြားသားခရီးသွား

ငါးဦးကိုလည်း တွေ့ရတယ်။ သိပ်မစောင့်လိုက်ရပါဘူး။ ၁၀မိနစ်လောက်ကြာတော့ မကြာမီရထားဆိုက် ရောက်လာမယ့်အကြောင်း အသံချဲ့စက်ကနေ ကြေညာတယ်။ ကြေညာသူက ဘယ်သူ့ကို မကျေမနပ် ဖြစ်နေမှန်းလဲ မသိ။ သူ့လေသံက ခပ်ရင့်ရင့်။ ပြောပုံဆိုပေါက်က တိုပြတ်ပြတ်နဲ့ နားဝင်ချိုမှုမရှိ။ ခရီးသွားတွေထဲမှာ သံဃာတော်တွေ၊ သီလရှင်တွေ၊ သက်ကြီးရွယ်အိုတွေလည်းပါတော့ ကြေညာတဲ့အခါမှာ နူးညံ့သိမ်မွေ့မှုရှိရင် မေတ္တာထားလေးစားရာရောက်မှာပဲလို့ တွေးမိတယ်။ အဲဒါပေါ့ ကိုယ့်အသံနဲ့ကိုယ် အမုန်းလက်ဆောင်တွေ ရတယ်ဆိုတာ။

ရထားက အချိန်မှန်ဆိုက်လာတယ်။ ရထားပေါ်ရောက်တော့ ထိုင်စရာနေရာလွတ်ကမရှိ။ ယိမ်းထိုးနေတဲ့တွဲပေါ်မှာ ဦးခေါင်းအထက် သံတန်းကနေ တန်းလန်းဆွဲချိတ်ထားတဲ့ လက်ကိုင်ကွင်းကိုခိုပြီး မတ်တပ်ရပ်စီးရတော့တာပေါ့။ ထိုင်စရာနေရာမရှိပေမယ့် တွဲပေါ်မှာခရီးသည်က များများစားစား ရှိတာမဟုတ်။ ကျိုးတိုးကျဲတဲရယ်ပါ။ နေရာယူထားတဲ့ သူတွေက ပုံမကျပန်းမကျ ထိုင်နေလို့ နေရာလွတ်မရှိဖြစ်နေတာ။ ဘေးတို့ ခုံတန်းလျားပေါ်မှာ တချို့က တစ်ယောက်စာမက ပေါင်ကားပြီး နှစ်ယောက်စာ ထိုင်နေသူက တစ်မျိုး။ တချို့က ဘေးတိုက်အနေအထားနဲ့ ခုံပေါ်မှာ ခြေထောက်ဆန့်ခင်းပြီး ထိုင်နေသူကတစ်ဖုံ၊ တချို့က သူတို့ အိတ်တွေ၊ နှီးတောင်းတွေ၊ လက်ဆွဲခြင်းတွေ၊ အထုပ်အပိုးတွေကို ထိုင်ခုံပေါ်မှာတင်လို တင်ထား။ မတ်တတ်ရပ်နေသူ ခရီးသည်တွေကိုမှ အားမနာ။ သံဃာတော်နှင့် အသက်ကြီးကြီး သီလရှင်တွေကိုလည်း ဦးစားပေးရကောင်းမှန်းမသိ။ ခရီးသွားတွေကို သူတို့အထုပ်အပိုးတွေလောက် တန်ဖိုးမထားရာ ရောက်နေတယ်။ ပြီးတော့ သူတို့က မျက်နှာထားတင်းတင်းနဲ့ ရန်လိုတဲ့ အမူအယာတွေကို လှစ်ပြထားတော့ ဘယ်သူမှ ဖယ်မခိုင်းရဲတော့ဘူးပေါ့။ သူတို့နဲ့ဖက်ပြီး စကားမများချင်တာလည်း ရှိမှာပါ။

ဒီအပြုအမူတွေက ကိုယ့်မြန်မာအချင်းချင်း မပြောပလောက်ပေမယ့် ရထားစီးနိုင်ငံခြားသား ခရီးသွားတွေရဲ့အမြင်မှာ မြန်မာလူမျိုးတွေ အတ္တကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ ကိုယ်ချင်းစာနာ စိတ်မရှိကြဘူးလို့ ထင်သွားရင်မခက်လား။ ရထားပေါ်မှာ ထမင်းချိုင့်ထည့်ထားတဲ့ ဆွဲခြင်းနဲ့ ဝတ်စားထားပုံကိုကြည့်ပြီး လက်လုပ်လက်စားလို့ထင်ရတဲ့

မိန်းကလေးတစ်သိုက် စကားကို ဝါးလုံးကွဲ အော်ကြီးဟစ်ကျယ်ပြောလိုက်၊ တခစ်ခစ်ရယ်မောလိုက် လုပ်နေကြတာလည်း ပတ်ဝန်းကျင်ကို လူမမှတ် သူမမှတ် အနှောင့်အယှက်ပေးနေသလိုပဲ။ သူတို့ထဲကတစ်ယောက်က ဟန်းဖုန်းကို ညတုတု ခရာတာတာနဲ့ တစ်ချိန်လုံး ပြောနေလိုက်တာများ ဘေးကလူတွေ အမြင်ကပ်ပြီး နားငြီးလောက်တယ်။

အဲယားကွန်း ရထားသာဆိုတယ် အအေးဓာတ်က လုံးဝမရှိ သလောက်ပါပဲ။ ဒီရထားတွေပေါ်တာ ဘာမှမကြာသေးပေမယ့် လေ အေးပေးစနစ်တွေ ပျက်စီးကုန်ပါပေါ့လားလို့ တွေးမိတယ်။ ဒါမှမဟုတ် စက်ခေါင်းမောင်းက လောင်စာဆီသူ့အတွက်ကျန်အောင် လေအေးပေး စက်ကို ဖွင့်မပေးတာလည်း ဖြစ်နိုင်တာပဲ။ ရထားတွဲအတွင်းဘက် အဖြူ ပျက်ရောင် နံရံတွေမှာ ဆေးပွန်းရာ၊ အစင်းရာ၊ အခြစ်ရာတွေကလည်း အချိန်မတန်သေးဘဲ ဗရပွ ဖြစ်နေတယ်။ ထိုင်ခုံတွေဆိုတာ ပွန်းပဲ့ပျက်စီး နေပါပြီ။ ထိုင်ခုံအစွန်းဘက် နံရံအခြေတွေမှာ ကွမ်းတံတွေးက ထုတက် ပြီး ရဲပဒေါင်းခက်နေတာ မြင်လို့မကောင်းတော့ဘူး။ အတော်နှမြောဖို့ ကောင်းတယ်။ ဘယ်လောက်ကောင်းတဲ့ ရထားတွဲပဲဖြစ်ဖြစ် မြန်မာပြည် ကိုရောက်ရင် အပျက်အစီးမြန်တာချည်းပဲလို့ ပြောရမလို ဖြစ်နေတယ်။

ထိုင်ခုံအောက်တွေမှာ လိမ္မော်ခွံတွေ၊ နေကြာစေ့ခွံတွေနဲ့ မြေပဲခွံ တွေကလည်း ဖွေးဖွေးလှုပ်။ အဲယားကွန်းရထားဖြစ်ပြီး သည်လောက်ညစ် ပတ်ပေရေနေတာဟာ စည်းကမ်းမဲ့ ရထားစီးခရီးသည်တွေနဲ့ ရထားပေါ် ဈေးတက်ရောင်းသူတွေရဲ့ လက်ချက်ပဲ ဖြစ်မှာပေါ့။ သူတို့မှာတာဝန် မကင်းပါဘူး။ တစ်ဘူတာရောက်တိုင်း ဈေးရောင်းသူတွေက တစ် ယောက်တက်လိုက်၊ တစ်ယောက်ဆင်းလိုက်နဲ့ ခြေရှုပ်နေတာကိုလည်း တွေ့ရတယ်။ စီးကရက်၊ ကွမ်းယာ၊ သရေစာ၊ အချဉ်ပေါင်း၊ ရေသန့်၊ အချိုရည် ဘာယူမလဲ အကုန်ရတယ်။

ဒီကြားထဲ ရေစက်လက်ကျနေတဲ့ အထုပ်ကြီးအထုပ်ငယ်နဲ့ ကုန် စိမ်းသည်တွေက တက်လာပြန်တော့ အဲယားကွန်းရထားကြမ်းခင်းလည်း စိုစိစိနဲ့ ဗွက်ပေါက်ပြီး ညစ်ပတ်ကုန်တော့တာပါပဲ။ ဒီလိုခရီးသည်တွေကို သူ့ကျောပေါ်တင်စီးတဲ့ အဲယားကွန်းရထားကြီးလည်း ဒီပုံအတိုင်းသာ ဆိုရင် သက်ဆိုးရှည်မှာမဟုတ်ပါဘူး။ မကြာခင် အရွယ်ကျအိုနသွားတော့

မှာပါပဲ။ တကယ်တော့ အဲယားကွန်းရထားဟာ လူစီးသီးသန့်ပဲ ဖြစ်သင့်တယ်။

ဒီမိုကရေစီနိုင်ငံ ဖြစ်ချင်တယ်ဆိုရင် နိုင်ငံသားတိုင်းမှာ ဒီမိုကရေစီ စိတ်ဓာတ်တွေမွေးဖို့ လိုပါလိမ့်မယ်။ ဒီနေရာမှာ ရထားစီးခရီးသည်အချင်းချင်း ကိုယ်ချင်းစာနာစိတ်နဲ့ အနှောင့်အယှက်မဖြစ်ရအောင် ခရီးသွားဟန်လွှဲဆိုသလို ရိုင်းပင်းကူညီရမယ်။ ရထားကို မိမိပိုင်ယာဉ်လို သဘောထားပြီး သန့်ရှင်းသပ်ယပ်မှုနဲ့ အပျက်အစီးနည်းအောင် ကိုယ်တတ်နိုင်တဲ့ဘက်က ကာကွယ်စောင့်ရှောက် ထိန်းသိမ်းရမယ်။ နိုင်ငံတော်ပိုင် ရထားပဲဆိုပြီး ကိုယ့်ပစ္စည်းမဟုတ်လို့ ဖျက်လိုဖျက်ဆီးစိတ်နဲ့ မပြုမူသင့်ဘူး။ ရထားပို့ဆောင်ရေးဌာနမှတာဝန်ရှိသူတွေကလည်း ခရီးသွားတွေကို စိတ်ရော ရုပ်ရော အနှောင့်အယှက်ဖြစ်စေမယ့်၊ ရထားရဲ့ ရေရှည်ကြံ့ခိုင်မှုကို အဟန့်အတားဖြစ်စေမယ့် ခရီးသည်၊ ဈေးသည်နဲ့ ကုန်သည်တွေကို အခြေအနေတစ်ခုအထိ ပညာပေး၊ ကြပ်မတ်၊ တားမြစ်၊ အရေးယူသင့်ပါတယ်။ မြို့ပတ်ရထားကြီး အမြဲတမ်းသစ်လွင်ပြီး သက်တမ်း ကြာရှည်စွာ ခရီးဆက်နိုင်ဖို့ ရထားစီး မိဘပြည်သူတွေ အားလုံးမှာ တာဝန်ရှိတယ်။ ဒီတာဝန်တွေဟာ အထက်က ပေးအပ်ခြင်းမရှိတဲ့ လူမှုရေးအရ ဆောင်ရွက်ရမယ့် ပြည်သူ့နီတိ ပရဟိတလုပ်ငန်းတွေပဲလို့ ခံယူထားရမယ်။

အင်းစိန်ဘူတာရောက်တော့လည်း လှည်းတန်းဘူတာလိုပါပဲ။ သိပ်ပြီး ကွာခြားမှု မရှိပါဘူး။ ဒီထက် တိုးတက်ကောင်းမွန်အောင် ပြောင်းလဲခြင်းတွေ အများကြီး ရှေ့ဆက်လုပ်ဆောင်ရဦးမှာပါ။ ဆက်လက်ထွက်ခွာသွားတဲ့ ရထားကြီးကိုငေးပြီး ကျွန်တော်အတွေးတွေပွားမိတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းခဲ့တာ ၅နှစ်ရှိနေပါပြီ။ ဒီမိုကရေစီအခွင့်အရေးကို အပြည့်အဝမပြောနဲ့ တစ်စိတ်တစ်ပိုင်းတောင် ခံစားခွင့်ရရှိဖို့ ပြည်သူတွေ မျှော်လင့်စောင့်စားနေရဆဲပါ။

နို့ပေသိ မြို့ပတ်ရထားပေါ်မှာ ဒီမိုကရေစီအခွင့်အရေးကို အပြည့်အဝ ခံစားရရှိနေတဲ့ တချို့သော ခရီးသွားနဲ့ ဈေးသည်ဆိုတဲ့ လူတန်းစားတစ်ရပ် ရှိနေကြောင်းကိုတော့ တွေးမိပါရဲ့။

***(၂၂. ၂. ၂၀၁၆) စံတော်ချိန်သတင်းစာ***

# တိုက်ပုံ

တိုက်ပုံအင်္ကျီဟာ ဘယ်ခေတ်ဘယ်ကာလကစလို့ ဝတ်စားဆင်ယင်မှုသမိုင်းကြောင်းအရ စတင်ပေါ်ပေါက်ခဲ့တယ်ဆိုတာ ကိုယ်တွေလည်း မသိပေမင့် မြန်မာအမျိုးသားဝတ်စုံ ဖြစ်တယ်ဆိုတာကိုတော့ မြန်မာလူမျိုးတိုင်း သိမယ်ထင်ပါတယ်။ ကျွန်တော်က ဝတ်စုံဒီဇိုင်နာမဟုတ်လေတော့ တိုက်ပုံအင်္ကျီအမျိုးအစား ဘယ်နှစ်မျိုးရှိမယ်ဆိုတာ အသေးစိတ်မသိပါဘူး။ နို့ပေသိ မြင်တွေ့နေကျ တိုက်ပုံအင်္ကျီတွေကို ကြည့်ပြီး ရိုးရိုးတိုက်ပုံနဲ့ ရင်ဖုံးတိုက်ပုံရယ်လို့ သိထားမင့်တာကိုး။ ဒါ့အပြင် တိုင်းရင်းသားရိုးရာ တိုက်ပုံအင်္ကျီတွေလည်း ရှိသေးတာပဲ့။

နေ့စဉ် ရုံးတက်ရုံးဆင်း၊ ဘုရားသွားကျောင်းတက် မြန်မာအမျိုးသားများဝတ်နေကျ တိုက်ပုံက ရိုးရိုးတိုက်ပုံ အင်္ကျီဖြစ်မယ်ထင်တယ်။ အလှူအတန်း၊ မင်္ဂလာဆောင်နဲ့ပွဲနေပွဲထိုင် အခမ်းအနားတွေမှာ ရင်ဖုံးတိုက်ပုံဝတ်နေကြတာကိုတော့ တွေ့နေရသား။ ဘယ်လိုပဲဖြစ်ဖြစ် တိုက်ပုံအင်္ကျီ ဝတ်လိုက်တယ်ဆိုရင်ပဲ မြန်မာအမျိုးသားတွေအဖို့ သပ်ရပ်သန့်ရှင်းပြီး တည်ကြည်ခန့်ညားသွားတယ်လို့ ထင်ရရော။ နို့ပေတဲ့ တိုက်ပုံအင်္ကျီကို ခေတ်မီဆန်းသစ်အောင် ရင်ဘတ်မှာ ဘော်ကြယ်တွေ ထိုးကြ၊ ကနုတ်ပန်းတွေဖော်ကြတာကိုတော့ ကြည့်မကောင်းဘူးလို့ ထင်တာပဲ။ အဲသဟာလည်း ကိုယ်တစ်ယောက်တည်းရဲ့ အမြင်ပါ။

သို့နှယ် တိုက်ပုံအင်္ကျီကို သူ့ချည်းသပ်သပ်ဝတ်လို့ရတယ်ဆိုပေမင့်

လည်ကတုံးရှပ်အင်္ကျီ၊ အဆင်လှလှ ပုဆိုးလေးနဲ့များ ဝတ်လိုက်ရရင် ပိုမိုကြည့်ကောင်းပြီး ထည်ထည်ဝါဝါနဲ့ ရှင်ရှိုသေ လူရိုသေဖြစ်သွားတာက တော့ အမှန်ပဲဗျာ။ စကားစပ်မိလို့ တိုက်ပုံအင်္ကျီအကြောင်းကို အစချီခဲ့ ပေမယ့် တကယ်တော့ ကျွန်တော်ပြောချင်တာက ကျွန်တော့်အဖေ အကြောင်းပါ။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစကာလ ကျွန်တော်လူမှန်းသိ တတ်တဲ့အချိန်မှာ အဖေဟာ ရန်ကုန်စစ်ရုံးမှာ တပ်ကြပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်တယ်ဆိုတာကိုတော့ မှတ်မိနေတယ်။ ကျွန်တော် အလယ်တန်းကျောင်းသားအရွယ် မှတ်မှတ်သားသား ရှိလာတဲ့အခါ မှာတော့ အဖေဟာ ဝန်ကြီးချုပ်ဦးနုဦးဆောင်တဲ့ ပါလီမန်ဒီမိုကရေစီ အစိုးရအပေါ် အားပေးယုံကြည်သူလို့ မြင်တွေ့လာတယ်။ ဗိုလ်ချုပ် အောင်ဆန်း ချမှတ်ခဲ့တဲ့ ဒီမိုကရေစီလမ်းစဉ်ကို လက်ခံရမယ်လို့လည်း ပြောဖူးတယ်။ တာဝန်ထမ်းဆောင်တဲ့ရက်တွေမှာ စစ်ယူနီဖောင်းကို စမတ်ကျကျဝတ်ဆင်လေ့ရှိသလို ရုံးနားရက်တွေမှာ ကိစ္စရှိလို့ အပြင်သွား တိုင်း အဖေဟာ မြန်မာအမျိုးသားဝတ်စုံဖြစ်တဲ့ လည်ကတုံးအင်္ကျီ၊ ပုဆိုးနဲ့ တိုက်ပုံ ဝတ်လေ့ရှိတာကိုတော့ သတိထားမိပါရဲ့။

လူလတ်ပိုင်းအရွယ်ကတည်းက မျက်မှန်တပ်ခဲ့ရတဲ့ အဖေဟာ ပုဆိုးနဲ့တိုက်ပုံအင်္ကျီဝတ်ပြီး အပြင်သွား တော့မယ်လုပ်ရင် ကျွန်တော်တို့ သားသမီးတွေက ငေးပြီးကြည့်ရလောက်အောင်ကို ရုပ်ရည်က သန့်ပြန့် တယ်။ ဒါတင်ကရိုးလားဆိုတော့ သူ့ခေတ်သူ့အခါက နာမည်ကျော် ရုပ်ရှင်မင်းသားကြီး ကောလိပ်ဂျင်နေဝင်းထက်တောင် ပိုမိုခန့်ညားတယ် လို့ ပြောရမင့်ဟာကိုး။

ထားပါတော့။ ဒီနေရာမှာ အဖေက ပုဆိုးနဲ့တိုက်ပုံအင်္ကျီကို လွတ် မြတ်နိုးကြောင်း ပြောချင်တာပါ။ ပြောမယ့်သာပြောရတာ အဖေဟာ အခြားအဆင့် တပ်မတော်သားတစ်ဦးသာဖြစ်ပြီး ချို့ငဲ့ခဲ့တာမို့ အဲဒီတုန်း သူ့မှာ ရွှေဖလားရောင် ပိုးတိုက်ပုံတစ်ထည်၊ ပင်နီတိုက်ပုံတစ်ထည်နဲ့ ဘန်ကောက်ပိုဆိုးနှစ်ထည်လောက်သာ ရှိခဲ့တာကလား။ တစ်နေ့မှာ ကျွန် တော်က အဖေကို ဘယ်နှာကြောင့်များ တိုက်ပုံအင်္ကျီကို ဒီလောက်နှစ် သက်ရသလဲလို့ မေးမိတော့။ မြန်မာအမျိုးသားရေးလက္ခဏာမှာ တိုက်ပုံ

အကျီဟာ မရှိမဖြစ်သင်္ကေတတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာ တစ်ထောင့်တစ်နေရာက ပါဝင်ခဲ့တဲ့ သခင်အဖွဲ့အစည်းရဲ့ ဝတ်စုံဖြစ်ကြောင်း၊ တိုက်ပုံအကျီဝတ်လိုက်ရင် တည်ကြည်ခန့်ညားလာပြီး သီလကို ထိန်းသိမ်းချင်တဲ့စိတ်တွေပေါ် ပေါက်လာကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှာ ပင်နီတိုက်ပုံအကျီဝတ်ပြီး အာရှလူငယ်အဖွဲ့မှာ သူကိုယ်တိုင် တက်ကြွစွာပါဝင်ခဲ့ကြောင်း၊ တိုက်ပုံအကျီဝတ်ပြီး ပိုးပုဆိုးကို မကာမကာ ခပ်သွက်သွက်လမ်းလျှောက်တတ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို အားကျ အတုယူခဲ့တယ်လို့ အဖေကဆိုတယ်။ သဟာလည်း သူတစ်ယောက်တည်းရဲ့ သဘောထားဖွင့်ဆိုချက်ဖြစ်လို့ ရာနှုန်းပြည့် မှန်ချင်မှ မှန်လိမ့်မပေါ့။

ကျွန်တော်ဘွဲ့ရတော့ အဖေက ကျွန်တော့်ကို ဆူလွယ်နပ်လွယ် ကျောင်းဆရာအလုပ် ဝင်လုပ်ပါလားတဲ့လေ။ ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွန်တော်တို့ မောင်နှမတစ်တွေက ရှစ်ယောက်တောင်ဆိုတော့ အဖေလည်း ပန်းလှရှာ့။ အဖေလောဆော်မှုကြောင့် ကျောင်းဆရာဝင်လုပ်ခဲ့ပေမင့် စိတ်က သိပ်ပါလှတာမဟုတ်။ မူလတန်းပြဆရာအလုပ် စဝင်တော့ ကျွန်တော့်မှာ ဝတ်စရာတိုက်ပုံအကျီက မရှိ။ သဟာကြောင့် အဖေက သူ့ပင်နီတိုက်ပုံလေးတစ်ထည် ကျွန်တော့်ကို ပေးပါတယ်။ ကိုယ်ထည် အလုံးအဖန်က သိပ်မကွာတော့ အဖေ့တိုက်ပုံအကျီက ကျွန်တော်နဲ့ ကွက်တိ။ အနီးတိုက်ပုံလေးဝတ်ပြီး စိတ်ခွန်အားတွေတိုးလာသလို ကျောင်းဆရာဘဝကို ခန့်ခန့်ထည်ထည်နဲ့ ဖြတ်ကျော်ခဲ့ရတာကို လွမ်းမိတယ်။ ဆောင်းရာသီကျောင်း ဖွင့်ရက်တွေမှာ အဖေ့တိုက်ပုံ အကျီလေးဝတ်ပြီး စာသင်ရတာ ငယ်ငယ်တုံးက အဖေ့ရင်ခွင်ထဲရောက်နေသလိုမျိုး နွေးနွေးထွေးထွေးနဲ့ နေခဲ့ရတယ်။ အခုတိုင်အောင် ရင်တလှပ်လှပ်နဲ့ သတိရနေတုံး။ ကျွန်တော့်အဖေ မြတ်နိုးသလို ကျွန်တော်လည်း တိုက်ပုံအကျီကို မြတ်နိုးခဲ့တယ်။ တိုက်ပုံမချွတ်တမ်းဝတ်ရတဲ့ ကျောင်းဆရာဘဝကို ဆယ်စုနှစ်တစ်ခုကျော်လောက်လျှောက်လှမ်းခဲ့တော့ တိုက်ပုံအကျီလေးထည် လောက် စုမိနေပြီလေ။

အသက် ၆၀ ပြည့်လို့ တပ်မတော်သားဘဝကနေ ပင်စင်ယူပြီး တော့ အဖေ့မှာ ပြင်ပကို သွားစရာလာစရာကိစ္စတွေ များလာတယ်။

မဆလခေတ်ဆိုတော့ ရပ်ကွက်ထဲမှာ ပါတီစိတ်မှူးတာဝန်ယူရတယ်။ ပါတီအစည်းအဝေး မကြာခဏ တက်ရတယ်။ ရပ်ကွက်သာရေးနာရေး အသင်းမှာလည်း နာယက လုပ်ရတယ်။ ဥပုသ်နေ့တိုင်း ဘုန်းတော်ကြီးကျောင်းသွားပြီး သီလယူတရားနာတယ်။ လတိုင်းလတိုင်း မြန်မာ့စီးပွားရေးဘဏ်မှာ ပင်စင်သွားထုတ်ရတယ်။ အပြင်သွားတိုင်း အဖေက တိုက်ပုံဝတ်နေမင့်တာဖြစ်တော့ အဲဒီအင်္ကျီလေးတွေက နွမ်းဖျော့ဖျော့ဖြစ်လာတယ်။ သဟာကြောင့် သားဖြစ်သူ ကျွန်တော့်ကို သူဝတ်ချင်တဲ့အရောင်နဲ့ တိုက်ပုံအင်္ကျီနှစ်ထည်ချုပ်ပေးဖို့ အဖေက ပူဆာလာတာကလား။ အမေကတော့ အဖေ့ကို အရွယ်လွန်နေပြီပဲ တော်လောက်ရောပေါ့လို့ သားအဖကြားထဲကနေ တားရှာသေးတယ်။

ကျွန်တော်လည်း အဖေလိုချင်တဲ့ တိုက်ပုံအင်္ကျီကို သူကြိုက်တဲ့ အရောင်အတိုင်း လေးထည်လောက် ချုပ်ပေးခဲ့တယ်။ ကျွန်တော်ချုပ်ပေးခဲ့တဲ့ တိုက်ပုံအင်္ကျီဝတ်ရင်း ပီတိပြုံးနဲ့ ပင်စင်သွားထုတ်တတ်တဲ့၊ ခန့်ညားတည်ကြည်စွာ ဘုန်းကြီးကျောင်းသွားတတ်တဲ့ အဖေ့ကိုမြင်တိုင်း ကိုယ့်ရင်ထဲမှာ ဖော်မပြနိုင်တဲ့ ကျေနပ်မှုတွေက သိမ့်သိမ့်ခါလို့။

ကျွန်တော် အထက်တန်းကျောင်းအုပ်ကြီးဖြစ်တဲ့ နှစ်မှာအဖေကွယ်လွန်ပါတယ်။ အဖေကွယ်လွန်တဲ့အချိန်မှာ အသက်က ၈၅ နှစ်ရှိနေပြီလေ။ စစ်အစိုးရအာဏာသိမ်းပြီးနောက်ပိုင်း အဖေဟာ သူလေးစားကြည်ညိုခဲ့ရပြီး တိုက်ပုံအင်္ကျီဝတ်ထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကွယ်ပျောက်လုနီးနီးဖြစ်နေတဲ့ ဓာတ်ပုံကိုနှစ်ပေါင်းများစွာ ခိုးကြောင်ခိုးဝှက်နဲ့ ကြည့်ကာ ကွယ်လွန်ခဲ့ရရှာတယ်။ ကျန်ရစ်တဲ့အဖေ့သေတ္တာကို အမေကဖွင့်ပြတော့ အဖေ လွှတ်မြတ်နိုးတဲ့ တိုက်ပုံအင်္ကျီလေးထည် ကျန်ခဲ့တယ်။ အဖေက သူကွယ်လွန်ခဲ့ရင် သူ့တိုက်ပုံအင်္ကျီတွေကို သားကြီးဖြစ်တဲ့ ကျွန်တော့်ကိုပေးဖို့ မှာခဲ့တယ်လို့ အမေက မျက်ရည်စမ်းစမ်းနဲ့ ပြောရှာတယ်။ အဖေက ဘယ်ပစ္စည်းမဆို တရိုတသေ သိမ်းဆည်းတတ်တယ်လေ။ တစ်ထည်ဆို ဆိုသလောက် နှစ်တော်တော်ကြာအထိ ဝတ်နိုင်တဲ့ အဖေ့တိုက်ပုံလေးထည်စလုံး သစ်သစ်လွင်လွင် ရှိနေခဲ့တာကလား။

ဆိုရရင် ကျွန်တော်လည်း အမွေအဖြစ် အဖေချန်ရစ်ခဲ့တဲ့ တိုက်ပုံအင်္ကျီတွေကို ဝတ်ရင်းသက်ပြည့်ပင်စင်ယူတဲ့အထိ ပညာရေးတာဝန်တွေ

ကို အသားကျလည်ပတ်ထမ်းဆောင်ခဲ့တယ်။ စကားမစပ် ပြောရဦးမယ်။ ချင်းပြည်နယ်မှာ တာဝန်ထမ်းဆောင်ရင်း ရက်ရှည်ဖျားနာခဲ့ဖူးပါတယ်။ ကလိုဖျားနာတဲ့အချိန်မျိုးမှာ အဖေပေးခဲ့တဲ့ တိုက်ပုံအင်္ကျီလေးကို ဝတ်လိုက်တဲ့အခါ အနွေးဓာတ်တွေရလာပြီး ရောဂါပျောက်ကင်းခဲ့တယ်ဆိုပါတော့။ အဲသဟာက အသက် ၅၀ ကျော်သားရဲ့ဝေဒနာကို အဖေ့ကိုယ်စားသူ့ရဲ့ တိုက်ပုံအင်္ကျီကလေးက ပေးလာတဲ့ နွေးထွေးတဲ့ မေတ္တာရင်ငွေ့ကြောင့် ပါပဲ။

တိုက်ပုံအင်္ကျီနဲ့ ဆက်စပ်နီးနွယ်ပြီး အတိတ်ကို ပြန်တူးဆွကြည့်ရင် မြန်မာပြည်မှာ ရိုးရာပင်နီတိုက်ပုံအင်္ကျီ မဝတ်ရဲလောက်အောင် အနိုင်ကျင့်နှိပ်စက်ခဲ့တဲ့ ခေတ်တစ်ခေတ်က ရှိခဲ့တာကလား။ ဒီ့အပြင် အာဏာရှင်ခေတ် တစ်ခေတ်လုံးမှာ ဗိုလ်ကျစိုးမိုးခြင်းခံခဲ့ရလို့ ကျွန်တော်တို့လို တိုက်ပုံအင်္ကျီဝတ် ပြည်သူတွေ၊ အရပ်သားဝန်ထမ်းတွေ အရိုးကွဲအောင်၊ အသဲပေါက်အောင်ရရှိလာတဲ့ နာတာရှည်ဝေဒနာတွေက အခုမှသက်သာခါစ ရှိသေး။

ခုနှယ်ခါများ အဖေရှိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ။ သူ အလွန်မြတ်နိုးတဲ့ ပင်နီတိုက်ပုံ အင်္ကျီဝတ်ထားသူ ကိုယ်စားလှယ်တွေ၊ လွှတ်တော်တွေထဲမှာ အစိုးရအဖွဲ့တွေထဲမှာ နိုင်းချင်းဆိုတာကိုတွေ့ရရင်။ ကျွန်တော်ကတော့ အဖေများ သက်ရှိထင်ရှားရှိနေဦးမယ်ဆိုရင် အဖေ လွှတ်ကြိုက်တဲ့ပင်နီတိုက်ပုံအင်္ကျီနဲ့ ပင်နီမောင့်ကြက်သရေ ခေါင်းပေါင်း ဝတ်ခိုင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ အရွေးခံဖို့ တွန်းအားပေးလိုက်ချင်ပါသေးရဲ့။

ဆိုတော့ကာ ဒီမိုကရေစီနိုင်ငံသစ်ဆီကို ရောက်လုနီးပါပေါ့လား လို့ အားကျိုးမာန်တက်မျှော်လင့်နေတဲ့အဖေ့ တိုက်ပုံအင်္ကျီလေးတွေက သစ်လွင်နေဆဲ ငယ်ရုပ်ဆင်နေဆဲပါပဲလို့ တမလွန်ဘဝက အဖေကြားအောင် အော်လိုက်ချင်တယ်ဟာရို့။

***(၂၀. ၈. ၂၀၁၆) စံတော်ချိန်သတင်းစာ***

# လည်ကတုံးအင်္ကျီ

စတစ်ကော်လံလို့ခေါ်တဲ့ လည်ကတုံးအင်္ကျီဟာ ဘယ်ခေတ်ဘယ်ကာလကစလို့ ဝတ်စားဆင်ယင်မှုသမိုင်းကြောင်းအရ စတင်ပေါ်ပေါက်ခဲ့တယ်ဆိုတာ ကိုယ်တွေလည်း မသိပေမင့် မြန်မာအမျိုးသားဝတ်စုံဖြစ်တယ်ဆိုတာကိုတော့ မြန်မာလူမျိုးတိုင်းသိမယ်ထင်ပါတယ်။ ကျွန်တော်က ဝတ်စုံဒီဇိုင်နာမဟုတ်လေတော့ လည်ကတုံးအင်္ကျီ ဘယ်နှစ်မျိုးရှိမယ်ဆိုတာ အသေးစိပ်မသိပါဘူး။ သို့ပေတဲ့ မြင်တွေ့နေကျ အဲဒီအင်္ကျီတွေကိုကြည့်ပြီး ရိုးရိုးနဲ့ ခေတ်ဆန်း အင်္ကျီရယ်လို့ သိထားမင့်တာကိုး။ ဒါ့အပြင် တိုင်းရင်းသားရိုးရာလည်ကတုံးအင်္ကျီတွေလည်း ရှိနေသေးတာပေါ့။

နေ့စဉ် ရုံးတက်ရုံးဆင်း၊ ဘုရားသွားကျောင်းတက် မြန်မာအမျိုးသားများဝတ်နေကျ အင်္ကျီက ရိုးရိုးလည်ကတုံး ဖြစ်မယ်ထင်တယ်။ အလှူအတန်း၊ အင်္ဂလာဆောင်နဲ့ ပွဲနေပွဲထိုင်အခမ်းအနားတွေမှာ ခေတ်ဆန်ဆန် ဝတ်နေကြတာကိုတော့ တွေ့နေရသား။ ဘယ်လိုပဲဖြစ်ဖြစ် လည်ကတုံး အင်္ကျီဝတ်လိုက်တယ်ဆိုရင်ပဲ မြန်မာအမျိုးသားတွေအဖို့ သပ်ရပ်သန့်ရှင်းပြီး တည်ကြည်ခန့်ညားသွားတယ်လို့ ထင်ရရော။ နို့ပေတဲ့ လည်ကတုံးအင်္ကျီကို ခေတ်မီဆန်းသစ်အောင် စတစ်ကော်လံမှာ ဘော်ကြယ်တွေထိုးကြ၊ ကနုတ်ပန်းတွေဖော်ကြတာကို တွေ့ရတော့ ဇာတ်ဟန်ဆန်နေတယ်လို့ ထင်တာပဲ။ အဲ့သဟာလည်း ကိုယ်တစ်ယောက်တည်းရဲ့ အမြင်ပါ။

သို့နှယ် လည်ကတုံးအင်္ကျီကို အဆင်လှလှယောပုဆိုး ဒါမှမဟုတ် ရခိုင်ပုဆိုးလေးနဲ့များ ဝတ်လိုက်ရရင် ပိုမိုကြည့်ကောင်းပြီး ထည်ထည် ဝါဝါနဲ့ လူရှိသေရှင်ရှိသေဖြစ်သွားတာကတော့ အမှန်ပဲဗျာ။ ကျွန်တော် လူမှန်းသိတတ်တဲ့အချိန်မှာ အဖေဟာ မြန်မာအမျိုးသားဝတ်စုံဖြစ်တဲ့ လည်ကတုံးအင်္ကျီ ပုဆိုးနဲ့တိုက်ပုံဝတ်လေ့ရှိတာကိုတော့ သတိထားမိပါရဲ့။ ဒီနေရာမှာ ကျွန်တော့အဖေက လည်ကတုံးအင်္ကျီကိုလွတ်မြတ်နိုးကြောင်း ပြောချင်တာပါ။

တစ်နေ့မှာ ကျွန်တော်ကအဖေ့ကို ဘယ်နှာ့ကြောင့်များ လည် ကတုံးအင်္ကျီကို ဒီလောက်နှစ်သက်ရသလဲလို့ မေးမိတော့။ မြန်မာအမျိုး သားရေးလက္ခဏာမှာ လည်ကတုံးအင်္ကျီဟာ မရှိမဖြစ်သင်္ကေတတစ်ခု ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာဝတ်စုံဖြစ်ကြောင်း၊ လည်ကတုံးအင်္ကျီဝတ်လိုက် ရင် တည်ကြည် ခန့်ညားလာပြီး ကိုယ်ကျင့်သီလကို ထိန်းသိမ်းချင်တဲ့ စိတ်တွေပေါ်လာကြောင်း၊ သောင်းကျော်တန်စပို့ရှပ်တွေ၊ တီရှပ်တွေ၊ ဖော်ရိန်းရှပ်တွေ ဝတ်ရတာထက်စာရင် ချည်ထည်ဖွေးဖွေးလေးနဲ့ ချုပ် ထားတဲ့ လည်ကတုံးအင်္ကျီကို ပိုမြတ်နိုးတယ်လို့ အဖေက ဆိုပါတယ်။ သဟာလည်း သူတစ်ယောက်တည်းရဲ့ သဘောထားဖွင့်ဆိုချက်ဖြစ်လို့ ရာနှုန်းပြည့်မှန်ချင်မှ မှန်ပေလိမ့်မပေါ့။

ကျွန်တော်ဘွဲ့ရတော့ ဆူလွယ်နပ်လွယ်ကျောင်းဆရာအလုပ်ကို ဝင်လုပ်ခဲ့ရတယ်။ အဖေ့လောဆော်မှုကြောင့် ကျောင်းဆရာဝင်လုပ်ခဲ့ရ ပေမင့် စိတ်ကသိပ်ပါလှတာမဟုတ်။ မူလတန်းပြဆရာအလုပ် စဝင်တော့ ကျွန်တော့်မှာ ဝတ်စရာလည်ကတုံးအင်္ကျီက သစ်သစ်လွင်လွင်မရှိ။ သဟာ ကြောင့် အဖေက သူ့လည်ကတုံးအသစ်ကလေးတစ်ထည် ကျွန်တော့်ကို ပေးပါတယ်။ ကိုယ်ထည်အလုံးအဖန်က သိပ်မကွာတော့ အဖေ့အင်္ကျီက ကျွန်တော်နဲ့ကွက်တိ။ အဲ့ဒီလည်ကတုံးအင်္ကျီလေးဝတ်ပြီး စိတ်ခွန်အား တွေ တိုးလာသလို ကျောင်းဆရာဘဝကို ခန့်ခန့်ထည်ထည်နဲ့ ဖြတ်ကျော် ခဲ့ရတာကို လွမ်းမိတယ်။ အဖေ့လိုပဲ ကျွန်တော်လည်း လည်ကတုံးအင်္ကျီ ကို မြတ်နိုးမိခဲ့တယ်။ လည်ကတုံးအင်္ကျီ မချွတ်တမ်းဝတ်ရတဲ့ ကျောင်း ဆရာဘဝကို ဆယ်စုနှစ်တစ်စုလောက်လျှောက်လှမ်းခဲ့လေတော့ အဖြူ ရောင်လည်ကတုံးအင်္ကျီငါးထည်လောက် စုမိနေပြီလေ။

အဲ့သဟာအပြင် ဇနီးသည်ကလည်း ကျွန်တော်ဝတ်ချင်တဲ့ လည်ကတုံးအင်္ကျီကို ကိုယ်ကြိုက်တဲ့အရောင်အတိုင်း လေးထည်လောက်ဝယ်ပေးခဲ့တယ်။ သူဝယ်ပေးခဲ့တဲ့ လည်ကတုံးအင်္ကျီဝတ်ရင်း ပီတိအပြုံးနဲ့ အပြင်သွားတတ်တဲ့ ကျွန်တော့်ကိုမြင်တိုင်း ရင်ထဲမှာ ဖော်မပြနိုင်တဲ့ ကျေနပ်မှုတွေက သိမ့်သိမ့်ခါနေတယ်လို့ ဇနီးသည်က ပြောရှာတယ်။ လူလတ်ပိုင်းအရွယ်ကတည်းက မျက်မှန်တပ်ခဲ့ရတဲ့ ကျွန်တော်ဟာ လည်ကတုံးအင်္ကျီနဲ့ ကချင်ပုဆိုးဝတ်ပြီး အပြင်သွားတော့မယ်လုပ်ရင် ရုပ်ရည်မရှိပေမင့် ကြည့်ကောင်းတယ်လို့ သမီးတွေက ပြောကြတယ်။ ဒါတင်ဘယ်ကမလဲ ကျွန်တော့်ကို သူခေတ် သူ့အခါက နာမည်ကျော်ခဲ့တဲ့ သဘာဝမင်းသားကြီး သုမောင်နဲ့တူတယ်လို့ ပြောရမင့်ဟာကိုး။

အသက် ၆၀ ပြည့်လို့ ပညာရေးဝန်ထမ်းဘဝကနေ ပင်စင်ယူတော့ ကျွန်တော့်မှာ အပြင်သွားစရာကိစ္စတွေ များလာတယ်။ သတင်းစာတိုက်နဲ့ ဂျာနယ်တိုက်တွေကို အသွားအလာများလာတယ်။ ရပ်ကွက်သာရေး နာရေးအသင်းမှာ အဖွဲ့ဝင်လုပ်ရတယ်။ ဥပုသ်နေ့တိုင်း ဘုန်းတော်ကြီး ကျောင်းသွားပြီး သီလယူတရားနာတယ်။ လတိုင်းလတိုင်း မြန်မာ့စီးပွားရေးဘဏ်မှာ ပင်စင်သွားထုတ်ရတယ်။ အပြင်သွားတိုင်း ကျွန်တော်ဟာ လည်ကတုံးအင်္ကျီ ဝတ်နေမင့်တာဖြစ်တော့ အဲဒီအင်္ကျီလေးတွေက နွမ်းဖျော့ဖျော့ ဖြစ်လာတယ်။ သဟာကြောင့် သမီးကို ကိုယ်ဝတ်ချင်တဲ့ အရောင်နဲ့ လည်ကတုံးအင်္ကျီနှစ်ထည်ဝယ်ပေးဖို့ ပူဆာမိတာကလား။ အဲဒီအခါမတော့ ဇနီးလုပ်သူက ကျွန်တော်ကို အရွယ်လွန်နေပြီပဲ တော်လောက်ရောပေါ့လို့ သားအဖကြားထဲကနေတားရှာသေးတယ်။

ကျွန်တော်က ဘယ်ပစ္စည်းမဆို တရိုတသေကိုင်တွယ်တတ်တယ်လေ။ တစ်ထည်ဆို ဆိုသလောက် နှစ်တော်တော်ကြာတဲ့အထိ ဝတ်နိုင်ပြီး ဇနီးဝယ်ပေးခဲ့တဲ့ လည်ကတုံးအင်္ကျီ လေးထည်စလုံး သစ်သစ်လွင်လွင်မရှိပေမင့် စုတ်ပြဲခြင်းမရှိဘဲ ပကတိအကောင်းအတိုင်း ငယ်ရုပ်ဆင်နေခဲ့တာကလား။ ဆိုရရင် ကျွန်တော်လည်း ဇနီးဖြစ်သူဝယ်ပေးခဲ့တဲ့ လည်ကတုံးအင်္ကျီတွေဝတ်ရင်း အသက် ၆၀ ကျော်တဲ့အထိ မိသားစုတာဝန်တွေနဲ့ လူမှုရေးတာဝန်တွေကို အသားကျလည်ပတ်ထမ်းဆောင်ခဲ့တယ်။

စကားမစပ် ပြောရဦးမယ်။ ဆက်စပ်နှီးနွှယ်ပြီး အတိတ်ကို ပြန်

တူးဆွကြည့်ရင် မြန်မာပြည်မှာ အာဏာရှင်ခေတ်တစ်ခေတ်လုံး ဗိုလ်ကျ စိုးမိုးခြင်းခံခဲ့ရလို့ ကျွန်တော်တို့လို လည်ကတုံးအင်္ကျီဝတ် ပညာရေး ဝန်ထမ်းတွေ၊ အရပ်သားဝန်ထမ်းတွေ (မိုးကျရွှေကိုများ မပါဝင်ပါ)၊ ပြည်သူတွေအရိုးကွဲအောင်၊ အသည်းပေါက်အောင်ရရှိလာတဲ့ နာတာ ရှည်ဝေဒနာတွေက အခုမှသက်သာခါစရှိသေး။

ခုနှယ်ခါ လည်ကတုံးအင်္ကျီနဲ့ ပင်နီတိုက်ပုံဝတ်ထားတဲ့ ကိုယ်စား လှယ်တွေ လွှတ်တော်ထဲမှာ အစိုးရဖွဲ့တွေထဲမှာ နိုင်းချင်းဆိုတာ တွေ့ရ တော့ ဝမ်းသာလို့ မဆုံးနိုင်ပေဘူး။ ကျွန်တော်ကတော့ ၂၀၂၀ အထိ သက်ရှိထင်ရှား ရှိနေဦးမယ်ဆိုရင် ကျွန်တော်လွှတ်ကြိုက်တဲ့ လည်ကတုံး အင်္ကျီ၊ ပင်နီတိုက်ပုံနဲ့ ပင်နီမောင့်ကြက်သရေခေါင်းပေါင်းဝတ်ပြီး လွှတ် တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ အရွေးခံဖို့ စိတ်ကူးလိုက်ချင်ပါ သေးရဲ့။

နေ့ဖြင့် လွှတ်တော်အသီးသီးမှာ ဒီမိုကရေစီစံနှုန်းနဲ့ ကိုက်ညီပြီး မြန်မာဆန်တဲ့ လည်ကတုံးအင်္ကျီဝတ် လွှတ်တော်ကိုယ်စားလှယ်တွေ ရာနှုန်းပြည့်ရောက်ရှိလာမယ့်နေ့ကို မျှော်လင့်နေကြောင်းပါလို့ ပြည်သူ တွေကြားအောင် ဟစ်လိုက်ချင်တယ်မောင်ရို့။

***(၁၆. ၁၂. ၂၀၁၆) စံတော်ချိန်သတင်းစာ***

# ရင်ထဲက လူရည်ချွန်

ကျွန်တော်အလယ်တန်းကျောင်းသားဘဝလောက်မှာ လူရည်ချွန် စီမံကိန်းပေါ်ပေါက်နေပြီဆိုတာ မှတ်မိနေတယ်။ နေခဲ့တဲ့ ကျောင်းက လူရည်ချွန်တွေ ထွက်ပေါ်ခဲ့တာကိုလည်း အားကျဂုဏ်ယူခဲ့ရတယ်။ ကိုယ်ကိုယ်တိုင်က စာပေထူးချွန်တဲ့အထဲမှာ ပါခဲ့ပေမယ့် ကိုယ့်ထက်တော်တဲ့သူတွေ လူရည်ချွန်ဖြစ်တာကို လေးစားပြီး မုဒိတာဖြစ်ခဲ့တယ်။ အဲဒီတုန်းက စာပေထူးချွန်တဲ့သူတွေကို လူရည်ချွန်အဖြစ် ဇောင်းပေးရွေးချယ်ခဲ့တယ်လို့ထင်တာပဲ။ ဘက်စုံအရည်အချင်းကို စစ်ဆေးတယ်ဆိုပေမယ့် အားကစား၊ ဗဟုသုတနဲ့ ကျန်းမာကြံ့ခိုင်ရေးတို့ကို အပယိက သဘောမျိုးလောက်သာ စစ်ဆေးတယ်လို့ ယူဆမိပါရဲ့။ ဒါကလည်း ကျွန်တော်တစ်ယောက်တည်းရဲ့ ထင်မြင်ချက်ဖြစ်လို့ မှန်ချင်မှမှန်မှာပေါ့။

အဲဒီခေတ်တုန်းက လူရည်ချွန်ရခဲ့ဖူးတဲ့သူတွေဟာ စာပေဘက်မှာ ထူးချွန်သူတွေများလို့ ဆယ်တန်းအောင်ပြီးရင် တက္ကသိုလ်တက်ပြီး ဆရာဝန်တို့၊ အင်ဂျင်နီယာတို့၊ တပ်မတော်အရာရှိတို့ ဖြစ်ကြတာ များပါတယ်။ သူတို့လူရည်ချွန်တွေထဲမှာ ကျောင်းဆရာလုပ်တဲ့သူရှားတယ်လို့ ပြောချင်တာပါ။

ကျွန်တော်က ကျောင်းဆရာလုပ်ဖို့ စိတ်ကူးမယဉ်ခဲ့ပေမယ့် ကံတရားအလှည့်အပြောင်းကြောင့် ကျောင်းဆရာ ဖြစ်ခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် ကျောင်းဆရာဘဝမှာ နှစ်ပေါင်း ၄၀ လောက် ကျင်လည်ခဲ့ပြီး

တော့လည်း စာမသင်ရမနေနိုင် မဟုတ်တဲ့တိုင်အောင် ဘယ်လိုပြောရမလဲ။ ကျောင်းဆရာပိုးကတော့ ကိုယ်ခန္ဓာထဲ ပျံ့နှံ့နေဆဲပဲ။ အသက်အရွယ်ရလာတဲ့အလျောက် ပင်စင်ယူခဲ့ရပေမယ့် ပညာရေးနဲ့ပတ်သက်တဲ့ ခံစားမှုတွေမှာ ရှုးသွပ်ဆဲဆိုပါတော့လေ။ ကိုယ်တွေက ကျောင်းဆရာတစ်ပိုင်း စာရေးဆရာတစ်ပိုင်း ဖြစ်ခဲ့လေတော့ ကျောင်းဆရာဇာတ်ရုပ်တွေဆို စိတ်ဝင်တစား ရှိခဲ့တာကလား။

ဇူလိုင်လထဲကလောက်ထင်တယ်။ MRTV-4 ရုပ်သံလိုင်းက ည ၇ နာရီနောက်ပိုင်းမှာပြသတဲ့ မြန်မာဇာတ်လမ်းတွဲကို တစ်ပိုင်းတစ်စ ကြည့်ဖြစ်တယ်။ အစကတော့ သမန်ကာလျှန်ကာ ကြည့်တာပေါ့။ နောက်တော့ အဲဒီဇာတ်လမ်းလေးအပေါ်မှာ ကိုယ်ကိုယ်တိုင်က စွဲစွဲမြဲမြဲမြဲဖြစ်လာသလိုပဲ။ ဇာတ်လမ်းကလည်း ကိုယ့်ဘဝနဲ့နီးစပ်တယ်လေ။ တောရွာမှာ ကျောင်းဆရာလုပ်တဲ့ လူရွယ်တစ်ယောက် အကြောင်းဆိုတော့ကာ။ နာမယ်က 'လူရည်ချွန်'တဲ့။ အဲဒီဇာတ်လမ်းတွဲကို အစပိုင်းကတည်းက ကြည့်ဖြစ်တာမဟုတ်ပေသိကိုယ်ကြည့်ရတဲ့ အပိုင်းကစလို့ ဇာတ်သိမ်းပိုင်းအထိ ကိုယ့်ရင်ဘတ်တစ်ခုလုံးကို သိမ်းပိုက်ဖမ်းစားသွားနိုင်တယ်။

ရိုက်ကူးသူက ဒါရိုက်တာ ကိုသောင်းတဲ့။ သူ့လက်ရာက တကယ်ကောင်းတာပဲ။ သူ့ကိုမြင်ဖူးဖို့ နေနေသာသာ နာမည်ကိုတောင် အခုမှပဲ ကြားဖူးတာကလား။ ကိုယ့်နံမည်နဲ့ တစ်ထပ်တည်းကျနေပေမယ့် သူက ဒါရိုက်တာ ကိုယ်ကမထင် ရှားတဲ့စာရေးဆရာ။ အများကြီးကွာပါတယ်။ သူ့နာမည်ကို အခုမှ သိရတာကလည်း သူ့နာမည်မကြီးလို့မဟုတ်လောက်ဘူး။ ကိုယ်တွေက ရုပ်ရှင်တို့ တီဗွီဇာတ်လမ်းတို့ကို အကြည့်နည်းတာ ဖြစ်လောက်တယ်။ ကျွန်တော်က သူ့လက်ရည်ကို သိချင်လို့မိတဲ့အပိုင်းကနေ ဇာတ်သိမ်းပိုင်းအထိပြီးအောင် ကြည့်ခဲ့တယ်။ သူ့ကို အထင်ကြီးလေးစားသွားပြီ။ တော်လှချည်လားလို့ နှုတ်ကတောင် ချီးကျူးမိပြန်ရော။ သူကဇာတ်ကောင်တွေကို သူ့နေရာနဲ့သူ ခွင်ကျအောင် ကိုင်တွယ်ထားတော့ ဇာတ်ရှိန်က ပိုတက်နေတယ်။

ဇာတ်လမ်းကျောရိုးက ရိုးရိုးရှင်းရှင်းပါပဲ။ ရန်ကုန်မှာနေတဲ့ ရွှေကုန်သည်မိဘနှစ်ပါးမှာ တစ်ဦးတည်းသောသား တစ်ယောက်ရှိခဲ့တယ်။ ခုခေတ်ခုခါအလိုက် လူငယ်သဘာဝပိုက်ဆံရှိသားသမီးတွေထုံး နှလုံးမူပြီး

ပေါ့ပေါ့နေပေါ့ပေါ့စားဘဝနဲ့ ခေတ်ရေစီးကြောင်းထဲမှာ မျောချင်တိုင်း မျောနေတာပေါ့။ ဖအေဖြစ်သူက သားလုပ်သမျှ ကိစ္စအဝဝကိုအား မလို အားမရဖြစ်လာလို့ သားအပေါ်မှာ စိတ်ပျက်လာတယ်။ စိတ်ပျက်တယ် ဆိုတာထက် လူ့လောကကို အကျိုးပြုတဲ့ သားကောင်းလူရည်ချွန်တစ် ယောက် ဖြစ်စေချင်တယ်။ သဟာကြောင့် သားလိုချင်တဲ့ ပြိုင်ကားဝယ် ပေးဖို့ သားအဖနှစ်ယောက် အလောင်းအစားတစ်ခု လုပ်ကြတယ်။ ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှာရှိတဲ့ မြောက်တောရွာလေးမှာ ကျောင်းဆရာအဖြစ် တစ်နှစ်လုပ်နိုင်ရင် ပြိုင်ကားဝယ်ပေးမယ်လို့ ကတိ ကဝတ်ပြုကြတယ်ပေါ့။

ဒီလိုနဲ့သားဖြစ်သူ ဇွဲနိုင်က အဲဒီရွာလေးမှာ ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရခဲ့ပြီပေါ့။ မြို့သား တောရောက်တော့လည်း နေရထိုင်ရတာ အဆင်မပြေဘဲ ကမောက်ကမနဲ့ဖြစ်လိုဖြစ်။ ကျောင်း ဆရာအလုပ်ဆိုတာ လွယ်တယ်လို့ထင်ခဲ့တဲ့ ဇွဲနိုင်တစ်ယောက် ကိုယ်တိုင် ကျောင်းဆရာဖြစ်လာတဲ့အခါ မလွယ်ကူမှန်းသိလာရတယ်။ နောက်တော့ တစ်အိမ်တည်းအတူနေ ကျန်းမာရေးမှူး ကိုပြုံးမောင်နဲ့ လက်တွဲပြီး ရပ်ရေးရွာရေးလူမှုရေးကိစ္စတွေကို ပရဟိတစိတ်နဲ့ ဆောင်ရွက်ပေးတဲ့ အခါ တစ်ရွာလုံးက ဆရာလေးဇွဲနိုင်အပေါ်မှာ အထင်ကြီးလေးစား အားကိုး လာကြတယ်။ ဆရာလေး ဇွဲနိုင်တစ်ယောက် စိတ်ရော ရုပ်ရော ပြည်သူ့အကျိုးပြုဘက်ကို ပြောင်းလဲသွားတယ်။

ရိုးသားတဲ့ရွာသားတွေအပေါ် စီးပွားရေးအရ အမြတ်ထုတ်နေတဲ့ ဦးမာန်ဟိန်းနဲ့ သူ့လူတစ်စုကတော့ ဆရာလေး ဇွဲနိုင်အပေါ် မကျေမနပ် ဖြစ်ကြသလို ဒီဆရာရှိနေလို့ သူတို့စီးပွားရေးထိခိုက်တယ်ဆိုပြီး ကျောင်း ဆရာ ဂုဏ်သိက္ခာထိခိုက်မယ့် လုပ်ရပ်တွေကို ဖန်တီးဖို့အတွက် အကွက် စောင့်နေပါလေရော။ တစ်နေ့မှာ ကံကြမ္မာအလှည့်အပြောင်းက မုန်တိုင်း ပမာ ခပ်ထန်ထန် ဝင်ရောက်လာခဲ့လေပြီ။ ကျောင်းမှာ လုပ်အားပေး ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ ဆရာမလေး ငွေနှင်းဖြူမှာ ကိုယ်ဝန်ရှိလာခဲ့တယ်။ ဆရာမလေးကလည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောဆိုတာမရှိလေတော့ တစ်ရွာလုံးက ဆရာလေးဇွဲနိုင်နဲ့ မှောက်မှား တယ်ထင်ပြီး ကဲ့ရဲ့ကြ၊ အော့နှလုံးနာကြပေါ့။ ဆရာလေးဇွဲနိုင်ခမျာအမှန်

တရားစီရင်ချက်ပေါ် ထွက်လာမယ့် အချိန်ကုန် စိတ်ပန်းလူပန်းနဲ့ ကြံ့ကြံ့ခံ မျှော်လင့်ခဲ့ရတယ်။

နောက်ဆုံးမတော့ ကာယကံရှင် ဆရာမလေးငွေနှင်းဖြူရဲ့ ဝန်ခံချက်အရ အဖြစ်မှန်ပေါ် ပေါက်လာတော့တယ်။ ပညာသင်နှစ်ကုန်ဆုံးပြီး ဆရာဖွဲ့နိုင်လည်း ရန်ကုန်ပြန်ရတော့မှာပါ။ သူကတော့ ရန်ကုန်ပြန်ရောက်ရင် သူ့အဖေဝယ်ပေးမယ့် ပြိုင်ကားကိုမောင်းပြီး သူငယ်ချင်းတွေနဲ့ ပျော်ပါးရမယ့် အရေးတွေးပြီး ပျော်နေသယောင်ယောင်။ တကယ်ပြန်ရမယ့် ရက်ရောက်တော့လည်း တပည့်တွေနဲ့ မခွဲနိုင်မခွာရက် ဖြစ်ရပြန်ပါတယ်။ တပည့်တွေကို သံယောဇဉ်ဖြတ်ပြီး ရန်ကုန်ပြန်ဖို့ စိတ်ဒုံးဒုံးချလိုက်တယ်။ ကိုပြုံးမောင်၊ တပည့်တွေနဲ့ ဆရာမလေးမြသီတာတို့က ဆရာဖွဲ့နိုင်ကို ရွာထိပ်မန်ကျည်းပင်ရိပ်အထိ လိုက်ပို့ကြတယ်။

ကားဂိတ်ကိုလိုက်ပို့တဲ့ နွားလှည်းရဲ့ နောက်မြီးမှာထိုင်ရင်း ဆရာဖွဲ့နိုင်တစ်ယောက် ရန်ကုန်ပြန်သင့် မပြန်သင့် အတွေးတွေက ချီတုံချတုံနဲ့ ပူးတုံခွာတုံ ဖြစ်နေတယ်။ တပည့်တွေရဲ့သံယောဇဉ်က တင်းနေပြီထင်ပါရဲ့။ ဆိုတော့ကာ ဆရာလေး ဖွဲ့နိုင်တစ်ယောက် သူ့အလွန်လိုချင်ခဲ့တဲ့ ပြိုင်ကားကို စွန့်လွှတ်လိုက်ပြီး တပည့်တွေနဲ့အတူ အများအကျိုးပြု လုပ်ငန်းတွေလုပ်ပြီး ဒီကျေးရွာလေးမှာ တစ်သက်လုံးနေဖို့ စိတ်ဒုံးဒုံးချဆုံးဖြတ်ရင်း ဇာတ်သိမ်းထားပါတယ်။

ဒါက ဇာတ်လမ်းအကျဉ်းပါ။ ဇာတ်အိမ်တစ်ခုလုံးမှာ အချစ်၊ အကြမ်း၊ အလွမ်း၊ အသောတွေနဲ့ ရပ်ဓလေ့ ရွာဓလေ့တွေကိုလည်း ထည့်ထားတော့ အကျယ်ချဲ့ပြီး ပြောစရာ လိုမယ်မထင်။ ကြည့်ရသူတိုင်းရဲ့ ရင်ထဲကို တိုးဝင်လာပြီး တကယ်စွဲမက်စရာကောင်းတဲ့ ဇာတ်လမ်းလေးပါ။ ကျွန်တော့်ရင်ကို ဟတ်အထိဆုံးကတော့ ဇာတ်သိမ်းခန်းမှာ ဖခင်ဖြစ်တဲ့ မင်းသားကြီးနေအောင်နဲ့ သားဖြစ်တဲ့ မြတ်သူကျော်တို့ပြောတဲ့ စကားလေးပါပဲ။ ဒီစကားလေးဟာ ဇာတ်လမ်းကြည့်နေသူအပေါင်းကို ပညာပေး နှိုးဆွလိုက်တာပါပဲ။

မှတ်မိသလောက် ပြောရမယ်ဆိုရင် လူဆိုတာ ရိုးသားရမယ်။ ရိုးသားခြင်းမှာ တန်ဖိုးရှိတယ်။ ရိုးသားပြီး မအဖို့လည်း လိုတယ်။ အဲဒီ ရိုးသားမှုကို အသုံးချနိုင်ဖို့အတွက် နည်းပေးလမ်းပြပေးမယ့်သူနဲ့ ကူ

ထောက်ပေးမယ့် သူရှိဖို့လိုတယ်။ အလုပ်လုပ်တဲ့နေရာမှာ စေတနာထား ရမယ်။ အများအတွက် ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံနိုင်တဲ့လူဟာ လူရည်ချွန်ဖြစ်တယ်ဆိုတဲ့စကားလေးပါပဲ။ ဒီစကားလေးဟာ ဇာတ်ဝင်ခန်းထဲကအတိုင်း တစ်ထပ်တည်းမကျလောက်ပေမယ့် ဆိုလိုရင်းက တူလောက်ပါရဲ့။

အခုဇာတ်လမ်းလေးမှာ အညာကျေးရွာဓလေ့ကို ပေါ်လွင်အောင် ဖော်ကျူးထားသလို ကျေးရွာ ကျောင်းဆရာဘဝကိုလည်း ပီပြင်အောင် သရုပ်ဆောင်ဖို့ ညွှန်ကြားထားတာကို တွေ့ရတယ်။ နည်းနည်းတော့ ပြောစရာရှိတယ်။ ဇာတ်လမ်းအရ ကျောင်းဆရာလေးဇွဲနိုင်က အစိုးရခန့် လား၊ ကျေးရွာခန့်လားဆိုတာကတော့ သဲကွဲမှုမရှိဘူးလို့ ဝေဖန်ထောက်ပြ ရပါလိမ့်မယ်။ တစ်နှစ်ပြည့်လို့ ရန်ကုန်ပြန်မယ်ဆိုတော့ အစိုးရခန့်မဖြစ် နိုင်ဖို့ များတာပေါ့။ ဒီနေရာမှာ ဆရာခန့်ထားရေးနဲ့ပတ်သက်လို့ လက်ရှိ ပညာရေးလောကနဲ့ အနီးစပ်ဆုံးတူအောင် ဖန်တီးနိုင်ရင် ပိုကောင်းမယ် လို့ထင်တယ်။ ပြောစရာရှိတာက ကျောင်းသားတွေအဖြစ် သရုပ်ဆောင် စေရာမှာ ရှိသင့်တဲ့ဦးရေထက်နည်းနေတယ်လို့ထင်တာပဲ။ ပြီးတော့ အဲဒီ ကျောင်းမှာ ကျောင်းအုပ်ကြီးရဲ့အခန်းကဏ္ဍမပါတာကိုလည်း သတိထား မိတယ်။

အခြေခံပညာမူလတန်းကျောင်းနဲ့ ပတ်သက်တာလေးတွေကို ပြည့်စုံအောင် ဖော်ပြပေးနိုင်မယ်ဆိုရင် ဒီ့ထက်ကောင်းတဲ့ဇာတ်လမ်းဖြစ် လာမှာလို့ ဆိုချင်တယ်။ ဘာတွေပဲပြောပြော ကိုသောင်းကလက်ရာ ကောင်းတဲ့ ဒါရိုက်တာတစ်ယောက်လို့ ကျွန်တော်က ကြေညာမောင်း ခတ်စရာ မလိုတော့ပါ။ သူ့လက်ရည်ကို ပရိတ်သတ်က သိပြီးဖြစ်ပေလိမ့် မယ်။ ကျောင်းနေစဉ်ဘဝမှာ လူရည်ချွန် မဖြစ်ခဲ့ပေမယ့် မူလတန်းပြ ဆရာကစပြီး လုပ်ခဲ့တဲ့ ကျွန်တော်ဟာ ပညာရေးဝန်ထမ်းအဖြစ် ဆယ်စု နှစ်တစ်စုလောက် နယ်စွန်နယ်ဖျား ကျေးရွာလေးမှာတပည့်တွေအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံပြီး တာဝန်ထမ်းဆောင်ခဲ့တာမို့ ကိုယ်လည်း လူရည်ချွန်တစ်ယောက်ဖြစ်ခဲ့တယ်လို့တော့ ဂုဏ်ယူမိသား။ ခုနေခါမှာ ယောကျ်ားလေးလူရွယ်တော်တော်များများက ကြီးပွားချမ်းသာမယ့်၊ ရာထူးရာခံကြီးမယ့်၊ အလုပ်တွေနောက်ကိုသာ ကောက်ကောက်ပါအောင်

လိုက်နေကြတာဖြစ်လို့ အခြေခံပညာကျောင်းတွေမှာ အမျိုးသားဆရာတွေ မရှိသလောက် ရှားသွားပြီ။ သို့မို့ကြောင့် ပြည်နယ်တောင်တန်းဒေသနယ်စွန်နယ်ဖျားကျေးရွာလေးတွေမှာ တပည့်တွေနဲ့အတူ အသားကျနေထိုင်ပြီး တာဝန်ထမ်းဆောင်နေတဲ့ ဆရာ၊ဆရာမလေးတွေကို ကျွန်တော့် "ရင်ထဲက လူရည်ချွန်"တွေလို့ တင်စားခေါ်ဝေါ်ပြီး ဂုဏ်ပြုချင်တာပါပဲ။ သို့နှယ် ဒီမိုကရေစီစနစ်ထူထောင်ခါစ ကျွန်တော်တို့တိုင်းပြည်မှာ ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံကနေအကျိုးပြုမယ့် လူရည်ချွန်တွေ မရေတွက်နိုင်အောင် ထွက်ပေါ်လာပါစေလို့ မျှော်လင့်မိသား။

အလျဉ်းသင့်တုန်း ခိုင်ခိုင်မာမာတောင်းဆိုချင်တာတစ်ခုက ဆရာကိုသောင်းခင်ဗျား။ လက်ရည်ကောင်းနေတုန်း ဒီမိုကရေစီစိတ်ဓာတ်တွေ ပိုမိုရှင်သန်လာစေနိုင်မယ့် ပြည်သူ့ဗဟိုပြု လူကြီးလူငယ် ပညာပေးအခြားသင့်တော့ရာ ဇာတ်လမ်းများထပ်ပြီး ရိုက်ကူးပါဦးလားလို့။

***(၆. ၈. ၂၀၁၆) စံတော်ချိန်သတင်းစာ***

# လမ်းပေါ်က အနီးဆုံးရန်သူ

စံတော်ချိန်သတင်းစာပါ နိုင်ငံတကာရေးရာ သတင်းတစ်ပုဒ်ကို ဖတ်မိရာမှ ဒီစာကိုရေးဖို့ စိတ်ကူးပေါ်လာမိတယ်။ သတင်းခေါင်းစဉ်က "ခွေးလေခွေးလွင့်အကောင် ၅၀ခန့်ဝိုင်းကိုက် အိန္ဒိယအမျိုးသမီးသေဆုံး" တဲ့။ အိန္ဒိယနိုင်ငံတောင်ပိုင်း ကာရာလာပြည်နယ် ပင်လယ်ကမ်းခြေရွာ တစ်ရွာမှာ ကမ်းခြေတစ်လျှောက်လမ်းလျှောက်လာတဲ့ အသက် ၆၄ နှစ် အရွယ် စီလီဗမ်မာလို့ခေါ်တဲ့ အမျိုးသမီးကြီးကို ခွေးလေခွေးလွင့် အကောင် ၅၀ ဝန်းကျင်ခန့်က ဝိုင်းအုံကိုက်ခဲခဲ့ပါတယ်။ အကိုက်ခံရတဲ့ မိခင်ဖြစ်သူကို သားဖြစ်သူက လာရောက်ကယ်တင်ဖို့ ကြိုးပမ်းခဲ့ပေမင့် နောက်ထပ်ခွေးတွေ ရောက်ရှိလာပြီး ဝိုင်းဝန်းတိုက်ခိုက်တာကြောင့် သား ဖြစ်သူကိုယ်တိုင်အသက်လုပြီးထွက်ပြေးခဲ့ရတယ်လို့ဆိုတယ်။

နောက်မတော့ ရွာသွားတွေ စုဝေးရောက်ရှိလာပြီး ခွေးတွေကို မောင်းထုတ်နိုင်ခဲ့ပေမင့် ခွေးအကိုက်ခံရသူ အမျိုးသမီးကြီးခမျာ ကွယ် လွန်သွားခဲ့တယ်လို့ အိန္ဒိယမီဒီယာတွေမှာ ဖော်ပြခဲ့ကြတယ်။ အဲ့ဒီ ကာရာ လာ ပြည်နယ်မှာပဲ ပြည်သူတစ်သိန်းခန့် ခွေးလေခွေးလွင့် အကိုက်ခံထား ရတယ်လို့ ဆိုပြန်ရော။ ဒီသတင်းဟာ ကျွန်တော်တို့နိုင်ငံအတွက်လည်း သတိမူရမင့် အချက်တစ်ချက်ဖြစ်မယ်လို့ ထင်မိတယ်။

ကျွန်တော်တို့ နိုင်ငံမှာလည်း ခွေးလေခွေးလွင့် ပေါက်ဖွားမှုနှုန်းက ဘယ်လောက်တောင်မြင့်တက်နေတယ်ဆိုတာ တိတိပပမသိပေမင့် ကိုယ် တွေနေတဲ့ ရပ်ကွက်ထဲမှာ လမ်းပျော်ခွေးတွေ တအုန်းအုန်း တရုံးရုံးနဲ့ တိုးပွားနေတာကို မြင်တွေ့နေရတာပဲလေ။ ခွေးတွေကလည်း အရွယ်စုံ၊

ဆိုဒ်စုံ၊ အရောင်စုံပေါ်မှပေါ့။ အတင့်ကလည်း ရဲလိုက်ပါဘိ။ သူတို့တစ်တွေ လမ်းပေါ်မှာ အိပ်နေလိုက်တာများ ပိုးလိုးပက်လက်နဲ့။ လူလာလို့ ရှောင်မယ်မထင်လေနဲ့။ ဖြတ်မောင်းသွားတဲ့ ကားကိုတောင် ဂရုမစိုက်တဲ့ အကောင်တွေ။ သူတို့ကို မထိအောင် ကွေ့ပတ်ရှောင်သွားရတာနဲ့ ခရီးမတွင်လှပေဘူး။

ကိုယ်တွေက ရုံးဝန်ထမ်းဆိုတော့ ရုံးချိန်မီအောင် မနက်စောစောအိမ်က ထွက်ရတယ်။ အိမ်ကနေ ကိုယ်စီးနေကျဘတ်စ်ကားမှတ်တိုင်ကို ရောက်ဖို့ ခြောက်ဖာလုံလောက် ဝေးခဲ့တဲ့ခရီးကို အနိမ့်ဆုံး ၁၅ မိနစ်လောက် ခြေကျင်လျှောက်ရတယ်။ မနက်စောစောဆိုတော့ကာ ခွေးတွေစွန့်ထားတဲ့ လတ်လတ်ဆတ်ဆတ် အစာဟောင်းတွေက ဟိုတစ်ပုံဒီတစ်ပုံနဲ့ တစ်လမ်းလုံးအပြည့်။ မြင်လို့မကောင်းပေဘူး။ လမ်းလျှောက်ရင် ဘေးဘီဝဲယာ မကြည့်နိုင်အောင်ဘဲ အောက်တည့်တည့်ကိုသာ ကြည့်နေရတယ်။ မတော်ခွေးတွေရဲ့မစင်ပုံကို နင်းမိလို့ကတော့ ဒုက္ခပေါ့။

ကျွန်တော်က အဲ့ဒီလမ်းတစ်လျှောက် နေ့စဉ်အသွားအပြန်လုပ်နေရတာဆိုတော့ အနီးလမ်းထဲမှာ ကျက်စားနေတဲ့ ခွေးလေခွေးလွင့်အကောင်ရေကို ခန့်မှန်းမိသလောက်ပါပဲ။ အနည်းဆုံးအကောင်ရေ ၂၀ ကျော်လောက် ရှိလိမ့်မယ်လို့ ထင်တယ်။ တစ်ခါတစ်လေ လူရှိရာကို အတင်းထိုးဟပ်ပြေးဝင်လာပြီး ကိုယ်တော့မင့်ပုံလိုမျိုး။ လူအသွားအလာများတဲ့ အချိန်မတော့ သူတို့က ရန်မမူလိုပေမယ့် လူအသွားအလာကျဲပြီး တစ်လမ်းလုံးမှာ တစ်ယောက်စနှစ်ယောက်စတည်းသွားနေတယ်ဆိုရင် သွားဖြဲပြီး အတင်းလိုက်ဆွဲတတ်တာကို တွေ့နေရတယ်။ ညဘက်လူခြေတိတ်ချိန် ၁၀ နာရီလောက်ဆို လမ်းထဲမှာ သူတို့က မင်းမူနေတာကလား။ အစားအသောက်ကို လက်ကဆွဲပြီး ညအချိန်မတော်ပြန်လာတဲ့ သူကိုဆိုရင် သူတို့က အုံနဲ့ကျင်းနဲ့လိုက်ဆွဲတော့တာပဲ။ စက်ဘီးစီးသွားတဲ့သူ ဆိုက်ကားနင်းသွားတဲ့သူကိုတောင် အလစ်မပေးချင်ပေဘူး။ နောက်က အတင်းထိုးလိုက်ပြီး ရန်မူတတ်တယ်။ ဒါတင်ကရိုးလား။ တော်သလင်းလ မတိုင်ခင်ကတည်းက အရွှေ့လိုက် နေကြတာဆိုတော့ ခွေးအုပ်စုတွေ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အသေအလဲ တိုက်ခိုက်နေကြတာကိုလည်း တွေ့နေရလေရဲ့။

ပြောချင်တာက ကျွန်တော်နေ့စဉ်သွားလာနေတဲ့ လမ်းတစ်လမ်းထဲမှာ တောင်လမ်းပျော်ခွေးတွေ ဒီကလောက် များနေရင် လမ်းတိုင်းလမ်းတိုင်းမှာ ခွေးလေခွေးလွင့်တွေ ဘယ်လောက်များနေပြီလဲ။ နေ့ဖြင့်ရပ်ကွက်ထဲမှာရှိနေမင့် ခွေးအကောင်ရေကို တွေးဆတန်ကောင်းပါရဲ့။ လမ်းသွားလမ်းလာတွေ ကျောင်းသွားတဲ့ကလေးတွေ ဆွမ်းခံတဲ့ သာသနာ့ဝန်ထမ်းတွေကို ခွေးအကိုက်ခံရတဲ့သတင်းတွေ မကြာခဏဆိုသလို ကြားနေရတယ်။ ခွေးအကိုက်ခံရပြီဆိုကတည်းက ခွေးရူးကာကွယ်ဆေးထိုးရတော့မယ်လေ။ ခွေးကောင်းပဲကိုက်ကိုက် ခွေးရူးပဲကိုက်ကိုက် အကိုက်ခံရတဲ့သူကတော့ ဒုက္ခများပြီသာမှတ်။ ခွေးကောင်းကိုက်တာပဲဆိုပြီး ပေါ့နေလို့ မဖြစ်တာကိုး။

ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ဖို့အတွက်ကတော့ အရင်ကတည်းက အစီအစဉ်တွေရှိခဲ့ပေမင့် ခုနှယ်ခါမတော့ ပိုပြီး လိုအပ်နေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ဖို့အတွက် လမ်းပျော်ခွေးပေါက်ဖွားမှုနှုန်းကျဆင်းအောင် ဆောင်ရွက်ရပါလိမ့်မယ်။ သဟာကြောင့် မြို့နယ်ကျန်းမာရေးအဖွဲ့အစည်းနဲ့ စည်ပင်ကော်မတီမှ တာဝန်ရှိသူတွေပူးပေါင်းပြီး ခွေးလေခွေးလွင့် လျော့ပါးစေရေး နည်းလမ်းတွေကို အရင်ကထက်ပိုလို့ ဦးစားပေး ဆောင်ရွက်သင့်တယ်လို့ ထင်ပါတယ်။

အရင့်အရင်က လမ်းပျော်ခွေးတွေကို ခွေးရူးကာကွယ်ဆေးထိုးပေးခြင်း၊ သားဆက်ခြားအောင်ပြုလုပ်ပေးခြင်း၊ မျိုးပွားမှုနှုန်းလျော့နည်းအောင် ဆေးထိုးကာကွယ်ခြင်းစတဲ့ စီမံချက်တွေကို ကြားနေရပေမင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းမျိုးကတော့ အားနည်းနေသေးတယ်လို့ ပြောချင်တယ်။ မြန်မာစကားအလာအရ လက်ပံပွင့်ချိန်ခွေးရူးချိန်လို့ အဆိုရှိခဲ့ပေမင့် ခုနယ်ခါမတော့ လက်ပံပွင့်ချိန်ကို မစောင့်တော့ဘဲ ခွေးရူးရောဂါက ဖြစ်ချင်တဲ့အချိန်ဖြစ်နိုင်တာကလား။ ခွေးတွေကို အဆိပ်ကျွေးပြီး သတ်မယ်ဆိုပြန်ရင်လည်း ဘာသာတရားအရ အကုသိုလ်တွေက အတုံးလိုက်အတစ်လိုက် ဝင်လာကြပေဦးမယ်။ ခွေးချစ်သူ၊ ခွေးစောင့်ရှောက်သူများကလည်း ထိလွယ်၊ ရှလွယ်၊ ခံစားလွယ်တဲ့ နှလုံးသားတွေနဲ့ စိတ်လက် မကြည်မသာဖြစ်ပြီး တိရစ္ဆာန်တွေကို မျိုးတုံးသတ်ဖြတ်မှုပုဒ်မ

နဲ့ ကန့်ကွက်ကြဦးမယ်။

ဆိုရရင် ကမ္ဘာပေါ်မှာ မျိုးတုံးသတ်ဖြတ်ခြင်းခံနေရတဲ့ ရှားပါးတိရစ္ဆာန်ဦးရေလျော့နည်းလာလို့ စိုးရိမ်ရေမှတ်ရောက်နေသလို ရပ်ကွက်ကျေးရွာတွေမှာ ခွေးလေခွေးလွင့်တွေရဲ့ မျိုးပွားနှုန်းမြင့်လာတာလည်း စိုးရိမ်စရာပါပဲ။

လူမှုကွန်ရက်စာမျက်နှာပေါ်မှာ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရတယ်။ ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ၉ ရပ်ကွက်မှာ ခွေးလေခွေးလွင့်များ ဆိုးရွားစွာ သောင်းကျန်းနေသည်မှာ နှစ်အတန်ငယ်ကြာနေပြီဖြစ်ကြောင်း၊ ၎င်းခွေးများအား အမြစ်ပြတ်နှိမ်နင်းရန်တာဝန်ရှိဌာနတွေက မည်သို့မျှ မတတ်နိုင်သည့်အခြေအနေလို့ ယူဆမိကြောင်း၊ လွန်ခဲ့တဲ့ ရက်အနည်းငယ်က မင်းရဲကျော်စွာလမ်းထိပ်မှာ အသက်တစ်နှစ်ခွဲ အရွယ်ကလေးငယ်ကို လမ်းဘေးခွေးတစ်ကောင်က ကိုက်လိုက်လို့ မျက်နှာနဲ့ လည်ပင်းတွေမှာ ဒဏ်ရာတွေရခဲ့ကြောင်း၊ ရန်ကုန်လေးဆေးရုံကြီးမှာ မေ့ဆေးပေးပြီး ၂၂ ချက်ချုပ်လိုက်ရကြောင်း၊ နောက်ရက်မှာ နောက်ထပ် ကလေးငယ်တစ်ဦးကို ထပ်မံကိုက်ခံရကြောင်း စတဲ့ အဖြစ်သနစ်တွေ ဆက်တိုက်ပေါ်လာနေတော့ ခွေးလေခွေးလွင့်တွေရဲ့ ရန်မူခြင်းကို အကာအကွယ်မပေးနိုင်တဲ့ လူ့ပတ်ဝန်းကျင် မသိမသာဖြစ်လာနေတာကို သတိထားရပေတော့မပေါ့။

မပြောကောင်း၊ မဆိုကောင်း အိန္ဒိယနိုင်ငံမှာလို ခွေးလေခွေးလွင့်တွေရဲ့ အကြမ်းဖက်တိုက်ခိုက်လာမှုကို လမ်းသွားလမ်းလာတွေခံရမယ်ဆိုရင် ဘယ်နှာ့လုပ်ကြမတုံး။ အခုတောင် ရပ်ကွက်တွေထဲမှာ မကြာခဏဆိုသလို ခွေးအကိုက်ခံရတဲ့ သတင်းတွေ စိပ်လာတာဆိုတော့။

နေ့ဖြင့် အရေးတကြီးအဆိုတစ်ရပ်မဟုတ်ပေမင့် တစ်ချိန်ချိန်မှာ ခြေကျင်ခရီးသွား ပြည်သူတွေရဲ့ လုံခြုံရေးကို စိန်ခေါ်ခြိမ်းခြောက်နေတဲ့ ရပ်ကွက်ထဲက အနီးကပ်ဆုံးရန်သူခွေးလေခွေးလွင့်အရေးအတွက် ကိုမျိုးစပြတ်သွားအောင် မလုပ်နိုင်ဘူးထားဦးတော့ လျော့နည်းသွားအောင် ဘယ်လိုအစီအမံတွေနဲ့ လုပ်ကြမှာလဲလို့ မေးမြန်းခြင်းအဆိုကို တင်သွင်းလိုကြောင်းပါ ခင်ဗျာ။

***(၁၂. ၁၂. ၂၀၁၆) စံတော်ချိန်သတင်းစာ***

## အရိပ်မဲ့ပြည်သူ ဘယ်သူလာကူလို့ မိုးပေးပါ့မယ်

မည်သည့်အရိပ်မဆို စိတ်အေးချမ်းသာယာမှုကို ရရှိစေနိုင်ပြီး မှီခိုအားထားစရာအဖြစ် သက်ရောက်သည်ဟု မှတ်သားဖူးပါသည်။ လောကနီတိသုဇနကဏ္ဍတွင် အရိပ်ငါးမျိုးရှိကြောင်း ပြဆိုထားပါသည်။ ထိုအရိပ်ငါးမျိုးမှာ (၁) ဗုဒ္ဓဘုရားရှင်အရိပ်၊ (၂) မိဘဆွေမျိုးအရိပ်၊ (၃) ဆရာသမားအရိပ်၊ (၄) သစ်ပင်အရိပ်၊ (၅) တိုင်းပြည်အုပ်ချုပ်သော မင်းကောင်းမင်းမြတ်အရိပ် စသည်တို့ ဖြစ်ပေသည်။

သတ္တလောကတွင် ဖြစ်တည်ကျင်လည်နေကြကုန်သော သတ္တဝါတိုင်း အရိပ်ကောင်းကို ရှာဖွေပြီး ပူပင်ကြောင့်ကျမှုကင်းစွာ နားခိုချင်ကြသည်မှာ ဓမ္မတာပင် ဖြစ်၏။ သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည်ဟူသောစကားသည် အရိပ်၏တန်ဖိုးရှိမှု၊ အကျိုးတရားများစွာရှိမှုနှင့် နားခိုသူတို့အား နှလုံးစိတ်ဝမ်း အေးချမ်းခြင်းတို့ကို ပေးစွမ်းနိုင်သည်ဟု ဖော်ပြထားခြင်းဖြစ်၏။ ရှေးခေတ်အဆက်ဆက်ကတည်းက အလွှာပေါင်းစုံမှ တိုင်းသူပြည်သားများသည် အုပ်ချုပ်သူ မင်းကောင်းမင်းမြတ် (ဝါ) ခေါင်းဆောင်ကောင်းတို့၏အရိပ်၌ နားခိုချင်ကြသည်မှာ ရင်တွင်းမှ ဆန္ဒအမှန်ဖြစ်၏။

အရိပ်ကိုလိုချင်လျှင် နေပူကစောင့်ဆိုသော စကားလည်း ရှိခဲ့ပါသည်။ ကျွန်တော်အပါအဝင် မြန်မာပြည်မှ မိဘပြည်သူများ အရိပ်ကို လိုချင်သဖြင့် နေပူက စောင့်လာခဲ့သည်မှာ နှစ်ပေါင်း ၅၀ ကျော်လာခဲ့ပြီ

ဖြစ်သည်။ ယခုထိ ခေါင်းဆောင်ကောင်းတို့၏ အေးမြသောအရိပ်မှာ ခိုဝင်မှေးစက် နားနေခွင့်မရရှိကြသေးပါ။ အရိပ်ကိုလိုချင်၍ နေပူက စောင့်ရသည့်ကာလများအတွင်း ပြည်သူတို့၏ချွေးများ၊ သွေးများပင် လယ် ဝေခဲ့ရသည်။ ကျွန်တော်တို့ နိုင်ငံသည် လွတ်လပ်ရေး ရရှိပြီးသည့် နောက်ပိုင်း ၁၉၆၂ခုနှစ်မှ အစပြု၍ ခေါင်းဆောင်ကောင်းတို့၏ အရိပ်မှ ကင်းဝေးခဲ့ရသည်။ ဝန်ကြီးချုပ်ဦးနု ဦးဆောင်သည့် ပါလီမန်အစိုးရကို ဖြုတ်ချပြီး ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီ အစိုးရတက်လာခဲ့သည်။ ဤကာလမှစ၍ စစ်အာဏာရှင်ခေါင်းဆောင်၏ ခါးသီးသော အရိပ်မဲ့ နေရောင်အောက်သို့ တစ်တိုင်း တစ်ပြည်လုံး ကျရောက်ခဲ့ရသည်။ တော်လှန်ရေးကောင်စီခေတ်အစ၌ နိုင်ငံတကာသုံး မြန်မာငွေကြေးနှင့် ပုဂ္ဂလိကလုပ်ငန်းများကို တစ်ချက်လွှတ်အမိန့်နှင့် ပြည်သူပိုင်သိမ်းခဲ့သည်။ ထိုအချိန်မှစပြီး မြန်မာငွေကြေးတန်ဖိုး နိမ့်ကျခဲ့ ရပြီး ပြည်သူလူထုများ စားဝတ်နေရေး ကျပ်တည်းခက်ခဲသည့်ဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ငါးပိနှင့်သကြား စသည့်ပစ္စည်းများကို တန်းစီတိုးဝယ်ရသည့် စနစ် အောက်မှာ ကြီးပြင်းခဲ့ကြရသည်။ တော်လှန်ရေးကောင်စီတစ်ဖြစ်လဲ မဆလခေတ်ကို ရောက်တော့လည်း ဘာမျှထူးခြားလာခြင်းမရှိဘဲ ဒီမို ကရေစီတောင်းဆိုသူ ပြည်သူနှင့်ကျောင်းသားအားလုံး သေနတ်ပြောင်းဝ အောက်တွင် အနှိပ်ကွပ်ခံခဲ့ကြရသည်။ မဆလခေတ် ၂၆နှစ်တာကာလ အတွင်း ပြည်သူတွေအားလုံး စိတ်ဆင်းရဲခြင်းကြီးစွာနှင့် ဆင်းရဲတွင်းမှာ နစ်တစ်ချီမြုပ်တစ်လှည့် ဖြစ်သလိုနေခဲ့ကြရ၏။ နိုင်ငံရေးစာမျက်နှာ အပြောင်းအလဲများအတွက် လှိုင်းကြီးလေထန်အဖြစ်မျိုးနှင့် ကြုံခဲ့ရ၏။

၈၈ အရေးခင်းပြီး၍ နအဖဟုခေါ်သော စစ်အာဏာရှင်အစိုးရ ခေတ်ကို ရောက်လာပြန်တော့လည်း ပြည်သူတွေမှာ ပိုပြီးအနေအစား ဆင်းရဲကျပ်တည်း လာကြရပြန်သည်။ နောက်တက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ ပြကြသည်။ စစ်အာဏာရှင်ခေတ်တွင် စားဝတ်နေရေး ခက်ခဲရုံသာမကဘဲ အုပ်ချုပ်သူမှန်သမျှကို အဆင့်ဆင့် ကြောက်နေရ သဖြင့် ပြည်သူတွေမှာ မပြောရဲမဆိုရဲဘဝနှင့် နှုတ်ပိတ်ကာ အဘက်ဘက် မှ အနှိပ်စက်ခံဘဝမျိုး၌ စုံးစုံးနစ်ခဲ့ကြရပြန်သည်။ သူတို့နှုတ်ကထွက်သမျှ

ဥပဒေများနှင့် ပြည်သူတွေကို ကြိုးတုတ်ပြီး အုပ်ချုပ်ခဲ့ကြသဖြင့် မော်မကြည့်ရဲဘဲ ကျောကော့အောင် ခံခဲ့ကြရသည်။ ဒီမိုကရေစီလိုလားသူ ပြည်သူများကို ပုဒ်မမျိုးစုံတပ်ပြီး ထောင်သွင်း အကျဉ်းချရုံတွင်မကဘဲ သွေးမြေကျအောင် တရားမျှတမှုမရှိသော လုပ်ဇာတ်တွေ ဆင်နွှဲခဲ့ကြသည်။ အရပ်ဘက် ဌာနအသီးသီးမှာလည်း လူးလွန့်လှုပ်ရှား၍မရအောင် အာဏာရှင်တို့၏ အမာခံဒေါက်တိုင်ဖြစ်သော မိုးကျရွှေကိုယ်များကို ခန့်အပ်စေလွှတ်ပြီး အရပ်သားဝန်ထမ်းများအပေါ် ဗိုလ်ကျစိုးမိုးခဲ့စေသည်။ ထက်မြက်သော ပညာတတ်လူငယ်များ ပေါ်ထွက်မလာစေရန် ဒီမိုကရေစီပညာရေးစနစ်ကို စနစ်တကျရိုက်ချိုးဖျက်ဆီးခဲ့၏။

၂၀၁၁ ခုနှစ်ရောက်တော့ မြန်မာနိုင်ငံမှာ အာဏာရှင်စနစ်ကို ပယ်ဖျက်ပြီး ဒီမိုကရေစီစနစ်ကို ထူထောင်ခဲ့သည်မို့ ပြည်သူများဘဝ အရိပ်ကောင်းမှာ ခိုနားရလိမ့်မည်ဟု ထင်မိခဲ့၏။ နိုင်ငံတော်သမ္မတကြီးကလည်း မိဘပြည်သူများခင်ဗျာ" ဆိုသော သားချော့တေးနှင့် အခြေခံလူတန်းစားများကို ဆင်းရဲနွမ်းပါးသော ဘဝတွေထဲက ဆွဲထုတ်ပေးနိုင်မည့် မျှော်လင့်ချက်များကို လစဉ်လိုလို လေလှိုင်းမှတစ်ဆင့် ပေးခဲ့ပြန်ပါသည်။ အောက်ခြေမှစ၍ အထက်အဆင့်ထိ ပြောင်းလဲမှုများ လုပ်မည်ဟုလည်း ထုတ်ဖော်ဟစ်ကြွေးခဲ့၏။ ဤအသံများကြောင့် မိဘပြည်သူများခမျာ ဟုတ်နိုးနိုးဖြင့် မမြင်နိုင်သည့် အရိပ်ကောင်းကို အားကိုးတကြီးမျှော်ကိုးခဲ့ကြရသည်။

နို့ပေသိ သူတို့ပြောသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီခေတ်ကို ပြောင်းလဲလျှောက်လှမ်းလာခဲ့သည်မှာ ငါးနှစ်တင်းတင်းသာ ပြည့်ခဲ့သည်။ ပြည်သူတွေက နေပူထဲမှာ ရပ်နေရတုန်း ဆင်းရဲတွင်းထဲမှာ ကျင်လည်နေရတုန်းပင်ဖြစ်သည်။ ပို၍ဆိုးလာသည်က အခြေခံလူတန်းစားလက်လုပ်လက်စား၊ အလုပ်သမားတွေ ဖိနှိပ်ခံရသည်။ လုပ်ခလစာများ အပြည့်အဝ မရရှိကြ။ လူငယ်၊ လူရွယ်များ အလုပ်လက်မဲ့ ဖြစ်နေကြသည်။ တောင်သူလယ်သမားများ လယ်တွေယာတွေ အသိမ်းခံရသည်။ အသိမ်းခံပြီးသားလယ်ယာများကို ပြန်ရရေးတောင်းဆို၍ ထောင်ချခြင်းခံရသည်။ တိုင်းပြည်၏အဓိကကျသော လယ်လုပ်သူများ လယ်မြေပိုင်ဆိုင်ခွင့် မရရှိကြသေးပါ။ နေစရာမြေမရှိ၍ ချောင်းဘေး၊ မြောင်းဘေး

မှာ ဆယ်ပေပတ်လည် တဲထိုးနေပြန်တော့ ကျူးကျော်ဆိုပြီး တဲများ အဖျက်ခံရသည်။ အရေးယူခြင်း ခံရသည်။ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးလာခဲ့သော ထန်းတောများ စီမံကိန်းနယ်မြေနှင့် မလွတ်၍ဆိုပြီး အဖျက်အဆီးခံရ၏။ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေမှာ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် လွှမ်းခြုံနိုင်မှုနည်းနေပြီး အထောက်အပံ့ မဲ့နေ၏။

ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ဒီမိုကရေစီပညာရေးစနစ် တောင်းဆိုသူကျောင်းသားနှင့် ဝန်းရံပြည်သူတွေကို ထောင်သွင်းအကျဉ်းချထားခဲ့သည်။ မြန်မာ့ပညာရေးအခြေအနေသည် ကမ္ဘာ့ပညာရေးနှင့် များစွာအလှမ်းဝေးနေပါသေးသည်။ အသိမ်းခံမြေယာများ ပြန်လည်ရရှိရေးအတွက် တောင်းဆိုသော လက်ပံတောင်းတောင် ဆန္ဒပြပွဲတွင် ပါဝင်သည့်သံဃာတော်များကို မီးလောင်ဗုံးနှင့် ဖြိုခွင်းခဲ့သည်။ ပြည်သူတွေ မဝရေဆာ စားသောက်နေရသည်။ လူငယ်လူရွယ်များ ပြည်ပနိုင်ငံများသို့သွား၍ ကျွန်ခံနေရဆဲဖြစ်၏။ နိုင်ငံအနှံ့ အပြား ခိုးဆိုး၊ လုယက် သတ်ဖြတ်မှုများက သောက်သောက်လဲ ဖြစ်နေ၏။ ပြည်သူများ နောက်ကြောမလုံမခြုံနှင့် ခေါင်းပြားအောင် အိပ်မရဖြစ်နေ၏။ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းက စိုးရိမ်ရေမှတ်သို့ ရောက်နေ၏။ နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့သော ပြည်တွင်းစစ်များ ရပ်နားခြင်း မရှိသေးပါ။ စစ်ဘေးရှောင်ဒုက္ခသည်ဦးရေ တိုးပွားလာနေ၏။ တောင်တန်းဒေသများ၌ ယမ်းငွေ့များ ဝေနေဆဲဖြစ်၏။ ပြည်တွင်းငြိမ်းချမ်းရေး အပြည့်အဝရရှိရေးအတွက် ဝေးနေသေး၏။

ကျွန်တော်တို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းစာလျှင် ဆင်းရဲမှုတွင် အဆင့်(၁)၊ ကမ္ဘာ့ဘိန်းအများဆုံး ထုတ်လုပ်မှုတွင် အဆင့်(၂)၊ သစ်တောပြုန်းတီးမှု အဆိုးရွားဆုံးတွင် အဆင့်(၃)၊ ကမ္ဘာ့အဂတိလိုက်စားမှုတွင် အဆင့်(၉)၊ တရားဥပဒေစိုးမိုးရေးဒေသတွင်းနိုင်ငံ (၁၅) ~~နိုင်ငံ၌~~ အဆင့်(၁၄)၊ ကျန်းမာရေးစောင့်ရှောက်မှု (WHO) အဖွဲ့ဝင် (၁၉၁)နိုင်ငံတွင် အဆင့်(၁၉၁)ဖြစ်နေသည်ကို ထုတ်ပြန်သော မှတ်တမ်းများအရ သိရ၏။

ပြည်သူတို့၏ အခြေခံလိုအပ်ချက်များဖြစ်သော စားဝတ်နေရေး၊

ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် တရားဥပဒေစိုးမိုးရေး တို့သည် ယခုအချိန်ထိ နေပူစပ်ခါးအောက် ပျောက်သောလမ်းမှာ စမ်း တဝါးဝါး ပင်ရှိနေသေး၏။ ဤအချက်များကို သုံးသပ်ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းပြည်ကြီးကို တိုးတက်ဖို့ ခေါင်းဆောင်ကောင်းနှင့် ငြိမ်းချမ်းရေးအရိပ် လိုအပ်နေသည်မှာ သိသာထင်ရှားလှပါသည်။ သို့ဖြစ် ပါ၍ အရိပ်မဲ့နေသော ပြည်သူတို့၏ဘဝကိုကူညီ၊ ကယ်တင်၊ ဖြည့်ဆည်း၊ ပံ့ပိုးပေးနိုင်မည့် ပြည်သူကို လေးစားတန်ဖိုးထားသည့် နိုင်ငံတော်အတိုင် ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အတူလက်တွဲနိုင်မည့် ခေါင်း ဆောင်ကောင်းများကို အချိန်တိုအတွင်း မြင်တွေ့လိုလှပါသဖြင့် ဦးထိပ် ထား မျှော်လင့်မိပါကြောင်း။

*(၃၀. ၁. ၂၀၁၇) စံတော်ချိန်နေ့စဉ်သတင်းစာ*

## ကျွန်မက မူလတန်းပြဆရာမပါ... မောင်

ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာမှာ ပညာရေးဟာအခရာ ပဲလို့ တွေးခေါ်ပညာရှင်ကြီးတွေက ဆိုပါတယ်။ အဲ့သဟာအတွက် အရေး အကြီးဆုံးဒေါက်တိုင်ဟာ မူလတန်းပညာရေးလို့ ပြောရပါလိမ့်မယ်။ လက်တွေ့ကျကျရှုမြင် သုံးသပ်ရမယ်ဆိုရင် ဒီမိုကရေစီပညာရေးဟာ ကိုယ်ကျင့်တရားပညာရေးလည်း ဖြစ်ပါရဲ့။ အနာဂတ်ဒီမိုကရေစီ လူအဖွဲ့ အစည်းမှာ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှရှိခြင်းနဲ့ တရား ဥပဒေစိုးမိုးခြင်းတွေ လွှမ်းမိုးသယ်ဆောင်လာဖို့ရာ မူလတန်းကျောင်း တွေကစပြီး ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ သင်ကြားလေ့ကျင့်ပေးရမှာ မဟုတ်လား။

ကျွန်မတို့နိုင်ငံမှာ ပညာရေးနဲ့ပတ်သက်လို့ ဆွေးနွေးပွဲတွေ၊ ဝပ် ရှော့တွေ ကျင်းပရာမှာ ပညာရှင်တွေက မူလတန်းပညာရေး ဘယ်လို ဘယ်ပုံအရေးကြီးပါတယ်လို့ ပြောနေတာထက်စာရင် ဘယ်လောက်လုပ် ပေးနိုင်တယ်ဆိုတာကို အရင်ဆုံးစဉ်းစားရပါလိမ့်မယ်။ အပြင်မှာ တကယ့် လက်တွေ့ မူလတန်းပညာရေးကို ဘယ်ပုံဘယ်နည်းနဲ့ အထက်လူကြီးများ က ကူညီထောက်ခံပံ့ပိုးမှုပေးနေတယ်ဆိုတာကို သုံးသပ်ရမှာဖြစ်ပါတယ်။ သဟာကြောင့် မူလတန်းကျောင်းတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ၊ သင်ကြားရေး ဆိုင်ရာနဲ့ ဆရာ၊ ဆရာမ အင်အားဖြည့်တင်းရေးကဏ္ဍတွေမှာ ပညာရေး ဝန်ကြီးဌာနက ဘယ့်ကလောက်များ အလေးထား ဖောင်းပေးဖြည့်ဆည်း

ထားသလဲဆိုတဲ့ မေးခွန်းနဲ့စရမှာနေ့။

ကျောင်းဥပမိရုပ်ကစပြီး ပြောကြရအောင်။ မြို့ကြီးပြကြီးမှာရှိတဲ့ မူလတန်းကျောင်း အဆောက်အအုံတွေက အပျံစားဖြစ်နေပေမယ့် တောနယ်ကျေးလက်က မူလတန်းကျောင်းတွေမှာ အမိုးလုံပြီးအကာမလုံတဲ့ ကျောင်းတွေ၊ အကာလုံပြီး အခင်းမရှိတဲ့ကျောင်းတွေ၊ အမိုးရောအကာရောအခင်းရောမလုံဘဲ မြေကြီးပေါ်မှာ ဝါးကပ်ခင်းပြီး စာသင်နေတဲ့ ကျောင်းတွေရှိတယ်ဆိုတာကို ပထမဆုံး စနည်းနာရဦးမယ်။

အခမဲ့ပညာရေးဆိုပြီးတော့ နယ်က ကလေးတွေ အခမဲ့ပညာသင်ယူခွင့် တကယ်ရမရဆိုတာလည်း ပြန်ကြည့်ဖို့ လိုပါတယ်။ ကြားကောင်းအောင် အခမဲ့ပညာရေးလို့အော်ပြီး လယ်ယာလုပ်ငန်းခွင်ထဲမှာ၊ လက်ဖက်ရည်ဆိုင်တွေမှာ၊ ဆောက်လုပ်ရေးဆိုက်တွေထဲမှာ၊ လမ်းမတွေပေါ်မှာ ကျောင်းမနေနိုင်တဲ့ကလေးတွေ တစ်နှစ်ထက်တစ်နှစ်တိုးလာနေတဲ့ ပြဿနာကို ပြေလည်အောင် ဘယ်နှယ့်ဖြေရှင်းကြမတုံး။

စာသင်ကျောင်းလည်းရှိ ကလေးတွေလည်း ရှိပြီဆိုပါတော့။ အဲ့ဒီကျောင်းမှာ စာသင်ပေးမယ့်ဆရာ၊ ဆရာမလုံလောက်အောင် မရှိပြန်ရင်လည်း အဆင်မပြေပြန်ဘူး။ နယ်ကမူလတန်းကျောင်းတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဆရာ၊ ဆရာမတွေ လုပ်ငန်းခွင်ထဲမှာ အာရုံနှစ်ပြီးလုပ်နိုင်အောင် ဌာနက ဘယ်လောက်များ တာဝန်ယူစောင့်ရှောက်ပေးထားသလဲ။ လက်တွေ့ကွင်းဆင်းကြည့်ရအောင်။ (မြို့ပေါ် မူလတန်းကျောင်းများက ကျောင်းအုပ်နဲ့ ဆရာ ဆရာမများကို မဆိုလိုပါ။) ဆရာမတွေ ကျောင်းကို အချိန်မီရောက်အောင်သွားရတဲ့ ဒုက္ခကစပါတယ်။ လိုင်းကားရှိတဲ့ အရပ်ဆို အခက်အခဲမရှိပေမယ့် လိုင်းကားမပေါက်တဲ့ ဒေသဆို ကြုံရာကျရာကားကို မျက်နှာအောက်ကျို့ လက်ပြတောင်းပန်ပြီး စီးရပါရဲ့။ တချို့ယာဉ်မောင်းက အဖြူအစိမ်းနဲ့တွေ့ရင် သရဲသဘက်နဲ့တွေ့သလို မောင်းပြေးတဲ့ သူနဲ့တွေ့လို့ကတော့ မောပြီပဲ။ ကားပေါ်ကဆင်းတော့လည်း အနည်းဆုံး နာရီဝက်လောက် ခြေကျင်လျှောက်ပြီးမှ ကျောင်းကို ရောက်ရတယ်ဆိုပါတော့။ ဒါက ပွင့်လင်းရာသီမှာပြောတာနော်။

မိုးရာသီရောက်ပြီဆိုရင်တော့ အဆင်မပြေမှုတွေ ပိုပြီး ကြုံရပါတယ်။ ကျောင်းသွားရာလမ်းတစ်လျှောက်မှာ မိုးရေတွေက ဖွေးဖွေးလှုပ်။

ရွာအဝင်လမ်းမှာ ရေတွေက ဒူးလယ်ပေါင်လယ်လောက်ရောက်။ ကျောင်းစိမ်းထဘီကိုမပြီး မလဲမပြိုအောင် စမ်းတဝါးဝါး လျှောက်နေရင်း ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက်ကြည့်သလို ကြည့်နေရသေးတယ်။ မျှော့၊ ကျွတ်နဲ့ မြွေပါးကင်းပါး ရန်ကလွတ်အောင် မျက်စိလျှင်လျှင်ထားနေရတဲ့ စိုးတထိတ်ထိတ် ဒုက္ခတစ်စိတ်တစ်ပိုင်းကို အထက်လူကြီးများသိပါလေစ။

ဒီဒုက္ခတွေငြိမ်းအောင် တာဝန်ကျရာ ကျောင်းမှာနေပါလားလို့ အတွန့်တက်စရာရှိပါတယ်။ နေစရာအိမ် ဘယ်မှာရှိလို့လဲ။ နေစရာအိမ် လုပ်ပေးတယ် ဆိုဦးတော့ ဒီလောက်ဒုစရိုက်မှုတွေ မှိုလိုပေါက်နေတဲ့ ခေတ်ကြီးထဲမှာ ဆရာမတွေအတွက် လုံခြုံမှုရော ရှိပါရဲ့လား။ ဆိုရရင် အဲ့ဒီ ဆရာမနဲ့ တစ်သားတည်းကျနေတဲ့ ကျန်ခဲ့တဲ့ အိမ်က မိသားစုကို ဘယ်သူလာ စောင့်ရှောက်မှာလဲ။ ရင်ဆိုင်ရမယ့် ပြဿနာတွေက တန်းစီးနေတာပါ။ နိုင်ငံတော်က အပိုဆောင်း ပံ့ပိုးတာမရှိတော့ဝတ်စရာ၊ သွားစရာ၊ စားစရာ အစစကုန်ကျစရိတ်တွေက ဒီလစာထဲကပဲ ဖြစ်နေမင့်ဟာကိုး။ ကျူရှင်ဆိုတဲ့ အခြားဝင်ငွေကလည်း မရှိဆိုပြန်တော့။ ကျွန်မတို့ မူလတန်းပြ ဆရာမတွေ ရတဲ့လစာနဲ့ ဘယ်မှာ လောက်ပါတော့မလဲ။ စားဝတ်နေရေး ကျပ်တည်းလာတော့တာပေါ့။ ဘယ့်နှယ်လုပ်ကြမတုံး။ ကျွန်မဆို လုပ်သက်တွေရင့်လာပေမယ့် ကျောင်းဖွင့်ရက်တိုင်း ဝတ်ရတဲ့ ကျောင်းဝတ်စုံ အဖြူအစိမ်းလေးကတော့ ပါးပါးလာပြီး အရောင်ဖျော့ဖျော့သွားတာ အမှန်ပါပဲ။

ကျောင်းကိုရောက်ပြန်တော့လည်း သူငယ်တန်းကနေ စတုတ္ထတန်းအထိ ကျောင်းသားဦးရေက ၈၀ ကျော်။ ကျွန်မနဲ့ ကျောင်းအုပ်နှစ်ယောက်တည်းရှိတာမို့ အတန်းစုံကို ထိရောက်စေ့ငှအောင် သင်ရတာ တော်တော်မောလှပေါ့။ ကလေးအများစုက နွမ်းပါးသူတွေဖြစ်ကြလို့ ကျောင်းတက်မမှန်ကြ။ ကျောင်းတက်ပြန်တော့လည်း စာအုပ်နဲ့ စာရေးကိရိယာကမပြည့်စုံ။ ပညာရေးဌာနက စာရေးကိရိယာတွေပံ့ပိုးပေးတယ်ဆိုတာကလည်း အပယိက သဘောမျိုးလောက်သာဖြစ်တော့ နှစ်ပေါက်အောင် ဘယ်ခံပါ့မလဲ။ လိုအပ်တဲ့ကလေးတွေကို ကျွန်မတို့ ဆရာမတွေကပဲ တတ်နိုင်သလောက် ဖြည့်ဆည်းပေးကြပေမယ့် ဝန်နဲ့အားနဲ့မမျှတာ

ကြောင့် လုံးခြာလိုက်နေတော့တာပါပဲ။

ကလေးတွေကလည်း စာပေသင်ယူရာမှာ စိတ်ဝင်စားမှုနည်းကြတယ်။ မိဘတွေရဲ့လုပ်ငန်းတွေမှာ ကူညီဖို့ အချိန်ပေးရတာများတယ်။ ဆရာမတွေက အာပေါက်အောင် လည်ချောင်းကွဲ အောင် သင်ကြားပေးနေပေမယ့်လည်း တတ်ကျွမ်းမှုက ရွှေ့မတိုး ဒုံရင်းဒုံရင်းသာ ဖြစ်နေတာကလား။ နေဖို့ညစာ အလျင်မီအောင် မနည်းစားနေရလို့ ကလေးတွေက ဉာဏ်ရည်မထက်မြက်တာလည်း ဖြစ်နိုင်တာပေါ့။ ဒီကလေးတွေကို ထူးချွန်ထက်မြက်အောင် စာသင်မပေးနိုင်သူ ကျွန်မတို့ကို အပြစ်တင်မယ်ဆိုရင်လည်း ခံရရုံကလွဲပြီး ဘာမှပြောစရာမရှိပါဘူး။ ကျွန်မတို့ တွေ့ကြုံနေရတဲ့ဒုက္ခကို လူတိုင်းက သိတာမှမဟုတ်တာ။ သိရင်လည်း မသိချင်ယောင်ဆောင်နေကြတာပဲမဟုတ်လား။ ဒီကြားထဲကျောင်းကို လာစစ်တဲ့လက်ထောက်မြို့နယ်ပညာရေးမှူးက ကလေးတွေကို စာတတ်အောင်မသင်ရကောင်းလားလို့ဆိုပြီး အအော်အငေါက်ခံရတာကရှိသေး။ ကလေးတွေစာတတ်အောင် သူကိုယ်တိုင်ဝင်သင်ကြည့်ပါလားလို့ ပြောလိုက်ချင်ပါရဲ့။

ဒီ့အပြင် (က) စာရင်း (ကျောင်းခေါ်ကြိမ်) စစ်လိုက် (ခ) စာရင်း (ကျောင်းဝင်မှတ်ပုံတင်) စစ်လိုက်၊ အသေးသုံးငွေစာရင်းစစ်လိုက်နဲ့ ပုံမှန်မဟုတ်တဲ့ ရစ်တာညစ်တာကရှိသေး။ သူတို့လာတော့လည်း ဧည့်ခံကျွေးမွေးရ လမ်းစရိတ်ကန်တော့ရနဲ့ ကျွန်မတို့တစ်ခဲတွေမှာ ပန်းကြရပြီလေ။ ထုတ်ပေးထားတဲ့ အသေးသုံးရန်ပုံငွေကလည်း ကျောင်းမှာတစ်နှစ်လုံးဝယ်သုံးရတဲ့ သောက်ရေအိုး၊ မြေဖြူဖိုးနဲ့တံမျက်စည်းဖိုးတောင် အနိုင်နိုင်ရယ်။ ပြီးတော့ ကျွန်မတို့မူလတန်းကျောင်းတွေက ရုံးလုပ်ငန်းနဲ့ပတ်သက်လာရင် မြို့နယ်ပညာရေးမှူးရုံးနဲ့ မဖြစ်မနေဆက်ဆံရပြန်ရော။ အဲဒီရုံးက စာရေးကြီး၊ စာရေးလေးတွေနဲ့ အောက်ဆုံး ရုံးလုလင်ကအစ ဘာတွေများ ထူးချွန်နေလို့ ဘဝင်လေဟပ်နေတယ် မသိပါဘူး။ နယ်ကမူလတန်းကျောင်းအုပ်နဲ့ ဆရာ၊ ဆရာမတွေကိုဆက်ဆံရာမှာ မတူသလိုမတန်သလိုမောက်မာလွန်းပါတယ်။ ကျွန်မတို့ကိုခေါ်ပြောတဲ့ မျက်နှာပေးနဲ့မြို့ပေါ်က ဆရာ၊ ဆရာမတွေကို ခေါ်ပြောတဲ့ မျက်နှာပေးက အများကြီး ကွာပါတယ်။ မူလတန်းကျောင်းချင်း တူရင်တောင် မြို့ပေါ်က နာမည်ကြီး

လျှမ်းလျှမ်းတောက် ကျောင်းတွေက မြို့နယ်ရုံးနဲ့ ရွှေလမ်းငွေလမ်းခင်းနိုင်တာဆိုတော့ သူလို့ချင်း ဆက်ဆံတဲ့ပုံစံက ပန်းခင်းလမ်းလို ချောမွေ့နေတာပေါ့။

ဒါတင်ကရိုးလား ကျွန်မတို့ ကျေးလက်မူလတန်းကျောင်းတွေမှာ မဖြစ်နိုင်တာ မလုပ်နိုင်တာကိုခိုင်းပြီး ဖြစ်မလာခဲ့ရင် ကျောင်းအုပ်ကြီးတွေမှာ စွမ်းဆောင်ရည်မရှိရကောင်းလားဆိုပြီး လူပုံအလယ်မှာအဆူခံ၊ အပြောခံရတာက ရှိသေး။ လုပ်နိုင်တာကို တာဝန်ကျေအောင် မလုပ်နိုင်တာနဲ့ မလုပ်နိုင်တာကို တာဝန်ပေးတာ မတူပါဘူး။ အဲ့သဟာ အပေါက်ပါတဲ့ရေဘူးနဲ့ ရေခပ်နိုင်သလို ဖြစ်နေတာကလား။ နို့ပေသိ သူတို့ခိုင်းစရာရှိပြီဆိုရင် ကျွန်မတို့ မူလတန်းဆရာမတွေကို ကျောသပ်ရင်သပ်နဲ့ မျက်နှာချိုသွေးတာကရှိပြန်တော့ ခံရခက်ပေမယ့်လည်း အသားကျသလို ဖြစ်နေမင့်တာကိုး။

ပညာရေးတိုးတက်စေချင်ရင် မူလတန်းပညာရေး အခြေခိုင်မှဖြစ်မှာပါ။ မူလတန်းပညာရေးကို ထောက်ထောက်ခံဖြစ်ဖို့ လိုပါလိမ့်မယ်။ ပညာသင်ယူရမယ့် မူလတန်းကလေးတွေ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှုရှိဖို့ အာဟာရအထောက်အပံ့တွေပေးရမှာပါ။ အဲဒီကလေးတွေကို ဟန်ဆောင်ပန်းဆောင်နဲ့ နွားနို့တိုက်ပြလို့မရပါ။ တစ်ပြည်လုံး အတိုင်းအတာနဲ့ ရေရှည်တိုက်ကျွေးဖို့ လိုပါတယ်။ ကလေးများ ကျန်းမာရေးကောင်းပြီး စိတ်လက်ချမ်းသာစွာ ပညာသင်ယူနိုင်ဖို့ မိုးလုံလေလုံစာသင်ကျောင်းတွေလည်း လိုအပ်တယ်။

သင်ကြားရေးမှာ ထိရောက်အောင်မြင်စေဖို့ ဆရာ၊ ဆရာမ အင်အား လုံလောက်အောင် ဖြည့်တင်းပေးရပါမယ်။ မူလတန်းဆရာ၊ ဆရာမတွေဟာ များသောအားဖြင့် ဆင်းရဲချို့တဲ့နွမ်းပါးလှပါတယ်။ (မြို့ပေါ်က ဆရာမများ မပါဝင်ပါ) လုပ်ငန်းခွင်မှာ စွဲစွဲမြဲမြဲနဲ့ နောက်ဆံမတင်းဘဲ အာရုံနစ်ပြီး အလုပ်လုပ်နိုင်အောင် နိုင်ငံတော်အစိုးရက ထိုက်သင့်သလို အထောက်အပံ့ပေးနိုင်မယ့်အချက်တွေ စဉ်းစားဖို့လိုပါလိမ့်မယ်။

ဒီလိုမှ မလုပ်နိုင်ရင်တော့ အသားကျလည်ပတ်နေတဲ့ ပညာရေးစနစ်ယောင်းကြီးထဲက ရုန်းထွက်နိုင်ဖို့ ခက်ခဲနေဦးမှာပဲ။ သို့ကလို ကျွန်မတို့ မူလတန်းပြဆရာမတွေရဲ့ ဘဝကလည်း အနေအထားချင်းမတူတဲ့

ပညာရေးဝဲဂယက်ကြီးထဲမှာ ကူကယ်မယ့်သူမရှိဘဲ ဖိုးသိုးဖတ်သတ်နဲ့ မျှောချင်တိုင်းမျှောနေကြဦးမယ်ဆိုရင် ဘယ်နှယ့်လုပ်ကြမတုံး။

၂၀၁၆ ဇူလိုင် ၂၁ ရက် နံနက်က နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းမှာကျင်းပခဲ့တဲ့ ပညာရေးမြှင့်တင်မှုအကောင်အထည် ဖော်ရေးနှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ)အခမ်းအနားမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ပြီး မိန့်ခွန်းချွေခဲ့တယ်လို့ သိရပါတယ်။

မူလတန်းပညာဆိုတာ အင်မတန်မှ အရေးကြီးကြောင်း၊ မူလတန်း သင် ဆရာ၊ ဆရာမတွေဟာ အထက်တန်းဆင့် ဆရာ၊ ဆရာမတွေထက် ပိုမိုခက်ခဲအရေးပါတဲ့ တာဝန်ကို ယူထားရကြောင်း၊ နိုင်ငံအချို့မှာ မူလ တန်းအဆင့် ဆရာ၊ ဆရာမတွေကို အထက်တန်းဆင့် ဆရာ၊ ဆရာမ တွေထက်ပိုမိုများပြားတဲ့ လစာပမာဏကို ပေးလေ့ရှိကြောင်း၊ မြန်မာနိုင်ငံ မှာ မူလတန်းသင် ဆရာ၊ ဆရာမတွေအပေါ် တန်ဖိုးမထားမှုများ ရှိနေ ကြောင်းကို ထုတ်ဖော်ပြောဆို ထောက်ပြခဲ့ပါတယ်။ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ မြွက်ဆိုချက်တွေဟာ ကျွန်မတို့လို မူလတန်းပြ ဆရာ၊ ဆရာမ တွေအတွက် တစ်ခေတ်ဆန်းစေမယ့် အရုဏ်ဦးရောက်လုနီးပါပေါ့လား လို့ ဆိုရမလားပဲ။

ခုနေခါ အဲ့ဒီမျှော်လင့်ချက် အရုဏ်ဦးမရောက်မီ စပ်ကူးမတ်ကူး ကြားကာလ ပညာရေးအမှောင်လမ်းထဲမှာ စမ်းတဝါးဝါး လျှောက်လှမ်း နေရတဲ့ ကျွန်မတို့ မူလတန်းပြဆရာမတွေကို ဘယ်သူလာကူပါ့မလဲလို့ မျှော်လင့်နေပါရစေလားရှင်။

■



# ကိုသောင်း(ပညာရေး) ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်း ဦးဇော်ဝင်း ဖြစ်သည်။

၁၉၇၂ခုနှစ် အောက်တိုဘာလမှစ၍ မန္တလေးတိုင်း မိတ္ထီလာမြို့နယ် တပ်မြေအမကတွင် မူလတန်းပြဆရာအဖြစ် စတင်ထမ်းဆောင်ခဲ့သည်။

၁၉၇၈ခုနှစ်၌ ရန်ကုန်တက္ကသိုလ်မှ B.A ဘွဲ့ရရှိခဲ့ပြီး ၁၉၈၄ ခုနှစ်၌ ရန်ကုန်ပညာရေးတက္ကသိုလ်မှ B.Ed ဘွဲ့ရရှိခဲ့သည်။

အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်၊ မြို့နယ်ပညာရေးမှူးနှင့် အထက်ရာထူးများကို ထမ်းဆောင်ခဲ့သည်။

လုပ်သက် အနှစ် ၄၀ အတွင်း မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ကျေးလက်ဒေသမကျန် တာဝန်ထမ်းဆောင်ခဲ့ရသည်။

၂၀၁၀ ခုနှစ်တွင် မန္တလေးမြို့ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူခဲ့ပြီးနောက် ရန်ကုန်မြို့ရှိ ပုဂ္ဂလိကအထက်တန်းကျောင်းများတွင် ကျောင်းအုပ်ကြီးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

စံတော်ချိန်သတင်းစာ၊ ကြေးမုံသတင်းစာ၊ The Voice Daily သတင်းစာ၊ ဟစ်တိုင်ဂျာနယ်၊ Education Digest Journal၊ New Watch Journal၊ ဓမ္မဝိရဂျာနယ်နှင့် သမားတော်မဂ္ဂဇင်းများတွင် ဝါသနာအလျောက် ဘာသာရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးနှင့် ဝတ္ထုတိုများကို ရေးသားလျက်ရှိသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင် နေထိုင်ရင်း ပုဂ္ဂလိက ပညာရေးလုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်လျက် စာတိုပေစများ ရေးသားကာ သိပ်မကျန်တော့သည့် ဘဝနေဝင်ချိန်များကို ဖြတ်သန်းနေပါသည်။



- အသက်ရယ်တဲ့ ရှည်စေလို
- ပယင်းရောင် ယဉ်ကျေးမှု
- မြူးကြွသည့် ဂီတသံ
- သေမင်းနဲ့ ရင်ဆိုင်
  ယှဉ်ပြိုင်ရင် နိုင်မယ်တဲ့လား
- ရပ်ကွက်ထဲမှာ ဒီမိုကရေစီ
- ရင်ထဲက လူရည်ချွန်
- လမ်းပေါ်က အနီးဆုံးရန်သူ
- ကိုယ့်ဘဝခရီး ဘယ်သူလာကူပါ့မယ်
- ကျွန်မက မူလတန်းပြ ဆရာမပါ မောင်